ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 27 November 2024 ၁၁၆၅၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနှမ်းကို လျာထားစိုက်ကေထက် ကျော်လွန်စိုက်ပျိုးပြီးဖြစ်

ပွင့်ဖြူ နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားသုံးဆီဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားရေးအတွက် ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး ၁၂၁၄၂ ဧက စိုက်ပျိုးရန်လျာထားရာ ယနေ့အထိ ၁၅၂၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ သတ်မှတ်စိုက်ကေထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪




# ပဲခူးမြို့၌ အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိ

ပဲခူး နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကိုရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သော ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥများကို ယမန်နေ့ညနေပိုင်းတွင် ပဲခူးမြို့ပေါ်ရှိ ရပ်ကွက်များသို့ သွားရောက်၍ ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✯

## ယနေ့ ဖတ်စရာ

၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့တွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၆၉၄ တွဲ ရောင်းချနိုင်ခဲ့



စာမျက်နှာ » ၃

စာပေကျေးဇူး၊ စာဆိုတော်များ၏ကျေးဇူးကို အထူးပြုသည့် (၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် စာပေဆုများချီးမြှင့်ပွဲ

ဆောင်းပါး စာမျက်နှာ » ၆

ရာသီဥတုအညွှန်းကိန်းသီးနှံအာမခံလုပ်ငန်း ရေကြီးနစ်မြုပ်ပျက်စီးခြင်းအတွက် လျော်ကြေးငွေကျပ် ၁၂၉ ဒသမ ၃၆၀ သန်းပေးအပ်

စာမျက်နှာ » ၉

ပွဲတော်အတွင်း ပြိုင်ပွဲတွေအလိုက် အားကစားနည်းစုံလင်စွာပါဝင်ပြီး ကိုယ်စားပြုအားကစားသမားတွေက အားသွန်ခွန်စိုက်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် လာရောက်ကြည့်ရှုကြဖို့ ဖိတ်ခေါ်ပါတယ်

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၇

ကြေးမုံ

# ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စည်းလုံးညီညွတ်မှုဖြင့်ကြိုးပမ်း

မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လက်နက်ကိုင်သောင်းကျန်းမှုများမှအစပြု၍ မငြိမ်းချမ်းသောအခြေအနေများနှင့် ကြုံတွေ့လာရသည်မှာ နှစ်ပေါင်း ၇၀ ကျော်ပြီဖြစ်သည်။ ခေတ်အဆက်ဆက် အစိုးရများက ပြည်တွင်းငြိမ်းချမ်းရေးကို နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြသော်လည်း လူမျိုးစွဲ၊ ဝါဒစွဲ၊ မာနစွဲ၊ အတ္တစွဲများကြောင့် ငြိမ်းချမ်းရေးသည် ရောင်နီသန်းလိုက်၊ ပျောက်ကွယ်လိုက်ဖြင့် အလှမ်းဝေးနေသည်မှာ တိုင်းပြည်အတွက်နစ်နာလှသည်။

"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိ ပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပါသည်။ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ နားလည်စာနာခြင်းတို့ဖြင့် တစ်ဦးနှင့်တစ်ဦးအကြား ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေပြီး နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခများကို လျှော့ချကာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။ ယုံကြည်မှုအပေါ် အခြေခံသောဆက်ဆံရေးသည် စိန်ခေါ်မှုများစွာကို အတူတကွ ဖြေရှင်းနိုင်ပြီး အဆုံး၌ ပိုမိုသဟဇာတရှိသော အတူတကွယှဉ်တွဲနေထိုင်ရေးကို ဦးတည်စေကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖြစ်ထွန်းစေပါသည်"ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

ငြိမ်းချမ်းရေးသည် 'လာချင်လျှင် အနီးလေး၊ မလာချင်လျှင် ခရီးဝေး' ဟု မြန်မာတို့ဆိုကြသည့်အတိုင်း ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသည့် စိတ်ဓာတ်ပြင်းပြမှုအခြေအနေနှင့် အခြားအကြောင်းအမျိုးမျိုးတို့ကြောင့် ခရီးဝေးနေသေးသည်ဟု ဆိုချင်ပါသည်။ မငြိမ်းချမ်းသောအခြေအနေများကြောင့် ပြည်သူများအားလုံး စိုးရိမ်ကြောင့်ကြပူပန်မှုများစွာဖြင့် နေထိုင်ကြရသည့် အခြေအနေများကို အားလုံးသိရှိကြပြီးဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းသောနည်းဖြင့် အဖြေရှာကာ မိမိဒေသ၊ မိမိလူမျိုးကောင်းကျိုးကို ဆောင်ကြဉ်းပေးကြရမည်ဖြစ်သည်။

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းနေမည်ဆိုပါက လွတ်လပ်သောနိုင်ငံတွင် နေထိုင်ရသော်လည်း မငြိမ်းချမ်းသောဘဝတွင် ဆင်းရဲစွာနေထိုင်ရသည့် ဘဝအခြေအနေမျိုး ရောက်နေမည်။ လွတ်လပ်သောနိုင်ငံဖြစ်သော်လည်း မရေရာသောဘဝများတွင် နေထိုင်ရသည့်အဖြစ်မျိုးသို့မရောက်အောင် အားလုံးတွင် တာဝန်ရှိပေသည်။ နောင်မျိုးဆက်များကို ငြိမ်းချမ်းသောဘဝများတွင် အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေး သမိုင်းတွင်ရစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရန်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အန္တရာယ်မဖြစ်အောင် သတိမူကြရမည်ဖြစ်သည်။

တပ်မတော်သည် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲခြင်းကို အကြိမ်ကြိမ်ဆောင်ရွက်ပေးခဲ့ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိသည်။ NCA စာချုပ်သည် ငြိမ်းချမ်းရေးအတွက် သမိုင်းဝင်သည့်စာချုပ်ဖြစ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး လေးစားလိုက်နာရန်လိုသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှ ရရှိလာသည့် သဘောထားမှတ်ချက်များကို နောင်ပေါ်ပေါက်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင် ဆောင်ရွက်နိုင်ခဲ့သည်။

ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်နိုင်အောင် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ယခုအချိန်သည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအချင်းချင်း ယုံမှားသံသယကင်းရှင်းပြီး မလိုလားအပ်သည့် အယူဝါဒများ ပယ်ဖျောက်ကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်လေးစား ချစ်ခင်မှုများနှင့် ပါဝင်လက်တွဲ၍ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်ကြရမည့် အချိန်အခါဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာပေါ်တွင် နှစ်ပေါင်းအရှည်ကြာဆုံး မငြိမ်းချမ်းသည့်နိုင်ငံဖြစ်ပေါ်နေသည်မှာ ဂုဏ်ယူစရာမဟုတ်ပေ။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်ကို ဆင်ခြင်ပြီး သဟဇာတဖြစ်သည့် ယုံကြည်မှုအပေါ် အခြေခံကာ တစ်ဦးနှင့် တစ်ဦး အပြန်အလှန်လေးစားမှုဖြင့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်မည်ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ဖြင့် ဂုဏ်ယူဖွယ်ရာကောင်းသည့် အေးချမ်းသာယာဝပြောသော ပြည်ထောင်စုကြီးပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၆

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ကျင်းပမည့် သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဆရာကန်တော့ပွဲနှင့် အသက် ၈၀ နှင့်အထက် အသင်းဝင်ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းများအသင်း ဂုဏ်ထူးဆောင်အသင်းဝင်များဖြစ်သည့် ဦးအောင်လင်း - ဒေါ်ခင်သန်းနွဲ့၊ ပဒုမ္မာရွှေကြာဆေးတိုက်( ဆရာခို/ ဓောခံဓ) တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစုက အလှူငွေကျပ် ၁၀ သိန်း၊ ဒေါ်နန်းဆန်ခမ်း (တောင်ကြီး)က အလှူငွေကျပ် တစ်သိန်း၊ (ဦးဝင်းထိန်) ငွေစာရင်းအရာရှိ (ငြိမ်း) အားရည်စူး၍ ညီအစ်မနှစ်ဦးဖြစ်သည့် ဒေါ်သန်းသန်းငြိမ်း၊ ဒေါ်မြမြဦး (USA) တို့က အလှူငွေကျပ်လေးသိန်း၊ ဦးစိုးသန်းထွန်း (ဗဟန်းမြို့နယ်



မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌ)- ဒေါ်ခင်မေသန်း (ပွင့်သစ်ဆန်း) က အလှူငွေကျပ်တစ်သိန်းနှင့် အလုံမြို့နေ ဦးမိုးယုဝင်းက အလှူငွေကျပ်ငါးသောင်း စုစုပေါင်း အလှူငွေကျပ် ၁၆၅၀၀၀၀ ကို ယနေ့ နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် Yangon Ambience Restaurant ၌ လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ (မြင့်ဆွေဦး) နှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**အေးသန်း (စိန်တုံးကြီး)**

■

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ - ၁၁ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၂,၀၃၄ | ၁၇,၀၉၁,၂၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၀၀ | ၃,၅၆၅ | ၁၁,၅၈၈,၅၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁၇ | ၁၄၂,၈၀၀ |
| FPB | ၁,၉၅၀ | ၂,၀၀၀ | ၁,၁၆၆ | ၂,၂၇၆,၇၀၀ |
| TMH | ၃,၁၅၀ | ၃,၁၀၀ | ၁၀၉ | ၃၄၃,၀၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁,၄၂၅ | ၂,၄၉၄,၀၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၃၈၀ | ၁,၇၁၀,၀၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁,၀၅၃ | ၃,၄၂၂,၂၅၀ |
| MADPL(PLB) | ၃,၄၀၀ | ၃,၄၀၀ | ၇၀ | ၂၃၈,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့တွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၆၉၄ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်ရည်ရွယ်၍ ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၃၃၁၀) မှ(၄၀၅၉) အထိ အတွဲပေါင်း ၇၅၀ အတွက် ပြည်တွင်း ရတနာကုန်သည်များက ပြပွဲအဋ္ဌမနေ့တွင် ဈေးနှုန်းတင်သွင်းလွှာများ တင်သွင်းခဲ့ကြပြီး ပြပွဲနဝမနေ့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၆၉၄ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာသည်။

**စိတ်ကြိုက်လေ့လာကြည့်ရှု**

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၄၀၆၀) မှ (၄၈၀၀) ထိ ကျောက်စိမ်းအတွဲပေါင်း ၇၄၁ တွဲကို ပြည်တွင်းရတနာကုန်သည်များက စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့ နံနက်ပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများအား ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးနေမှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများအား ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**ရောင်းချပေးနိုင်ခဲ့**

မွန်းလွဲပိုင်းတွင် ကျောက်စိမ်းအတွဲအမှတ် (၄၀၆၀) မှ (၄၈၀၀) အထိ တင်သွင်းထားသောဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၇ ရက်တွင် ကြေညာသွားမည်ဖြစ်သည်။



ကျောက်စိမ်း အတွဲများအား ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးနေမှုကို တွေ့ရစဉ်။

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၀၈ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲ၊ အုပ်စု (အေနှင့်ဘီ) မှ ကျောက်စိမ်းအတွဲ ၁၈၂၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့သည့်အပြင် ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူရမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၄၂၉ တွဲတို့ကို ရောင်းချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**✪ ရွှေဖုံးမှ**

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တစ်မြို့နယ်လုံး ဆီထွက်သီးနှံနှမ်းစိုက်ဧက ၁၂၁၄၂ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧကပြည့်မီစေရန် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ နှမ်းစိုက်ဧက ၁၅၂၉၂ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်၍ လျာထားစိုက်ဧကထက် ပိုမိုကျော်လွန် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီစားသုံးမှု ဖူလုံပိုလျှံစေဖို့၊ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့နဲ့ ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေဖို့အတွက် ရည်ရွယ်ပြီး ဆီထွက်သီးနှံ နှမ်းကို ၁၂၁၄၂ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ ဒီနေ့ထိ ၁၅၂၉၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ဆီထွက်သီးနှံများ စိုက်ပျိုးခြင်းနဲ့ပတ်သက်ပြီး ပန်းတိုင်အထွက်နှုန်းများရရှိအောင် ပေါင်ကြီးတင်စနစ် စိုက်ပျိုးနည်းပညာတွေ အသုံးပြုကြဖို့၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲကြဖို့နဲ့ ပိုးမွှား ရောဂါ မကျရောက်အောင် ကြိုတင်ကာကွယ်နှိမ်နင်းရေး နည်းပညာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးရာတွင် လျာထားစိုက်ဧကပြည့်မီစေရေး၊ အရည်အသွေးကောင်းသော သီးနှံအထွက်နှုန်းများရရှိရေး၊ စိုက်ပျိုးရေး သွင်းအားစုများ စနစ်တကျသုံးစွဲရေးစသည့် တောင်သူပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့သဖြင့် နှမ်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

**အောင်မြင်ဖြစ်ထွန်းလျက်ရှိ**

ပွင့်ဖြူမြို့နယ်အတွင်းရှိဒေသခံတောင်သူများသည် ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးရေးကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ အဓိကစိုက်ပျိုးသည့် နှမ်းမျိုးမှာ နှမ်းဖြူ၊ စမုန်နက်နှမ်းမျိုးနှင့် သိပ္ပံနှမ်းနက်တို့ကို စိုက်ပျိုးကြကြောင်းနှင့် ယခုအခါ တောင်သူများ အားထားစိုက်ပျိုးခဲ့သည့် ဆောင်းနှမ်းစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )**

**☆ ပဲခူးမြို့မှ**

စားသောက်ကုန်ပစ္စည်းများရောင်းချရာတွင် ဆန်တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ နှုန်း၊ စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၆၀၀ နှုန်း၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၃၀ နှုန်း၊ ဘဲဥတစ်လုံးလျှင် ငွေကျပ်၄၅၀ နှုန်းဖြင့် ပဲခူးမြို့ပေါ်ရပ်ကွက်များဖြစ်သည့် မြို့သစ်(င)ရပ်ကွက်၊ ကျွန်းသာယာရပ်ကွက်၊ ကလျာဏီရပ်ကွက်၊ ရွာသစ်ရပ်ကွက်၊ ကျောက်ကြီးစုရပ်ကွက်တို့သို့သွားရောက်၍ ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် အဆိုပါ စားသောက်ကုန်ပစ္စည်းများအား နေ့စဉ် ပဲခူးမြို့ပေါ်ရှိ ရပ်ကွက်များသို့ ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် နေပြည်တော်ကောင်စီနယ်မြေအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





**နေပြည်တော် နိုဝင်ဘာ ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**အလေးထားဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇)ရှိ နဝင်းချောင်းတံတား(အဆုံ) လုပ်ငန်းခွင်အတွင်းသို့ ရောက်ရှိစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တံတားရေတိုက်စားမှုမရှိစေရေး စနစ်တကျတွက်ချက်၍ မြေထိန်းနံရံ၊ မြေကာနံရံများ အခိုင်အမာတည်ဆောက်ရန်၊ လုပ်ငန်းများ သတ်မှတ်ချက်နှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ကင်းသာလမ်းဆုံသို့ ရောက်ရှိပြီး ရေတိုက်စား၍ပျက်စီးခဲ့သည့် လမ်းအပိုင်းအား ပြုပြင်ဆောင်ရွက်ထားရှိမှု၊ လမ်းပခုံးများနှင့် မြေထိန်းနံရံအနိမ့် (Toe Wall) များ ဆောင်ရွက်ပြီးစီးမှု၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေထုတ်မြောင်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား(သိုက်ချောင်း)သို့ ရောက်ရှိစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားကာ ရေလယ်တိုင်နိမ့်ကျသည့်အပိုင်းကို အဆင့်ဆင့်လုပ်ငန်းဆောင်ရွက်နေမှု၊ တံတားရက်မနှင့်ကြမ်းခင်းများ ဆောင်ရွက်နေမှု၊ အခိုင်အမာချဉ်းကပ်လမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။(**အပေါ်ဝဲပုံ**)

အခမ်းအနားတွင် လမ်းပန်းဆက်သွယ်ရေးနှင့် မြို့ပြဆိုင်ရာလိုအပ်ချက် တာဝန်များကို ကိုယ်ရောစိတ်ပါ စေတနာထား၍ တာဝန် ထမ်းဆောင်ခဲ့သူများ၊ အလုပ်တာဝန်များကို တာဝန်သိစိတ်ဖြင့် ကျေပွန်စွာကြိုးစားတာဝန်ထမ်းဆောင်ခဲ့သူများနှင့် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်ရှိ သင်တန်းများတွင် တက်ရာက်ပြီး ဝန်ကြီးဌာန၏ ဂုဏ်တက်စေရေး ထူးချွန်ဆုရရှိအောင် ကြိုးစားခဲ့သူများကို ဂုဏ်ပြုဆုများချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာအား အရာထမ်း/အမှုထမ်းများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဉ္စမအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲ ကျင်းပ









**နေပြည်တော် နိုဝင်ဘာ ၂၆**

အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသော ပဉ္စမအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (5th ASEAN Ministerial Meeting on Women – 5th AMMW and Related Meetings)၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် M.Gallery ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပဉ္စမအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးအဆင့် အစည်းအဝေးအလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်၊ အာဆီယံအမျိုးသမီးကော်မတီ (ACW)နှင့် အာဆီယံအမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင် (ACWC) ကိုယ်စားလှယ်များ၊ ဖွင့်ပွဲအခမ်းအနား ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျား၊ မ ရေးရာ ထည့်သွင်းစဉ်းစားခြင်းနှင့်အမျိုးသမီးများ၏စွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့သည် ယခုအစည်းအဝေး၏ ရည်မှန်းချက်များသာမက မိမိတို့အာဆီယံဒေသတွင် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးတရားမျှတမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ရရှိရန်အတွက် မရှိမဖြစ်လိုအပ်သော မဟာဗျူဟာများ ဖြစ်ပါကြောင်း။

ထို့ပြင် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ သည် ငြိမ်းချမ်းပြီး အားလုံးပါဝင်နိုင်သော၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ဒေသတစ်ခုဆီသို့ ဦးတည်သည့်လမ်းကြောင်းကို ရေးဆွဲထားပြီး ကျား၊ မ တန်းတူညီမျှရေးကို ရည်မှန်းချက်များ၏ အခြေခံအဖြစ်ထားရှိသည်ကို တွေ့ရပါကြောင်း။

အာဆီယံအမျိုးသမီးကော်မတီ (ACW)နှင့် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်(ACWC)တို့သည် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများကို အထောက်အကူပြုသောလုပ်ငန်းစဉ်များကို မောင်းနှင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ခဲ့ပြီး ၎င်းတို့၏လုပ်ငန်းစီမံချက်များနှင့် ဆောင်ရွက်ချက်များသည် မိမိတို့ဒေသတွင် သိသာထင်ရှားသော တိုးတက်မှုအတွက် အခြေခံအုတ်မြစ်ကို ချမှတ်ပေးနိုင်ခဲ့ပါကြောင်း။

လာမည့်ရက်များတွင် ဆက်လက်ကျင်းပမည့် အစည်းအဝေးများမှ ထွက်ပေါ်လာမည့် ဆွေးနွေးမှုများသည် ပိုမိုအကျိုးဖြစ်ထွန်းစေမည့် ရလဒ်များ ရရှိမည်ဟု မျှော်လင့်မိပါကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံဒုတိယအတွင်းရေးမှူးချုပ် ဦးစံလွင်က video message ဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ (၂၉)ကြိမ်မြောက် အာဆီယံကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်အစည်းအဝေး၊ (၁၁) ကြိမ်မြောက် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးကော်မရှင် အစည်းအဝေးနှင့် အာဆီယံအမျိုးသမီးကော်မတီညှိနှိုင်းအစည်းအဝေး၊ (၂၃)ကြိမ်မြောက် အာဆီယံ အမျိုးသမီးကော်မတီ အစည်းအဝေး၊ (၁၆) ကြိမ်မြောက် အာဆီယံအမျိုးသမီးကော်မတီနှင့် အာဆီယံ+၃ နိုင်ငံများအစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးများအဆင့် အစည်းအဝေးတို့ကို နိုဝင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပိုင်း ပြုပြင်နေမှုများ စစ်ဆေး



**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပိုင်း မိုင်တိုင်အမှတ် ၄၇/၁ မိုင်မှ ၄၇/၃ မိုင်အကြား လမ်းနှင့် လမ်းတာပေါင်များ ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နေသည့် လုပ်ငန်းများကို သွားရောက်စစ်ဆေးခဲ့ကြသည်။

လမ်းပိုင်းပြုပြင်မှုများ စစ်ဆေးရာသို့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုး၊ မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင့်လွင်နှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြောင်း သိရသည်။

**လမ်းညွှန်မှာကြား**

ဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါလမ်းပိုင်းမှ အလျား ပေ ၈၁၀၊ အမြင့် ၅၅ ပေ၊ အကျယ် ၄၁ ပေရှိ Gabion box နှင့် Terramesh များအသုံးပြု၍ Soft Type မြေကာနံရံ/မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်နေသော တောင်ပေါ်ဒေသဆောက်လုပ်ရေးကုမ္ပဏီမှ ဦးစိုးထွန်းလင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ ကြောင်း သိရသည်။

**မောင်အေးချမ်း**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ လေ့ကျင့်နေမှု ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားပိုက်ကျော်ခြင်းအသင်း အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ အမျိုးသားဘော်လီဘောအသင်း အားကစားသမားများနှင့် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်အသင်းအားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထိုသို့ ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက အားကစားသမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အသင်းအဖွဲ့စိတ်ဓာတ်၊ အားကစားစိတ်ဓာတ်ဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများဖြစ်အောင် အလေးထားကြိုးစားလေ့ကျင့်သွားရန် မှာကြားပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားစုစုပေါင်း ၉၀ က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အမျိုးသားဘောလုံး၊ အမျိုးသားဘော်လီဘော၊ အမျိုးသားပိုက်ကျော်ခြင်း၊ အမျိုးသား/ အမျိုးသမီး ပြေးခုန်ပစ်နှင့် အမျိုးသားဂေါက်သီးရိုက်စသည့် အားကစားနည်း ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအုပ်စု “သုခရတနာ”စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအုပ်စု “သုခရတနာ” စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာရေးဆရာဆရာမများ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးမြင့်စိုးနှင့် ဦးမင်းဦး၊ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်တို့က “သုခရတနာ” စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပန်းဖွားအကဖြင့် ဖျော်ဖြေကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး စာကြည့်တိုက်အတွင်း ပခုက္ကူတစ်သက်တာစာပေဆုရ စာရေးဆရာမကြီး တင်ရီမ(ညောင်ဦး)နှင့် လူငယ်လူရွယ်များ စာပေဖတ်ရှုဆွေးနွေးနေမှု၊ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပုဗ္ဗသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို ကျည်တောင်ကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်ကာ ပခုက္ကူတစ်သက်တာစာပေဆုရ စာရေးဆရာမကြီး တင်ရီမ(ညောင်ဦး)၊ မေချို(ပျဉ်းမနား)၊ နေပြည်တော် စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးလင်းထွဋ်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ “သုခရတနာ”စာကြည့်တိုက်မှူးက လက်ခံရယူသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျည်တောင်ကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် ပင်လောင်းလမ်းဘေး အေးမြင့်သာယာကွင်း အမှတ်(၁၆၂၄)၌ ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေးအတွက် စက်ယန္တရားများဖြင့် မြေပြုပြင်ပေးနေမှု၊ ပင်လောင်းလမ်းဘေး ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများ၊ ဘဲကုန်းကျေးရွာ ကွင်းအမှတ် ၁၆၂၃(က)ကွင်း၌ စက်ရေတွင်းအမှတ်(၅)မှ Solar System & Rain Gun System ဖြင့် စိုက်ပျိုးရေပေးဝေခြင်း လုပ်ငန်းများ၊ ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းဘေးရှိအိုမားအသင့်စားခေါက်ဆွဲခြောက်ထုတ်လုပ်ခြင်း လုပ်ငန်းတွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**



နိုင်ငံတကာ “ရောင်စုံကမ္ဘာ” လူငယ်များ ဖိတ်ခေါ်ပန်းချီပြိုင်ပွဲတွင် မြန်မာနိုင်ငံမှပြိုင်ပွဲဝင် မောင်သစ်ထူးညာဏ်၏လက်ရာ ပထမဆုရ ပန်းချီကား။

# 2024 Colourful World အမည်ဖြင့် ကျင်းပသည့် “International Youth Painting Invitational Exhibition; Awarding and Opening Ceremonies” တွင် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ ဆုများရရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ 2024 Colourful World အမည်ဖြင့် ကျင်းပသည့် “International Youth Painting Invitational Exhibition; Awarding and Opening Ceremonies” တွင် မြန်မာ–တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ဆုများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၏ အသက် ၇ နှစ်မှ ၁၂ နှစ်အထိ အုပ်စုတွင် G–4 ကျောင်းသား မောင်သစ်ထူးညာဏ်က ပထမဆု၊ အသက် ၁၃ နှစ်မှ ၁၈ နှစ်အထိ အုပ်စုတွင် G–9 ကျောင်းသား မောင်ဖုန်းမြတ်စံက ဒုတိယဆုနှင့် G–9 ကျောင်းသား မောင်မင်းစစ်ပိုင်၊ G–8 ကျောင်းသား မောင်ပြည့်ဖြိုးဟိန်းနှင့် ပန်းချီပညာသင်ကျောင်းမှ မဇူးဇူးလှိုင်တို့က တတိယဆုတို့ကို ရရှိခဲ့သည်။

အဆိုပါ “International Youth Painting Invitational Exhibition; Awarding and Opening Ceremonies” ကို နိုဝင်ဘာ ၂၃ ရက်က ပေကျင်းပြည်သူ့နိုင်ငံခြားတိုင်းပြည်များနှင့် ချစ်ကြည်ရေးအသင်း (BPAFFC)နှင့် Beijing Association for Science and Technology, Overseas Chinese Affairs Office of Beijing Municipal Government, Beijing Women’s Federation တို့ ပူးပေါင်းစီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နိုင်ငံပေါင်း ၆၄ နိုင်ငံမှ ကျောင်းသား ကျောင်းသူ ၅၂၀၀၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို အသက် ၄ နှစ်မှ ၆ နှစ်အထိ အုပ်စု၊ အသက် ၇ နှစ် မှ ၁၂ နှစ်အထိ အုပ်စုနှင့် အသက် ၁၃ နှစ်မှ ၁၈ နှစ်အထိ အုပ်စုဟူ၍ အုပ်စုသုံးစု ခွဲခြားယှဉ်ပြိုင်စေခဲ့ကြကာ မြန်မာနိုင်ငံမှ မြန်မာ– တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၏ ကြီးကြပ်မှုဖြင့် အထက်ပါအုပ်စုနှစ်စုတွင် ယှဉ်ပြိုင်ရေးဆွဲပေးပို့၍ ပြိုင်ပွဲဝင်ခဲ့ကြရာ ထူးချွန်ဆုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# စာပေကျေးဇူး၊ စာဆိုတော်များ၏ကျေးဇူးကို အထူးပြုသည့် (၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် စာပေဆုများချီးမြှင့်ပွဲ

ဒေါက်တာမြတ်မိုး

မြန်မာတို့၏ မြန်မာစာပေ။

နှစ်ပေါင်းထောင်ချီ ကြာရှည်တည်ပြီး သမိုင်းရှိသည့် မြန်မာစာပေ၊ မြန်မာတို့၏ အမွေအနှစ်ကောင်းတစ်ခု၊ ဂုဏ်ရောင်ထွန်းသည့် မြန်မာစာပေသည် မျက်မှောက်ခေတ်အထိ မတိမ်ကော၊ မပျောက်ကွယ်၊ အခိုင်အမာတည်ရှိဆဲဖြစ်သည်။ ပုဂံခေတ်မှသည် ယနေ့အထိ လူပုဂ္ဂိုလ်အကျော်အမော် စာဆိုပညာရှင်များ၊ ရဟန်းစာဆို ဓမ္မသူရဲကောင်းများကြောင့် မြန်မာစာပေ၊ ကဗျာယဉ်ကျေးမှုသည် အဖိုးတန်ဆဲ လှပဆဲ ဖြစ်သည်။

တိုင်းကျိုးပြည်ကျိုးဆောင်သည့် ထူးမြတ်သည့် စာဆိုရှင်ပုဂ္ဂိုလ်ကြီးများ ရေးသားခဲ့သော အဖိုးထိုက်တန်၊ စာကောင်းပေမွန်များကြောင့် ပြည်သူပြည်သားများတွင် စွယ်စုံဗဟုသုတ တိုးပွားဝေဖြာ၍ ပညာအသိများ မြင့်မားခဲ့ကြသည်။ အဆင့်မြင့်မား စာဆိုတော်များစွာ မျိုးဆက်မပြတ် ထွက်ပေါ်လွှား၍ မွန်မြတ်သည့် မြန်မာစာပေသည်လည်း အစဉ်မပြတ် ဖွံ့ဖြိုးလာခဲ့သည်မှာ အထင်အရှားဖြစ်ပါသည်။ ထို့ကြောင့် မြန်မာမှုနယ်ပယ်မှာ အရေးကြီးဆုံးများထဲမှ တစ်ခုဖြစ်သည့် မြန်မာစာပေလောကကြီး ယခုအနေအထားထက် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေရန်၊ စဉ်ဆက်မပြတ် ချီးမြှောက်ဂုဏ်ပြုရန် ရည်သန်မိသည်။ စာပေပျောက်က လူမျိုးပျောက်မှာ စိုးလှ၍ စာပေနှင့်ပတ်သက်သည့် အစဉ်အလာကောင်းမှန်သမျှ ထိန်းသိမ်းစောင့်ရှောက်ရန် အားလုံးတွင် တာဝန်ရှိပါသည်။

## အမှောင်ဖောက်ထွင်းအလင်းဆောင်၍ လက်ဆင့်ကမ်းရန် တာဝန်ရှိ

နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှုရိုးရာဓလေ့များ၊ အတွေးအမြင်နှင့် အမျိုးသားရေး လူမှုရေးကဏ္ဍအဖြာဖြာကို လှစ်ဟဖော်ပြနိုင်ဆုံးသော ကိရိယာသည် စာပေနှင့် ဂီတ ဖြစ်သည်။ မြန်မာအဘိဓာန်တွင် **“စာပေ”** ကို အကြောင်းအရာ၊ အဖြစ်အပျက်၊ အတွေးအခေါ်တို့ကို ရသမြောက်အောင်၊ သုတပွားအောင် ရေးဖွဲ့ထားသောစာ ဖြစ်သည်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားလေရာ လောကကြီးကို အရောင်တင်ပေးသည့်သဘော ပါဝင်နေသည်။ **“စာတစ်လုံး ဘုရားတစ်ဆူနှယ်”** ဓမ္မရတနာထိုက်သည့်အတွက် အမှောင်ဖောက်ထွင်း အလင်းဆောင်ပြီး ပုံရိပ်ကောင်းများ ဖန်တီးနိုင်စွမ်းရှိပါသည်။ အန္တရာယ်အဆိပ်အတောက်ကို ဖယ်ရှားသန့်စင်ရာတွင် စာပေပညာက အထိရောက်ဆုံးဖြစ်ပြီး စာပေထက် ပိုစွမ်းနိုင်သော လက်နက်မရှိနိုင်ပါ။ စကားကပြောသည့် စာလုံးများ၊ အီလက်ထရွန်နစ်နည်းဖြင့် ဖန်တီးထားသည့် စာအုပ်စာတမ်းများထက် လက်ဖြင့် ရေးသားထားသည့် စာအုပ်စာပေက အနှစ်သာရမပျက် ပို၍မှတ်တမ်းဝင်မည် ထင်သည်။ ခိုင်မာပြီး ကြာရှည်တည်တံ့သော အထောက်အထားကို စာပေက ပိုပေးနိုင်၍ဖြစ်မည်။

ထို့ကြောင့် **စာပေကို မြှင့်တင်အားပေးရန် အထူးလိုအပ်သည်။ မျက်မှောက်ကာလ အခြေအနေများအရ စာပေနယ်ပယ် ဖွံ့ဖြိုးရင့်သန်ရန် အဘယ်မျှအရေးကြီးကြောင်း မေးခွန်းထုတ်ရန်မလို၊ အလွန်ကို အရေးကြီးနေပါသည်။ နိုင်ငံရော လူ့အဖွဲ့အစည်းအလွှာလိုက်မှာပါ နိုင်ငံအရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သဟဇာတနှင့် ညီညွတ်မျှတရေး၊ လူမှုဘဝများဖွံ့ဖြိုးတိုးတက်ရေးသည် ပညာရည်ရင့်သန်သော မျိုးဆက်လူသားများအပေါ် အဓိကတည်မှီနေသည်ဟု ယူဆလျှင် ထိုမျိုးဆက်များ စွမ်းရည်ပြည့်ဝနေဖို့ ဖြည့်ဆည်းပေးကြရန် အားလုံးမှာ တာဝန်ရှိသည်ဟု ခံယူပါသည်။**

အထူးသဖြင့် လူငယ်မျိုးဆက်များတွင် ဖြစ်သည်။ **ခန္ဓာကိုယ်အာဟာရဖွံ့ဖြိုးရန် အစာရေစာက အဓိက ဖြစ်သကဲ့သို့ ကိုယ်ရည်ကိုယ်သွေးနှင့် စိတ်အာဟာရဖွံ့ဖြိုးရန် စာပေယဉ်ကျေးမှုက အရေးကြီးသောနေရာမှ ရပ်တည်ထောက်ပံ့ပေးပါသည်။ ထို့ကြောင့် မိမိတို့ဘဝကို တိုးတက်ချင်လျှင် စာပေကို ချစ်တတ်ရမည်၊ တန်ဖိုးထားနိုင်ရမည်၊ မိတ်ဆွေကောင်းသဖွယ်သဘောထား စာဖတ်ကြရမည်။ စာပေနှင့်ဘဝသည် ဆက်စပ်နေသည်ဖြစ်၍ စာပေမြင့်မှ လူမှုဘဝများလည်း မြင့်မားလာမည်ဖြစ်ကာ ထိုမှတစ်ဆင့် လူ့အဖွဲ့အစည်းလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။ စာဖတ်သူများသည့် ဝန်းကျင်ကသာ ယဉ်ကျေးသည့်အသိုင်းအဝိုင်းကို ဖန်တီးပေးသည်ဖြစ်၍ ယဉ်ကျေးသူများဖြင့် တိုးတက်မှုကို ဖန်တီးလိုလျှင် မြန်မာစာပေနှင့် စာပေပညာရှင်များ၏ တန်ဖိုးကို ဆက်လက်လက်ဆင့်ကမ်းပေးရန် တာဝန်ရှိပါသည်။**

## သမိုင်းစဉ်ဆက်အမွေဆက်ခံ စိန်ရတုတိုင် တည်ခဲ့ပြန်

ထိုမျှတန်ဖိုးထား၍လည်း ရက်ကောင်းရက်မြတ် အခါသမယ ဤနတ်တော်လကို စာဆိုတော်လအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ မထင်မရှား “ကလောင်အဖွဲ့”အမည်ဖြင့် စတင်သန္ဓေတည်မျိုးစေ့ချခဲ့သည်။ ထို့နောက်မှ ကိုလိုနီခေတ်တွင် “မြန်မာနိုင်ငံ စာရေးဆရာများအစည်းအရုံး”၊ ဂျပန်ခေတ်တွင် “စာရေးဆရာများအသင်း”၊ ထို့နောက် ၁၉၄၄ ခုနှစ်မှစ၍ “စာဆိုတော်နေ့” ဟူ၍ အမည်တွင်ခဲ့ကြကြောင်း မှတ်သားဖူးပါသည်။ ထိုမှစ၍ နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ကာ ခေတ်အဆက်ဆက်လက်ဆင့်ကမ်းကာ အစဉ်အလာရှိရှိရပ်တည်လာခဲ့ပြီး စာပေဆုများချီးမြှင့်ခဲ့သည်မှာ ယခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့သည် (၇၅) ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆု ချီးမြှင့်ပွဲ အထိမ်းအမှတ်ကာလတိုင် တည်ခဲ့ပါပြီ။

သမိုင်းအဆက်ဆက် မြန်မာစာပေကို ချီးမြှောက်ခြင်းသည် တစ်မျိုးသားလုံးအတွက် အမျိုးသားရေးစရိုက်လက္ခဏာ၊ ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုအမှတ်အသားတစ်ခုအဖြစ်လည်း မှတ်ယူထား၍ ဖြစ်ပါသည်။ ထို့ကြောင့် နှစ်စဉ် နတ်တော်လဆန်း စာဆိုတော်နေ့ ဝန်းကျင်ရောက်တိုင်း စာပေနှင့်ပတ်သက်သည့် ပညာရှင်များကို ချီးမြှောက်ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် စာပေဟောပြောပွဲများ ကဗျာရွတ်ဆိုပွဲများ ကျင်းပပေးကြသည်။ စာပေဆိုင်ရာပြဇာတ်များလည်း ပေါ်ထွန်းခဲ့ဖူးသည်။ စာပေဆုနှင်းသဘင်ပွဲများကျင်းပ၍ သက်ကြီးစာပေပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှင့်ခြင်းများ၊ ပူဇော်ကန်တော့ခြင်းများ ကျင်းပပြုလုပ်ပေးကြသည်။ ထူးခြားသည်မှာ စာဆိုတော်နေ့နှင့်ပတ်သက်သည့် အထိမ်းအမှတ်ပွဲများအားလုံးကို နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲ ကျင်းပပေးနိုင်ခြင်းပင်ဖြစ်သည်။

စာပေဆုအမည်များနှင့်ပတ်သက်၍လည်း စာပေဗိမာန်စာပေဆု၊ အနုပညာစာပေဆုများဟူ၍ ခေတ်အဆက်ဆက် အမည်နာမအမျိုးမျိုးရှိခဲ့ဖူးသည်။ နောက်ပိုင်းတွင် ဘာသာရပ်များအလိုက် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ပြဇာတ်၊ ကဗျာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ကလေးစာပေ၊ လူငယ်စာပေ၊ ဘာသာပြန်နှင့် သုတပဒေသာဆုများအလိုက် အမျိုးသားစာပေဆု၊ အမျိုးသားစာပေတစ်သက်တာဆုများ အသွင်ပြောင်းလဲတိုးတက်လာခဲ့သည်ကို တွေ့ရသည်။

ယခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့သည်ကား ကြုံကြိုက်ခဲ့သော (၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသား စာပေဆုချီးမြှင့်ပွဲ အထိမ်းအမှတ်နှစ်ဖြစ်သည်နှင့်အညီ ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲနှင့် စာဆိုတော်နေ့အခမ်းအနားများကို မင်္ဂလာတရားနှင့်အညီ စည်ကားခမ်းနားစွာ ကျင်းပသွားမည် ဖြစ်ပါသည်။ စာပေအမွေလက်ဆင့်ကမ်းသည့် မွန်မြတ်လှပသော အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းခြင်းလည်း ဖြစ်ပါသည်။

> **ခန္ဓာကိုယ်အာဟာရဖွံ့ဖြိုးရန် အစာရေစာက အဓိကဖြစ်သကဲ့သို့ ကိုယ်ရည်ကိုယ်သွေးနှင့် စိတ်အာဟာရဖွံ့ဖြိုးရန် စာပေယဉ်ကျေးမှုက အရေးကြီးသောနေရာမှ ရပ်တည်ထောက်ပံ့ပေးပါသည်။ ထို့ကြောင့် မိမိတို့ဘဝကို တိုးတက်ချင်လျှင် စာပေကို ချစ်တတ်ရမည်၊ တန်ဖိုးထားနိုင်ရမည်၊ မိတ်ဆွေကောင်းသဖွယ်သဘောထား စာဖတ်ကြရမည်။ စာပေနှင့်ဘဝသည် ဆက်စပ်နေသည်ဖြစ်၍ စာပေမြင့်မှ လူမှုဘဝများလည်း မြင့်မားလာမည်ဖြစ်ကာ ထိုမှတစ်ဆင့် လူ့အဖွဲ့အစည်းလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။ စာဖတ်သူများသည့် ဝန်းကျင်ကသာ ယဉ်ကျေးသည့်အသိုင်းအဝိုင်းကို ဖန်တီးပေးသည်ဖြစ်၍ ယဉ်ကျေးသူများဖြင့် တိုးတက်မှုကို ဖန်တီးလိုလျှင် မြန်မာစာပေနှင့် စာပေပညာရှင်များ၏ တန်ဖိုးကို ဆက်လက် လက်ဆင့်ကမ်းပေးရန် တာဝန်ရှိ**

## စာအုပ်စာပေမှာ မွေ့လျော်နေအောင် ဖန်တီးဆွဲဆောင်

စာပေ၏ အနှစ်သာရနှင့် တန်ဖိုးသည် ကြီးမားလွန်းလှ၍ အများပြည်သူဘက်က ပို၍အလေးထားလာအောင် အသွင်သဏ္ဌာန်ရော အနှစ်သာရပိုင်းမှာပါ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် ယနေ့လူငယ်များသည် စာဖတ်အားနည်းသွားပြီး စာပေကို လျစ်လျူရှုသလိုဖြစ်လာနေသည်ကို တွေ့ရသည်။ ပုံနှိပ်စာပေအမျိုးအစားကို ဖတ်ရှုရန် အချိန်နှင့် အခြေအနေမပေးနိုင်ကြတော့သည့်အနေအထားမှာ ကြီးငယ်မရွေး၊ အဆင့်အတန်းမရွေး စာဖတ်ချင်စိတ်များဖြစ်လာအောင် တိုက်တွန်းနှိုးဆော်မှု၊ ပညာပေးမှု၊ ဆွဲဆောင်စည်းရုံးမှုများ များစွာပြုလုပ်ရပါဦးမည်။ စာအုပ်စာပေတွင် မွေ့လျော်နေအောင် ဖန်တီးပေးရပါဦးမည်။

မိမိဘဝတိုးတက်ဖို့၊ လူ့အဖွဲ့အစည်းမြင့်မားဖို့အတွက် မသိသူကျော်သွား သိသူဖော်စားတတ်သည့် ပညာသည် စာအုပ်စာပေတွင်သာ ရှိပါသည်။ ထို့ကြောင့် ကျောင်းအလိုက်၊ မြို့နယ်အလိုက်၊ ဌာနအလိုက်၊ မြို့ရွာအနှံ့ စာပေလှုံ့ဆော်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စဉ်ဆက်မပြတ်ပြုလုပ်နေရပါမည်။ လူအများစိတ်ဝင်စားသည့် စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်များသည် စာပေကို အလေးအနက်ထားလာအောင် စည်းရုံးနိုင်စွမ်းရှိသည့် စာပေအသက်သွေးကြောများဖြစ်သည်ကို တွေ့ရပါသည်။ စာပေနှီးနှောဖလှယ်ပွဲများ၊ စာပေအလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပပေးခြင်းသည် အတွေ့အကြုံနှင့် အသိပညာများစွာ ဖလှယ်ခွင့်ရရှိစေပြီး စာပေကို ခေတ်နှင့်အညီ တိုးတက်ထွန်းကားစေမည်ဖြစ်ကာ မြန်မာစာပေကို နိုင်ငံတကာစာပေနယ်ပယ်အထိ ထိုးဖောက်ဝင်ရောက်နိုင်မည့် အခွင့်အလမ်းလည်းရရှိမည်ဟု ယုံကြည်ပါသည်။ စာမျက်နှာ ၇ သို့ ◆

> **မိမိဘဝတိုးတက်ဖို့၊ လူ့အဖွဲ့အစည်းမြင့်မားဖို့အတွက် မသိသူကျော်သွား သိသူဖော်စားတတ်သည့် ပညာသည် စာအုပ်စာပေတွင်သာရှိပါသည်။ ထို့ကြောင့် ကျောင်းအလိုက်၊ မြို့နယ်အလိုက်၊ ဌာနအလိုက်၊ မြို့ရွာအနှံ့ စာပေလှုံ့ဆော်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စဉ်ဆက်မပြတ် ပြုလုပ်နေရပါမည်။ လူအများစိတ်ဝင်စားသည့် စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်များသည် စာပေကို အလေးအနက်ထားလာအောင် စည်းရုံးနိုင်စွမ်းရှိသည့် စာပေအသက်သွေးကြောများဖြစ်သည်ကို တွေ့ရပါသည်။ စာပေနှီးနှောဖလှယ်ပွဲများ၊ စာပေအလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများကျင်းပပေးခြင်းသည် အတွေ့အကြုံနှင့် အသိပညာများစွာ ဖလှယ်ခွင့်ရရှိစေပြီး စာပေကို ခေတ်နှင့်အညီ တိုးတက်ထွန်းကားစေမည်ဖြစ်ကာ မြန်မာစာပေကို နိုင်ငံတကာစာပေနယ်ပယ်အထိ ထိုးဖောက်ဝင်ရောက်နိုင်မည့် အခွင့်အလမ်းလည်းရရှိမည်**

# မော်လမြိုင်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂)ဖွင့်ပွဲ ကျင်းပ



**မော်လမြိုင် နိုဝင်ဘာ ၂၆**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Grade -11 နှင့် Grade -12 သင်ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ယင်းမာခန်းမ၌ ကျင်းပသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားပြီး သင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ပြည်နယ်ဥပဒေအရာရှိနှင့် ပြည်နယ်ပညာရေးမှူးတို့က လက်ခံရယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသော သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းတွင် အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမ ၁၁၆ ဦး တက်ရောက်ကာ သင်တန်းကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သင်ကြားပို့ချ**

ဆက်လက်၍ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကို အခြေခံပညာအထက်တန်းကျောင်းခွဲ အလက(၈)၌ ကျင်းပရာ သင်တန်းတွင် ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က ဥပဒေအသိပညာ အရေးကြီးပုံ၊ ကျင့်ဝတ်၊ စည်းကမ်း၊ ဓလေ့ထုံးစံများ၊ ၁၉၇၃ ခုနှစ်စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေ၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ သမိုင်းကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နိဒါန်းနှင့် အခန်း(၁)ပါအခြေခံမူများကို ရှင်းလင်းသင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့နယ်အတွင်း လမ်းသစ်ဖွင့်ပွဲများနှင့် အခြေခံပျားမွေးမြူရေးပညာပေးသင်တန်းဖွင့်ပွဲသို့ တက်ရောက်

**ပုသိမ် နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့နယ် မိုးကုတ်ကျေးရွာအုပ်စု ဆင်ဂေါ်င်းကျေးရွာတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကွန်ကရစ်ဘီးလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကွန်ကရစ်ဘီးလမ်းသစ် မှခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



အဆိုပါလမ်းသည် ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လမ်းဖြစ်ပြီး အရှည်ပေ ၁၀၅၀၊ ဘီးလမ်းအကျယ် တစ်ဖက်သုံးပေနှင့် ဒု ခြောက်လက်မရှိကြောင်း သိရသည်။

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အခြေခံပျားမွေးမြူရေး ပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက အခြေခံပျားမွေးမြူရေး ပညာပေးသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခြေခံပျားမွေးမြူရေး ပညာပေးသင်တန်းတွင် ပြသထားသည့် ပျားမွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ပျားပုံးများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်းနှင့် အဆိုပါ ပျားမွေးမြူရေး သင်တန်းကို သင်တန်းသား သင်တန်းသူ ၆၀ ဖြင့် နှစ်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ပခုက္ကူမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေဆွေးနွေးပွဲကျင်းပ

**ပခုက္ကူ နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၁၁ နာရီက စာဖတ်ရှိန်မြှင့်တင်ရေး စာပေဆွေးနွေးပွဲကို ကျင်းပသည်။

ဦးစွာ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုချိုမာက ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် စာရေးဆရာ ဒေါက်တာဖြိုးသီဟ ရေးသားထုတ်ဝေထားသော "ပျော်ရွှင်ပါစေ"စာအုပ်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



◆ **စာမျက်နှာ ၆ မှ**

ယနေ့ကမ္ဘာကြီးတွင် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာများ အရှိန်အဟုန်နှင့် ပြောင်းလဲနေသည်။ အထူးသဖြင့် လူတို့၏ စိတ်နေသဘောသဘာဝများသည် အကောင်းထက် အဆိုးဘက်သို့ ပို၍ဦးတည်နေသည်ကို တွေ့မြင်နေရသည်။ **"အလိမ္မာစာမှာရှိ"** ဆိုသည့်အတိုင်း စာပေကသာလျှင် ပညာတိုးပြီး အသိတိုးမည့်ရလဒ်ပေးနိုင်သည်ကို အားလုံးက လက်ခံကြသည်။ သို့သော် လူအချင်းချင်း တန်ဖိုးထားမှု၊ အမှားအမှန် ခွဲခြားသိမြင်နိုင်မှုများတွင် အားနည်းချက်များရှိနေပြီး လူ့အဖွဲ့အစည်းအပေါ် အမြင်များ တိမ်းစောင်းလာသည့်အခါ နယ်ပယ်အသီးသီးမှာ အပေါင်းလက္ခဏာမဆောင်သည့် အဆိုးသဘောများသာ များလာသည်ကို တွေ့နေရသည်။

စာပေကသာ လူကို ပြုပြင်ပြောင်းလဲပေးနိုင်သည်ဖြစ်၍ စာကောင်းပေမွန်ကို ရှာဖွေလေ့လာဖတ်ရှုခြင်းဖြင့် လူအချင်းချင်းကြား မေတ္တာစိတ်၊ ကရုဏာစိတ်နှင့် လောကပါလတရားများ ကိန်းအောင်းလာစေရေး တွန်းအားပေးနိုင်စွမ်းရှိလာမည်ဖြစ်ပါသည်။ စာပေကို မြှင့်တင်နိုင်မှ လူမျိုးတင့်မည်ဖြစ်၍ ယခုလာမည့် (၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် စာပေဆုများချီးမြှင့်ပွဲနေ့တွင် တွေ့မြင်ရမည့် အသွင်အပြင်အားလုံးသည် အနှစ်သာရ မည်မျှပြည့်ဝနေမည်မှာ မလွဲပါကြောင်း မှန်းဆမိပါသည်။

စာပေတန်ဖိုး၊ စာဆိုတော်ကြီးများ၏ ကျေးဇူးကို အထူးအသိအမှတ်ပြုသည့် ထိုစိန်ရတုအထိမ်းအမှတ်ကာလမှ ဆက်လက်၍ မြန်မာစာပေကို ယခုထက်ပို၍ အလေးထားလာကြစေရန်နှင့် ချစ်မြတ်နိုးတတ်လာစေမည့် ခံယူချက်ကောင်းများကို အတိုင်းအတာတစ်ခုအထိ မြှင့်တင်ပေးသွားနိုင်မည်ဟုလည်း ယုံကြည်ထားပါသည်။

ထိုမှတစ်ဆင့် စာများများဖတ်လာသည့်အတွက် စာပေကျေးဇူးကြောင့် မိမိတို့ အမြင်အတွေးများပါ ပြောင်းလဲလာပြီဆိုလျှင် မိမိသူတစ်ပါး၊ နှစ်ပါးအကျိုးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြမည့် အကျိုးတရားများ များစွာဖြစ်ထွန်းလာပါလိမ့်မည်။ စာပေကို ချစ်မြတ်နိုးခြင်းသည် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းလည်းမည်ပါသည်။

ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်တတ်လာမည်ဖြစ်ကာ အမျိုးသားရေးလက္ခဏာဆောင်သော ယခုနှစ်စာဆိုတော်နေ့ (၇၅) ကြိမ်မြောက် အမျိုးသားစာပေဆု အထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲ၏ အနှစ်သာရများသည်လည်း ပို၍ပို၍ ပီပြင်လာမည်ဖြစ်ပါသည်။ ထိုအခြင်းအရာအားလုံးကို ဖွံ့ဖြိုးတိုးတက်မှုဆီ ဆောင်ယူလာမည့် အမျိုးသားရေးလက္ခဏာရပ်များအဖြစ် ယှဉ်တွဲမြင်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၇)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်းများသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြရာ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၇)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇)ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ် -

**စာမျက်နှာ ၉ သို့ ☆**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၇) မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၇) မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၇) မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၇) မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၇) မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

☆ စာမျက်နှာ ၈ မှ

**ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ၏ စကားသံများ**

(၁) အရပ်သားဘဝကနေ စစ်သားဘဝကိုကူးပြောင်းရတာဆိုတော့ အခက်အခဲတော့ အများကြီးရှိပါတယ်။ ဒါပေမဲ့ ကျွန်တော် ကြိုးစားပြီး သင်ယူသွားမှာပါ။ စစ်ပညာသင်ဖို့အတွက်လည်း အဆင်သင့်ဖြစ်နေပါပြီ။ လူငယ်ဖြစ်တဲ့အတွက် အတွေ့အကြုံအသစ်၊ ဗဟုသုတအသစ်လိုချင်တဲ့အတွက် ဒီသင်တန်းကို တက်ရောက်ရခြင်းဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကို ကာကွယ်ရတာ ဂုဏ်ယူရတဲ့ကိစ္စတစ်ရပ်ပါ။ ကျွန်တော်က အကြမ်းဖက်မှုတွေကို မလိုလားပါဘူး။ ဒါကြောင့် အကြမ်းဖက်မှုတွေကို တိုက်ဖျက်ဖို့အတွက် ဒီသင်တန်းကို ကြိုးစားသင်ယူသွားမှာပါ။

(၂) အရင်အပတ်စဉ်တွေကတည်းက တက်ချင်နေတာပါ။ ဒါပေမဲ့ ဒီအပတ်စဉ်ကျမှ ကျွန်တော် တက်ခွင့်ရပါတယ်။ တက်ခွင့်ရတော့လည်း အဆင်ပြေပြေပါပဲ။ အဲဒီအတွက်ကို နောက်တက်မယ့် ညီအစ်ကိုတွေအနေနဲ့လည်း ဘာမှအလွန်အကျွံစိတ်ပူမနေပါနဲ့။ ကောလာဟလတွေကိုလည်း ယုံနေမယ်ဆိုရင် အဆင်မပြေနိုင်ပါဘူး။ ကျွန်တော်တို့က နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ လုပ်ရမယ့်အရာကို လုပ်ကိုလုပ်ရမှာပါ။ မြန်မာနိုင်ငံတော်အတွက် အထောက်အကူဖြစ်စေမယ့် နိုင်ငံ့သားကောင်းတစ်ယောက်အဖြစ်နဲ့ ကျွန်တော်အကောင်းဆုံး ထမ်းဆောင်သွားမယ်လို့ စဉ်းစားထားပါတယ်။

(၃) ကျွန်တော် မြန်မာနိုင်ငံသားတစ်ယောက်ပါ။







မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီနိုင်ငံတော်အပေါ်ကို တာဝန်ကျေပွန်ချင်လို့ ဒီပြည်သူ့စစ်မှုထမ်းကို လာရောက်တက်ဖြစ်ခဲ့တာဖြစ်ပါတယ်။

**သတင်းစဉ်**

# ရာသီဥတုအညွန်းကိန်း သီးနှံအာမခံလုပ်ငန်း ရေကြီးနစ်မြုပ်ပျက်စီးခြင်းအတွက် လျော်ကြေးငွေကျပ် ၁၂၉ ဒသမ ၃၆၀ သန်း ပေးအပ်

**ဘားအံ နိုဝင်ဘာ ၂၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်နေသည့် ရာသီဥတုအညွန်းကိန်း သီးနှံအာမခံလုပ်ငန်း၏ ရေကြီးနစ်မြုပ်ပျက်စီးခြင်းအတွက် တောင်သူများအား လျော်ကြေးငွေ ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်တို့မှ တောင်သူများအား စုစုပေါင်းသီးနှံလျော်ကြေးငွေကျပ် ၁၂၉ ဒသမ ၃၆၀ သန်းကို ပေးအပ်ခဲ့ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ သိရသည်။



**အမှာစကားပြောကြား**

လျော်ကြေးငွေ ပေးအပ်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြည်နယ်မန်နေဂျာနှင့် မြန်မာ့အာမခံလုပ်ငန်း ပြည်နယ်မန်နေဂျာတို့က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ၂၀၂၄ ခုနှစ် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူပြီး မြန်မာ့အာမခံလုပ်ငန်းတွင် သီးနှံအာမခံထားရှိခဲ့ကြသည့် ဘားအံမြို့နယ်မှ တောင်သူ ၇၁၄ ဦး၊ စိုက်ဧက ၃၆၈၂ ဧကအတွက် လျော်ကြေးငွေ ၁၂၀ ဒသမ ၂၁၀ သန်း၊ လှိုင်းဘွဲ့မြို့နယ်မှ တောင်သူ ၃၄ ဦး၊ စိုက်ဧက ၂၀၉ ဧကအတွက် လျော်ကြေးငွေ ၉ ဒသမ ၁၅ သန်း စုစုပေါင်း ရာသီဥတုအညွန်းကိန်း သီးနှံအာမခံ လျော်ကြေးငွေကျပ် ၁၂၉ ဒသမ ၃၆၀ သန်းကို တောင်သူများထံ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် တောင်သူများအား သီးနှံလျော်ကြေးငွေ စနစ်တကျထုတ်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာများနှင့် လယ်ယာမြေဥပဒေအကြောင်းတို့ကို တောင်သူအသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြောင်းမြမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**မြောင်းမြ နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဖြင့် စာဖတ်ဝိုင်းကို ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

**ကြည့်ရှုလေ့လာ**

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာရေးဆရာမ ဒေါက်တာ မြင့်မြင့်ခင် ရေးသားသည့် ရှေ့တန်းရောက် ကျန်းမာရေးပြဿနာ စာအုပ်ဖြင့် စာဖတ်ဝိုင်းဆက်လက်ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မာဝင်းက တစ်သက်တာဘဝခရီး၊ အဖွဲ့ဝင် ဒေါ်မေသဇင်က လူအိုကမ္ဘာ၊ ဒေါ်အုန်းအုန်းလွင်က သွေးတိုးရောဂါအကြောင်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသူများက စာအုပ်ပါအကြောင်းအရာများကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ၊ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားလာပြီး အသိပညာဗဟုသုတ ကြွယ်ဝလာစေရန်အတွက် စာဖတ်ဝိုင်း ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အားကစားအဖွဲ့များအား အောင်နိုင်ရေးအလံပေးအပ်



**ရန်ကုန် နိုဝင်ဘာ ၂၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု အားကစားအဖွဲ့များအား အောင်နိုင်ရေးအလံပေးအပ်ပွဲနှင့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် အားကစားနည်းအလိုက် ရရှိခဲ့သော တံခွန်စိုက်ဆုဖလားများ အပ်နှံခြင်း၊ အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် အမျိုးသားတံခွန်စိုက်၊ အမျိုးသမီးတံခွန်စိုက်နှင့် စုပေါင်းတံခွန်စိုက်ဆုများရရှိခဲ့ကြသော တိုက်ကွမ်ဒိုအားကစားအဖွဲ့၊ ရေကူးအားကစားအဖွဲ့၊ ဖူဆယ်အားကစားအဖွဲ့နှင့် ဂျူဒိုအားကစားအဖွဲ့ စသည့်အောင်ပွဲရအားကစားအဖွဲ့များက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းထံ တံခွန်စိုက်ဆုဖလားများ လွှဲပြောင်းအပ်နှံခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားနှင့် သြဝါဒစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့မှုနှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အခြေအနေများကို တင်ပြသည်။ ဆက်လက်ပြီး တိုက်ကွမ်ဒိုပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲ၊ ဂျူဒိုပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲတို့တွင် ဆုရအားကစားအဖွဲ့များအား တိုင်းဒေသကြီးဝန်ကြီးများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု အားကစားအဖွဲ့ ခေါင်းဆောင်အား အောင်နိုင်ရေးအလံ ပေးအပ်ခဲ့သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးမှ အားကစားနည်း ၂၄ နည်းဖြင့် ပြိုင်ပွဲဝင်အားကစားသမားပေါင်း ၄၆၇ ဦး၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ အင်အား ၁၅၃ ဦး စုစုပေါင်းအင်အား ၆၂၀ တို့ သွားရောက် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ချင်းပြည်နယ်ဝန်ကြီးချုပ် "Training on Effective Strategies for New Curriculum" သင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်

**ဟားခါး နိုဝင်ဘာ ၂၆**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဟားခါးပညာရေးဒီဂရီကောလိပ်က ကြီးကြပ်ဖွင့်လှစ်ပို့ချမည့် "Training on Effective Strategies for New Curriculum" သင်တန်းဆင်းပွဲအခမ်းအနားကို ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ၂၁ ရာစု၏ ပြောင်းလဲတိုးတက်လာသည့်ပညာရပ်များနှင့် သင်ရိုးအသစ်၊ သင်ခန်းစာအသစ်များကို ထိရောက်စွာ သင်ကြားနိုင်ရန်အတွက် ဆရာ ဆရာမ အရေအတွက်တိုးလာရုံနှင့် မလုံလောက်ဘဲ အရည်အချင်းရှိသည့် ဆရာ ဆရာမများဖြစ်ကြရန် အထူးလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာပြည့်ဝနှလုံးလှသည့် လူသားအရင်းအမြစ်များကို ပုံသွင်းမွေးထုတ်ပေးရန် ဆရာ ဆရာမများတွင် ကြီးလေးသည့် တာဝန်ရှိကြောင်း၊ ဤသင်တန်းတွင် သင်ကြားခဲ့ရသည့် သင်ခန်းစာအသစ်များ ချဉ်းကပ်သည့်နည်းအသစ်နှင့် သင်နည်းအသစ်များကို လက်တွေ့အသုံးချရုံသာမက ထပ်တိုးလေ့လာရန် တိုက်တွန်းလိုပါကြောင်း အမှာစကားပြောကြားသည်။




ထို့နောက် ဟားခါးပညာရေးဒီဂရီကောလိပ် တာဝန်ခံကျောင်းအုပ် ဒေါ်ငွန်လျန်မွေးက သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူများ၏ အခြေအနေကို ရှင်းလင်းတင်ပြပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်က ဆုချီးမြှင့်ကာ၊ သင်တန်းဆင်းလက်မှတ်များကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦး၊ သင်တန်းအတွက် ထောက်ပံ့ငွေနှင့် ဟားခါးပညာရေးဒီဂရီကောလိပ် တာဝန်ခံကျောင်းအုပ်နှင့် သင်တန်းနည်းပြအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်တို့က ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ရန်ကုန်တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက လှည်းကူးမြို့နယ် အုန်းနဲ့ကုန်းကျေးရွာ၌ စက်မှုလယ်ယာ ဦးစီးဌာန အမှတ် (၃၅) စက်မှုလယ်ယာစခန်း (ထောက်ကြံ့မြို့)၌ ကျင်းပသည့် ကောက်ရိုးထုံးစက် (Round Baler)၊ ကောက်ရိုးဖြတ်စက် (Rotary Mulcher)၊ မြေသြဇာ ပက်ဖျန်းစက် (Fertilizer Spreader) သရုပ်ပြပွဲသို့ တက်ရောက် အားပေးသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက ကောက်ရိုးထုံးစက် (Round Baler) သုံးစွဲခြင်းဖြင့် ရိတ်သိမ်းပြီး ကျန်ရှိနေသော လယ်ကွင်းအတွင်းရှိ ကောက်ရိုးပြတ်များကို အရည်အသွေး မဆုံးရှုံးစေဘဲ ဆလင်ဒါပုံစံ ကောက်ရိုးထုံးများ ထွက်ရှိလာသဖြင့် မွေးမြူရေး အစားအစာအဖြစ် အသုံးချနိုင်ကြောင်း၊၊

ကောက်ရိုးဖြတ်စက် (Rotary Mulcher) ကိုသုံးစွဲခြင်းဖြင့် ရိုးပြတ်များကို သေးငယ်သော အပိုင်းအစများဖြစ်အောင် အပိုင်းပိုင်းဖြတ်ပေးခြင်းဖြင့် မြေသြဇာများဖြစ်ထွန်းမှု ပိုမိုမြန်ဆန်ပြီး မြေဆီလွှာကို ပိုမိုကောင်းမွန်စေကြောင်း၊ နောက်ထပ်စိုက်ပျိုးမည့် သီးနှံအား အချိန်မီစိုက်ပျိုးရန် ထယ်ရေး၊ ထွန်ရေး ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ကြောင်း၊၊

မြေသြဇာ ပက်ဖျန်းစက် (Fertilizer Spreader) ကိရိယာကို အသုံးပြုခြင်းဖြင့် လက်ဖြင့်ကိုင်၍ ကြဲပက်ရန် မလိုခြင်းကြောင့် ကျန်းမာရေးထိခိုက်မှု သက်သာစေခြင်း၊ မြေသြဇာအား လိုအပ်သလောက် ထိရောက်နှံ့စပ်စွာ၊ ပမာဏညီမျှစွာ ကြဲပက်သုံးစွဲနိုင်သဖြင့် အလေအလွင့်နည်း၍ ကုန်ကျစရိတ် သက်သာနိုင်ကြောင်း၊ မြေသြဇာ သုံးစွဲမှုပမာဏ လျှော့ချနိုင်သဖြင့် မြေဆီလွှာ ပျက်စီးခြင်းမှ ကာကွယ်နိုင်ခြင်းနှင့် သီးနှံအပင်များအား အာဟာရဓာတ်များ အညီအမျှရရှိစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံတောင်သူများ၏ ထွန်ယက်သည်မှ ရိတ်သိမ်းချိန်အထိ လယ်ယာသုံး စက်ကိရိယာများသုံးစွဲမှု ကွင်းဆက်တစ်လျှောက် လိုအပ်သည့် အခက်အခဲများ၊ စိုက်ပျိုးရေးရရှိမှု အခြေအနေ၊ မျိုးစေ့နှင့်ဓာတ်မြေသြဇာလိုအပ်ချက် စသည့် လယ်ယာကဏ္ဍဆိုင်ရာများ မေးမြန်းဆွေးနွေးရာ ဒုတိယဝန်ကြီးက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံတောင်သူများနှင့်အတူ သက်ဆိုင်ရာဌာနများမှ ပူးပေါင်း ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရှင်တို့၏ ရင်တွင်းစကားသံများ

**တွေ့ဆုံမေးမြန်း**
**ဟိန်းထက် (ကြေးမုံ)**

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့က ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထိုစာပေဆုရှင်တို့၏ ရင်တွင်း စကားသံအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်–**


မနှင်းဖွေး


ပုံချီ


ကြည်မင်းဝေ

**မနှင်းဖွေး**
**အမျိုးသားစာပေဆု၊ ဝတ္ထုတို**

"လောကပြတင်း မဂ္ဂဇင်းဝတ္ထုများ" စာအုပ်နဲ့ ဆုရတော့ ပြောမပြတတ်အောင် ဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်လောက်က အမျိုးသားစာပေဆု တစ်ခါရဖူးပါတယ်။ ၁၉၆၇ ခုနှစ်မှာပါ။ အခုဆိုရင် နှစ်ပေါင်း ၅၀ ကျော်သွားပါပြီ။ နှစ် ၅၀ ကျော်မှာ နောက်ထပ် တစ်ခါထပ်ရတော့ အတိုင်းမသိဝမ်းသာမိပါတယ်။

ဒီစာအုပ်ကတော့ ဝတ္ထုတိုပေါင်းချုပ်ပါ။ ဝတ္ထုတိုပေါင်းချုပ်ဖြစ်တဲ့အတွက်ကြောင့် ဝတ္ထုတို ၁၆ ပုဒ်ပါပါတယ်။ အဲဒီ ၁၆ ပုဒ်က မဂ္ဂဇင်းတွေထဲကနေ ကောင်းနိုးရာရာ ၁၆ ပုဒ်ကို ရွေးချယ်စုစည်းပြီးတော့ ဒီစာအုပ်လေးကို စီစဉ်တာပါ။ အဲဒီထဲမှာ အကြောင်းအရာကတော့ ဝတ္ထုဆိုတာ သိတဲ့အတိုင်းပဲ လူတွေအကြောင်းရေးတာပါ။ လူတွေကိုလေ့လာပြီး ပတ်ဝန်းကျင်မှာရှိတဲ့သူတွေ၊ ကိုယ်ကြားဖူးတဲ့ အကြောင်းအရာတွေ အဲဒါတွေကိုလေ့လာပြီး လူတွေရဲ့စရိုက်၊ လူတွေရဲ့ဘဝ၊ လူတွေရဲ့ ခံစားချက်၊ လူတွေရဲ့မျှော်လင့်ချက်၊ အဲဒါလေးတွေကိုစုစည်းပြီး အနုပညာနဲ့မွမ်းမံပြီးတော့ ရေးဖြစ်တာပါ။

စာပေကတော့ လူ့ဘဝမှာအရေးအကြီးဆုံးပဲလို့ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာပေကသာ လူတစ်ယောက်ကိုပြုပြင်ပေးနိုင်တာပါ။ ဥပမာ လူတစ်ယောက်ရဲ့ကိုယ်ကျင့်တရားနဲ့ ပတ်သက်ရင် ဘာသာတရားအဆုံးအမရယ်၊ စာပေရယ်ကပဲ ပြုပြင်ပြောင်းလဲပေးနိုင်တယ်၊ ဆုံးမနိုင်တယ်။ အဲဒါကြောင့် စာပေဟာ လူ့ဘဝမှာအရေးကြီးတယ်လို့ ယူဆပါတယ်။ မျိုးဆက်သစ် လူငယ်လေးတွေကို မှာကြားချင်တာကတော့ စာကိုဖတ်စေချင်ပါတယ်။ ဖတ်တဲ့နေရာမှာလည်း သုတစာပေရော ရသစာပေပါ ဖတ်စေချင်ပါတယ်။ သုတစာပေကတော့ မဖတ်မဖြစ်ဖတ်ကိုဖတ်ရမယ်။ ပညာခေတ် သတင်းခေတ်ဖြစ်တဲ့အတွက်ကြောင့် သတင်းတွေ သိဖို့ကတော့ သုတစာပေကိုဖတ်ရမယ်။ တစ်ပြိုင်နက်တည်းမှာပဲ ရသစာပေကိုလည်းဖတ်ရပါမယ်။ သုတစာပေဖတ်ခြင်းအားဖြင့် ဦးနှောက်အတွက် အာဟာရဖြစ်စေပြီး ရသစာပေဖတ်လို့ရှိရင်တော့ နှလုံးသားအတွက် အာဟာရဖြစ်စေပါတယ်။

လူတစ်ယောက် မအောင်မြင်ရတဲ့အကြောင်းတရား နှစ်ချက်ရှိပါတယ်။ အဲဒါဘာလဲဆိုရင် မစဉ်းစားဘဲနဲ့လုပ်တာက တစ်အချက်။ နံပါတ်နှစ်က စဉ်းစားပြီး မလုပ်တာ။ အဲဒီတော့ အောင်မြင်ချင်တယ်ဆိုရင် စဉ်းလည်းစဉ်းစားရမယ်၊ လုပ်လည်းလုပ်ရမယ်။ ကောင်းကောင်းစဉ်းစားနိုင်ဖို့အတွက် စာများများဖတ်ဖို့လိုတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ကောင်းကောင်းအလုပ်လုပ်ဖို့က ကျန်းမာဖို့လိုတယ်။ လူငယ်တွေ အနေနဲ့ ကိုယ့်ရဲ့ကျန်းမာရေးကို ဂရုစိုက်ရမယ်။ အထူးသဖြင့်ဒီခေတ်မှာ အန္တရာယ်ပေးနေတဲ့ ကွမ်း၊ ဆေးလိပ်၊ အရက်၊ နောက်ဆုံးမူးယစ်ဆေးဝါး။ အဲဒါတွေကိုလည်း လုံးဝရှောင်ရှားဖို့လိုတယ်။ ကျန်းကျန်းမာမာနဲ့ အလုပ်လုပ်နိုင်ဖို့အတွက် စာတွေဖတ်ရမယ်၊ ကိုယ့်ရဲ့ကျန်းမာရေးကို ထိခိုက်မယ့်အရာတွေကို ရှောင်ရှားရမယ်။ အခုအခါမှာ လူငယ်တွေကို အားကိုးရမယ့်အချိန်ဖြစ်ပြီး အနာဂတ်မှာ ကျန်းမာသန်စွမ်းပြီး ဆင်ခြင်တုံတရားရှိတဲ့ လူငယ်လေးတွေလက်ထဲမှာ ကျွန်မတို့လို အသက်ကြီးတဲ့သူတွေက ကိုယ့်နိုင်ငံကို အပ်နှင်းခဲ့ချင်တယ်လို့ ပြောချင်ပါတယ်။

စာရေးဆရာမ မနှင်းဖွေး၏ အမည်ရင်းမှာ ဒေါ်မြမြသန်းဖြစ်သည်။ ၁၉၆၇ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ရူပဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ကိုလည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့မှ ဂျာနယ်လစ်ဇင် ဒီပလိုမာ D.J(Berlin) ကိုလည်းကောင်း ရရှိခဲ့သည်။

အသက်(၁၄)နှစ် အရွယ်တွင် တိုင်းရင်းမေဂျာနယ်၌ပါရှိသော "နှောင်းခဲ့ပြီကောကွယ်" ဝတ္ထုတိုဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် "တောင်ခိုးငွေ့ငွေ့ကြားဝယ်" ဝတ္ထုရှည်ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့သည်။

၁၉၆၈ ခုနှစ်မှစ၍ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန် တာဝန်ခံစာတည်းတာဝန်မှ နှစ်ပြည့်အငြိမ်းစားယူခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် ဗဟိုအမှုဆောင်ကော်မတီဝင်တစ်ဦးအဖြစ် တာဝန်ယူရင်း စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

**ပုံချီ**
**အမျိုးသားစာပေဆု၊ သုတ(ဝိဇ္ဇာ)**

ဆုရတဲ့ "ပျူနိုင်ငံတော်နှင့် အခြားသမိုင်းဆောင်းပါးများ" စာအုပ်အတွက် လိုအပ်တဲ့သမိုင်းနောက်ခံ အချက်အလက်တွေကို အဲဒီဒေသတွေမှာ တာဝန်ထမ်းဆောင်စဉ်က ကိုယ်တိုင်ကွင်းဆင်းလေ့လာတာမျိုး၊ ဒေသခံတွေဆီကနေ မေးမြန်းတာမျိုးအပြင် အခြားလိုအပ်တဲ့အချက်အလက်တွေအတွက် ပညာရှင်တွေရဲ့စာတမ်းတွေ၊ စာအုပ်တွေကနေတစ်ဆင့် လေ့လာစုဆောင်းခဲ့ရပါတယ်။ အဓိကကတော့ ကျွန်တော်တို့ဟာ အတိတ်မှာဘယ်လောက်အထိ ခိုင်မာတဲ့သမိုင်းကြောင်း ရှိခဲ့တယ်ဆိုတာကို လူငယ်တွေသိစေချင်တဲ့ စေတနာနဲ့ ဆိုရှယ်မီဒီယာပေါ်မှာ စာတွေစရေးတာကနေ အခုလိုသမိုင်းဆောင်းပါးတွေ ရေးသားဖြစ်တာပါ။

မြန်မာလူငယ်တွေဟာ သမိုင်းကိုစိတ်ဝင်စားမှုရှိပေမယ့် သမားရိုးကျ သမိုင်းစာအုပ်တွေ၊ ကျမ်းတွေကို အချိန်ပေးပြီးမဖတ်နိုင်တာကို သတိထားမိပါတယ်။ ဒါကြောင့် ဆိုရှယ်မီဒီယာမှာ လူငယ်တွေစိတ်ထဲကိုရောက်အောင် အဓိကအချက်တွေကိုပဲ တိုတိုနဲ့လိုရင်းရောက်ပြီး ဒီခေတ်ပုံစံ စကားပြော၊ စကားပြေပုံစံနဲ့ ရေးတာကိုကြိုက်တာတွေ့တော့ အဲဒီလိုပုံစံနဲ့ သမိုင်းနောက်ခံဝတ္ထုတွေ၊ ဆောင်းပါးတွေ၊ အက်ဆေးတွေရေးသားခဲ့ပါတယ်။

ကျွန်တော် အခုလို အမျိုးသားစာပေဆုရတဲ့အတွက် တကယ်ကိုအံ့လည်းအံ့သြမိသလို ဝမ်းလည်းဝမ်းသာမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က စာအုပ်ထုတ်ဝေတာ နည်းသလို ဆိုရှယ်မီဒီယာမှာပဲ စာရေးတာများတာကြောင့်ပါ။ ဒီဆုရတဲ့အတွက် ကျွန်တော့်ရဲ့ဝါသနာကို မြေတောင်မြှောက်ပေးခဲ့တဲ့ ကျွန်တော့်မိဘတွေကို ဦးဆုံးကျေးဇူးတင်ရမှာပါ။ ပြီးတော့ ကျွန်တော့်ရဲ့ အားနည်းချက်၊ အားသာချက်တွေကို မှန်မှန်ကန်ကန် အသုံးချနိုင်အောင် ကြည့်ရှုစောင့်ရှောက်ခဲ့တဲ့ အထက်အကြီးအကဲ ဆရာသမားတွေကို ကျေးဇူးတင်ပါတယ်။ နောက်ဆုံးကတော့ ဆိုရှယ်မီဒီယာမှာရော၊ ပုံနှိပ်ထုတ်ဝေတဲ့ စာအုပ်တွေမှာရော အမြဲအားပေးပြီးဝေဖန်ပေးတဲ့ ကျွန်တော့်မိတ်ဆွေ သူငယ်ချင်းတွေ၊ စာဖတ်ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ သူတို့ရဲ့ အားပေးမှုကြောင့်သာ ကျွန်တော် စာတွေဆက်ရေးနိုင်တယ်လို့ ပြောမယ်ဆိုမမှားပါဘူး။

အခြားဖြည့်စွက်ချင်တာကတော့ လူငယ်တွေက စာမဖတ်ဘူးလို့ပြောတာက နည်းနည်းမှားတယ်လို့ ထင်ပါတယ်။ ဒီနေ့ခေတ်မှာ လူငယ်တွေက စာအုပ်ကိုင်ဖတ်တာထက် ဆိုရှယ်မီဒီယာနဲ့ အင်တာနက်ကတစ်ဆင့် သူတို့သိလိုတာ၊ သိချင်တာတွေကို အမြဲရှာဖွေ ဖတ်ရှုတတ်ပါတယ်။ ဒါပေမဲ့ စာကိုရွေးချယ်ပြီး ဖတ်ရှုဖို့ကလည်း အရေးကြီးပါတယ်။ ကိုယ့်အတွက်တင်မဟုတ်ဘဲ ကိုယ့်လူမျိုးအတွက်၊ ကိုယ့်နိုင်ငံအတွက် အကျိုးရှိမယ့်စာတွေ ဖတ်ရှုလေ့လာသင့်ပါတယ်။ ဒါကြောင့် စာဖတ်တဲ့လူငယ်တွေလည်း စာအားလုံးကိုဖတ်ပါ။ ဒါပေမဲ့ စာအုပ်ထဲမှာပါတာတွေကို ကိုယ့်ရဲ့ကိုယ်ပိုင်အသိဉာဏ်၊ ကိုယ့်နိုင်ငံရဲ့ အခြေအနေတွေနဲ့ ယှဉ်ထိုးသုံးသပ်ပြီး ယူသင့်တာကိုယူ၊ ပယ်သင့်တာကိုပယ်ပါလို့ ပြောကြားလိုပါတယ်။

စာရေးသူ၏အမည်ရင်းမှာ ဦးဇေယျာလင်းဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂) သို့ တက်ရောက်ခဲ့ကာ ၂၀၀၉ ခုနှစ်တွင် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ အထူးပြုဘာသာရပ်ဖြင့် သင်တန်းဆင်း၍ တပ်မတော် သိပ္ပံနှင့်နည်းပညာ သုတေသနဌာနတွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

စာပေလောကသို့ ၂၀၁၂ ခုနှစ်တွင်စတင်ဝင်ရောက်ပြီး ပုံချီဟူသော ကလောင်အမည်ဖြင့် စစ်သမိုင်းဆောင်းပါးများနှင့် မြန်မာ့သမိုင်းနောက်ခံဝတ္ထုများ ရေးသားခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် Online Journal ဖြစ်သော စစ်မှတ်တမ်းဂျာနယ်တွင် အယ်ဒီတာအဖြစ် တာဝန်ယူကာ ဆိုရှယ်မီဒီယာတွင် စစ်မှတ်တမ်း page ကို လုပ်ကိုင်ခဲ့သည်။ စာရေးသူ၏ ပထမဆုံးထုတ်ဝေခဲ့သောဆောင်းပါးမှာ ၂၀၁၆ ခုနှစ် စစ်မှတ်တမ်းဂျာနယ်တွင် ပါဝင်သော "သိကြားမင်းကဲ့သို့ အသရေတင့်တယ်သောသူရဲကောင်း" ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် "ပန်းသင်းခွေတို့ ပွင့်ရာမြေ"၊ ၂၀၂၃ ခုနှစ်တွင် "ပျူနိုင်ငံတော်နှင့်အခြားသမိုင်း ဆောင်းပါးများ" စာအုပ်တို့ ထွက်ရှိခဲ့သည်။ သမိုင်းသုတေသနဆောင်းပါးများကို စစ်မှတ်တမ်းဂျာနယ်နှင့် Living Myanmar Media တို့တွင် ဆက်လက်ရေးသားလျက်ရှိပြီး ယခုအခါ နေပြည်တော် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် မော်ကွန်းတိုက်မှူးရုံးတွင် တွဲဖက်မော်ကွန်းထိန်းအရာရှိရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**ကြည်မင်းဝေ**
**အမျိုးသားစာပေဆု၊ ဝတ္ထုရှည်**

အခုဆုရရှိတဲ့ "စစ်သူကြီးမဟာမင်းထင် နော်ရထာ" စာအုပ်က မဟာမင်းထင်နော်ရထာ ဝတ္ထုကြီးကို ငယ်ဘဝအိပ်မက်အဖြစ် ရေးသားခဲ့ခြင်းဖြစ်သလို ဘဝမှတ်တိုင်တစ်ခုအနေနဲ့ အခက်အခဲအမျိုးမျိုးကြားက ကြိုးစားပန်းစားရေးခဲ့ခြင်းဖြစ်ပါတယ်။ ဝတ္ထုရှည်အနေနဲ့ တစ်ပုဒ်တလေမှ မရေးသားဖူးသလို ရာဇဝင်နောက်ခံဝတ္ထုကြီးဖြစ်လို့ ပိုပြီးခက်ခဲလှပါတယ်။ ကျွန်တော်မကျွမ်းကျင်ပါဘူး။ ဒီဝတ္ထုထဲက ဇာတ်လိုက်စံနက်ကျော်ကို သဘောကျအားကျလွန်းလို့ စံနက်ကျော်အကြောင်းကို ကိုယ့်ဘဝအမှတ်တရအဖြစ် ကျန်းမာရေးကောင်းတုန်း၊ ရေးနိုင်တုန်း ရေးကိုရေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်သန္နိဋ္ဌာန်နဲ့ ရေးခဲ့တာပါ။

ကုန်းဘောင်ခေတ်နောက်ဆုံးကာလမှာ သတ္တိဗျတ္တိ၊ ကတိသစ္စာတည်တဲ့ မြန်မာ့သူရဲကောင်း စံနက်ကျော်ဆိုတဲ့ ဘုရင့်တပ်သားတစ်ယောက်ဟာ အမှန်တကယ်ရှိခဲ့သော်ငြား သူ့ရဲ့မြန်မာပီသတဲ့ သည်းခံမှု၊ သစ္စာရှိမှု၊ အမျိုးကိုချစ်တဲ့ ဇာတိမာန်ထက်သန်မှု၊ ဘာသာတရားကိုမြတ်နိုးမှုဆိုတဲ့ စံထားလောက်ဖွယ် လက္ခဏာတွေရှိပါလျက် ဘာကြောင့် သမိုင်းမတွင်ခဲ့လေသလဲပေါ့။ ငယ်ငယ်ကဖတ်ဖူးတဲ့ ရာဇဝင်စာရေးဆရာကြီးတွေရဲ့စိတ်ကူးယဉ် အဖြည့်ခံဇာတ်ကောင်ဖြစ်နေလို့လားဆိုပြီး တတ်စွမ်းသမျှ ရှာဖွေဖတ်ရှုမိရင်း အမှန်တကယ်ရှိခဲ့တဲ့ စံထားလောက်ဖွယ် မြန်မာသူရဲကောင်းဆိုတာသိပြီး တူတူတန်တန် ရာဇဝင်ဝတ္ထုတစ်ပုဒ်ဖြစ်အောင် နှစ်နှစ်ဆယ်လောက် ကြိုးစားပြီး ရေးခဲ့ရပါတယ်။ အဲဒီအတွက် အကျိုးကျေးဇူးလည်း အများကြီးရခဲ့ပါတယ်။ အထောက်အကူပြုစာအုပ်ပေါင်း ၁၀၀ ကျော် ဖတ်ခဲ့ပါတယ်။ နှုတ်နဲ့မေးမြန်း အကြံတောင်းခံခဲ့ရတဲ့ဆရာတွေကလည်း အများအပြားပါပဲ။ ပညာရှင် အစုံပါပဲ။ နာမည်ကြီး ဝတ္ထုရေးဆရာကြီးတွေ၊ ဆောင်းပါးဆရာကြီးတွေ၊ ကဗျာဆရာကြီးတွေ၊ တေးရေး ဆရာတွေ၊ ရတုတေးထပ်ကျွမ်းကျင်ဆရာကြီးတွေ၊ နောက်ဆုံးဗေဒင်ပညာရှင်ကြီးတွေအထိ သေသေချာချာ မေးမြန်းအကြံဉာဏ်ရယူပြီး ရေးသားခဲ့ပါတယ်။


ဝတ္ထုရေးခြင်း အတတ်ပညာအနေနဲ့ကတော့ ရှေးရာဇဝင်ဝတ္ထုကြီးတွေကိုဖတ်ပြီး နည်းနာယူ ရေးခဲ့တာပါ။ ကျွန်တော်ကျွမ်းကျင်တဲ့ ရေးနည်းရေးဟန် မဟုတ်လို့ပါ။ ခေတ်ရဲ့စာပေရေစီးကြောင်း အခြေအနေကြောင့် ဒီဝတ္ထုကြီးရေးနေရင်း စာမူဘဝမှာပဲ အကြိမ်ကြိမ်ပစ်ထားခဲ့မိပါတယ်။ လက်လျှော့ချင်စိတ်အခါခါပါ။ ၂၀၁၈၊ ၂၀၁၉ ခုနှစ်ကျမှပဲ ထုတ်ဝေသူ သူငယ်ချင်း ဆရာရွှေအိုး(ဖိုးဝပုံနှိပ်တိုက်) ကြောင့် အားတက်သရောရေးဖြစ်ပါတယ်။ ဒါတောင် စာအုပ်ဈေးကွက်အရ ထုတ်ဝေသူကို အားနာတာတွေ၊ အကိုးအကားစာအုပ်ရှာဖွေရတဲ့ဒုက္ခကြောင့် ရပ်သွားခဲ့ပါသေးတယ်။ ဒီကာလတွေအတွင်း အနားမှာ အမြဲရှိနေကြတဲ့ ရဟန်းစာဆိုဘဝနာဂုဏ်ရည် ရှင်တေဇောလင်းကျောင်းက မေတ္တာရိပ် စာပေမောင်နှမတွေကြောင့် အောင်အောင်မြင်မြင်ရေးသားဖြစ်ခဲ့တာပါ။ အခက်အခဲပေါင်းစုံကြားက ထုတ်ဝေပေးကြတဲ့ ဖိုးဝစာပေနဲ့ပုံနှိပ်တိုက် မိသားစုတွေ၊ ဆရာရွှေအိုးပိုင်ရှင်ကိုစည်သူတို့ကို အထူးကျေးဇူးတင်ပါတယ်။

ဒီဆုရရှိတဲ့အပေါ် ခံစားချက်ပြောရရင် အထူးအထူးကို ပျော်ရွှင်ပါတယ်။ ကြည်နူးရပါတယ်။ ကြိုးစားခဲ့ရတဲ့ အဖူးအပွင့်လို့ခံစားမိပါတယ်။ အထူးသဖြင့် ပျော်ရွှင်ရတာကတော့ ကျွန်တော်က အမိမဲ့အဖမဲ့ ဘုန်းကြီးမွေးစားသားအဖြစ် ဘုန်းကြီးကျောင်းမှာကြီးပြင်းခဲ့တာပါ။ ကျွန်တော့်မွေးစားအဖေ ဦးလေးဘုန်းကြီးက ကျွန်တော့်ကိုရဟန်းဘဝနဲ့သူတည်ထောင်ခဲ့တဲ့ ဘုန်းကြီးကျောင်းကြီးကို အမွေဆက်ခံစေချင်ပါတယ်။ နောက်တစ်ချက်က စာရေးဆရာသိပ်ဖြစ်စေချင်ခဲ့တာပါ။ ဒါကြောင့် ကျွန်တော့် ဘုန်းဘုန်းကျေးဇူးကို ပထမအချက်နဲ့ ကျေးဇူးမဆပ်နိုင်သော်ငြားလည်း အခုတော့ ဒုတိယအချက်နဲ့ ကျေးဇူးဆပ်နိုင်ပြီလို့ တွေးမိပြီး အထူးပျော်ရွှင်ကျေနပ်မိပါတယ်။ ကျွန်တော် စာရေးဆရာဖြစ်ပြီလို့ ခံစားမိလို့ပါ။ ။

# ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရှင်တို့၏ ရင်တွင်းစကားသံများ

တွေ့ဆုံမေးမြန်း
ညိုမောင်

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့က ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထိုစာပေဆုရှင်များအား ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက် (၁၃၈၆ ခုနှစ် နတ်တော်လဆန်း၁ ရက်) စာဆိုတော်နေ့တွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။ စာပေဆုရှင်တို့၏ ရင်တွင်းစကားသံအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-


ချစ်ညွန့်ကျော်


လွမ်းနိုနို(ဘော်မြေ)


ရဲမင်းစိုး


အန်ကယ်ပညာ


မောင်မင်းထင်(မြစ်ဝကျွန်းပေါ်)

**ချစ်ညွန့်ကျော်**
**စာပေဗိမာန်စာမူဆု**
**(ဝတ္ထုရှည်) ဒုတိယဆု**

ကျွန်တော့် ကလောင်အမည်မှာ ချစ်ညွန့်ကျော် ဖြစ်ပါတယ်။ "ကွယ်လေးရဲ့ မောင့်ခြုံထည် တန်းသွယ်လို့မိုး" စာမူဖြင့် ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုရှည် ဒုတိယဆုရရှိခဲ့ပါတယ်။

စာမူရဲ့ရည်ရွယ်ချက်နဲ့ စေတနာအမှန်က ကိုယ့်တိုင်းပြည်ကို ချစ်မြတ်နိုးတတ်တဲ့စိတ်၊ မိဘအပေါ် စာနာနားလည်တဲ့စိတ်၊ ကူညီချင်တဲ့စိတ်၊ မကောင်းတဲ့ လူမှုပတ်ဝန်းကျင်မှာ မနေသင့်ဘဲ ရုန်းထွက်လာစေလိုတဲ့စိတ် စတဲ့ ပညာပေးဝတ္ထုအဖြစ် ကြိုးစားထားပါတယ်။ အခုလို ဘဝသရုပ်ဖော်ဝတ္ထုဆု ရရှိတဲ့အတွက် အကဲဖြတ်ပေးကြတဲ့ ဆရာဆရာမတွေကို အထူးကျေးဇူးတင်ရှိပါတယ်။

**လွမ်းနိုနို(ဘော်မြေ)**
**စာပေဗိမာန်စာမူဆု**
**(ဝတ္ထုတိုပေါင်းချုပ်) ဒုတိယဆု**

ကျွန်မ ကလောင်အမည်က လွမ်းနိုနို(ဘော်မြေ)ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးနှိမ်နင်းရေး ဗဟိုက ကျင်းပတဲ့ စာပေပြိုင်ပွဲ စာပေဆုတွေနဲ့ မြို့နယ်စာပေပြိုင်ပွဲစာပေဆုတွေကို ရရှိခဲ့ဖူးပါတယ်။

"မေတ္တာပန်းတို့လန်းစွင့်ဝေဖြာ မြေအောက်ကမ္ဘာ" ခေါင်းစဉ်နဲ့ စာပေဗိမာန်စာမူဆု (ဝတ္ထုတိုပေါင်းချုပ်) ဒုတိယဆုရရှိခဲ့လို့ အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိပါတယ်။ မိဘနှစ်ပါးနဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေကို ကျေးဇူးတင်ရှိပါတယ်။

ကျွန်မရဲ့ လက်ရေးစာမူကို အသိအမှတ်ပြု ဆုချီးမြှင့်ပေးတဲ့ ဆုရွေးချယ်ရေးကော်မတီအဖွဲ့မှ ဆရာ ဆရာမကြီးတွေကို အထူးကျေးဇူးတင်ပါတယ်။

ဆရာကြီးမောင်သာရ ထုတ်ဝေရေးသားခဲ့တဲ့ "လူထဲကဝတ္ထု ဝတ္ထုထဲကလူ" ဆိုသလို ပတ်ဝန်းကျင်မှာ တွေ့ရ၊ မြင်ရ၊ ကြားသမျှတွေကို အတုယူစရာ၊ မှတ်သားစရာတွေပါအောင် ကြိုးစားရေးဖွဲ့ခဲ့ပြီး လူသိနည်းတဲ့ မိုင်းဝန်ထမ်းတွေရဲ့ ဘဝနဲ့နေထိုင်ပုံ၊ အချင်းချင်းကူညီဖေးမ၊ စာနာ၊ အနစ်နာခံပုံလေးတွေကိုလေးစားချီးကျူးစိတ်နဲ့ ရေးသားဖြစ်ခဲ့ပါတယ်။

ဝတ္ထုတို ပေါင်းချုပ်ထဲမှာ မြို့တစ်မြို့၊ ရွာတစ်ရွာ၊ နယ်တစ်နယ်စီတွေရဲ့ ယဉ်ကျေးမှုဓလေ့တွေ၊ ပျောက်ကွယ်လုဆဲ လက်မှုပညာနဲ့ ဒေသန္တရဗဟုသုတတွေကို ရသစာပေချစ်မြတ်နိုးစိတ်နဲ့ ကြိုးစားရေးသားခဲ့ပါတယ်။

ဓလေ့ထုံးတမ်းစဉ်လာတွေကို ထိန်းသိမ်းစေချင်တဲ့ စေတနာ၊ လူ့သဘော၊ သဘာဝတွေကိုသိရှိစေချင်၊ တန်ဖိုးထားစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ရေးသားခဲ့ခြင်းဖြစ်ပါတယ်။

**ရဲမင်းစိုး**
**စာပေဗိမာန်စာမူဆု**
**(ဝတ္ထုတိုပေါင်းချုပ်) တတိယဆု**

ကျွန်တော့်အမည် စိုးမြင့်ဖြစ်ပြီး ကလောင်အမည်က ရဲမင်းစိုးပါ။ လက်ရှိနိုင်ငံ့တာဝန်တွေကို ထမ်းဆောင်နေပြီး ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ညွှန်ကြားရေးမှူးတာဝန်၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနဲ့ ခရိုင်အုပ်ချုပ်ရေးမှူး တာဝန်တွေကိုထမ်းဆောင်နေပါတယ်။

အခုရရှိတဲ့ စာပေဗိမာန်စာပေဆုနဲ့ဆိုရင် သုံးနှစ်ဆက်တိုက် ရရှိခြင်းလည်း ဖြစ်ပါတယ်။ ပထမအကြိမ်ကတော့ "တိမ်တွေလွင့်မျောနေသည်နှင့် အခြားဝတ္ထုတိုများ" နဲ့ ဝတ္ထုတိုပေါင်းချုပ် ပထမ၊ ဒုတိယအကြိမ်က "အဖေ့အရိပ်များ" ဝတ္ထုရှည်နဲ့ ဒုတိယဆု၊ အခုအကြိမ်ကတော့ "မုန်တိုင်းကိုမမှု အန်ကိုတုလေသော်နှင့် အခြားဝတ္ထုတိုများ" နဲ့ တတိယဆုဖြစ်ပြီး စာပေဗိမာန်ဆုအနေနဲ့ သုံးနှစ်ဆက်တိုက် ချီးမြှင့်ခံရခြင်းလည်း ဖြစ်ပါတယ်။

ကျွန်တော်က ဝတ္ထုတွေရေးဖွဲ့တဲ့အခါ ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရတာကို ရေးဖွဲ့တဲ့ရသစာပေတွေများပါတယ်။ ဒီဝတ္ထုခေါင်းစဉ်နဲ့အတူ ပြိုင်ပွဲဝင်ခဲ့တဲ့ ဝတ္ထုတိုငါးပုဒ်က နာဂစ်မုန်တိုင်းကို အခြေခံရေးဖွဲ့ခဲ့တဲ့ ဝတ္ထုတွေပါ။ ကိုယ်တိုင်လည်း နာဂစ်မုန်တိုင်းကျရောက်ခဲ့တဲ့ လပွတ္တာမြို့နယ်ထဲမှာ ရေဘေးကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို သွားရောက်ဆောင်ရွက်ရင်းနဲ့ ကြုံတွေ့ခဲ့ရတာကို ခံစားရေးဖွဲ့ခြင်းပါ။

အခုလို ဆုတွေရွေးချယ်ချီးမြှင့်ပေးပါတဲ့ ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်စာပေဆုရွေးချယ်ရေးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေ၊ ရဲမင်းစိုးဆိုပြီးဖြစ်လာအောင် "အမိန့်ဟူသည်" ဝတ္ထုလေးကို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းမှာ စတင်ဖော်ပြပြီး စာပေနယ်ထဲ လက်တွဲခေါ်ယူလာခဲ့တဲ့ ဆရာကြီးမြင်းမူမောင်နိုင်မိုး၊ ကျွန်တော့်စာအုပ်တွေထုတ်တိုင်း ဝေဖန်အကြံပြုစာတွေ ရေးပေးတဲ့ ဆရာကြီးမောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ အားပေးဖော်ဆရာတွေဖြစ်ကြတဲ့ ဆရာမြအောင်၊ ဆရာမောင်မောင်စိုးနဲ့ ဆရာကျော်ကျော်၊ စာဖတ်ပရိသတ်တွေ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။

**အန်ကယ်ပညာ**
**စာပေဗိမာန်စာမူဆု**
**(စာပဒေသာ) ပထမဆု**

ကျွန်တော်ကတော့ အန်ကယ်ပညာပါ။ ၂၀၂၃ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာဘာသာရပ်မှာ "မေမေ့ဆံပင်နှင့် ဘဝလက်တစ်ကမ်းမှ ရသစာတမ်းငယ်များ" ခေါင်းစဉ်နဲ့ ပထမဆု ရရှိခဲ့ပါတယ်။ အခု ဆုရခဲ့တဲ့စာမူမှာ ခေါင်းစဉ်နဲ့အညီပဲ အဓိကအနေနဲ့ ကျွန်တော်နဲ့ အနီးကပ်ဆုံး ဆက်ဆံနေကြရတဲ့ ကျွန်တော့်နှစ်ဖက်မိဘတွေ၊ သမီး သုံးယောက်နဲ့ ကျွန်တော့်ဇနီးတို့နဲ့ လူမှုဆက်ဆံရေးကို အခြေခံပြီးရေးခဲ့တာပါ။ ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းတွေ သာမက ကြုံတွေ့ခဲ့ရတဲ့ ချစ်စရာတိရစ္ဆာန်လေးတွေအကြောင်းလည်း ပါပါတယ်။ သူတို့နဲ့တွေ့ဆုံဆက်ဆံရင်း ရရှိခဲ့တဲ့အတွေ့အကြုံတွေက ပေးစွမ်းတဲ့ ခံစားမှုလေးတွေကို ကိုယ့်အတွက်လည်း မှတ်တမ်းဖြစ်အောင် ဖတ်ရှုမိသူအတွက်လည်း တစ်စုံတစ်ခု ရရှိသွားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပုံဖော်ခဲ့တဲ့ စာတမ်းငယ်အစုအဖွဲ့လေးဖြစ်ပါတယ်။ အခုတော့ ဒီစာတမ်းအစုအဖွဲ့ကို အလေးအမြတ်ထား ဂုဏ်ပြုခံရတဲ့အတွက် ကျေးဇူးရှိခဲ့ဖူးသူ အားလုံးကို ကျေးဇူးတင်သလို အတိုင်းမသိ ဝမ်းမြောက် ဂုဏ်ယူမိကြောင်းလည်း ပြောပါရစေခင်ဗျာ။

**မောင်မင်းထင်(မြစ်ဝကျွန်းပေါ်)**
**စာပေဗိမာန်စာမူဆု**
**(နိုင်ငံရေးစာပေ) ဒုတိယဆု**

ကျွန်တော့်ရဲ့ ကလောင်အမည်ကတော့ မောင်မင်းထင်(မြစ်ဝကျွန်းပေါ်) ဖြစ်ပါတယ်။ စာနယ်ဇင်းတွေမှာ နိုင်ငံရေးဆိုင်ရာ၊ စာပေဆိုင်ရာ ဆောင်းပါးတွေကို ရေးသားခဲ့သူဖြစ်ပါတယ်။

၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုကို "လွတ်လပ်ရေးကြေညာစာတမ်းကိုလှေ့လာဖွင့်ဆိုချက်" စာမူနဲ့ နိုင်ငံရေးဆိုင်ရာစာပေပညာရပ်မှာ ဒုတိယဆု ရရှိခဲ့ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးပြန်လည်ရရှိခဲ့တဲ့ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ ပထမဆုံးအကြိမ် "မြန်မာ့လွတ်လပ်ရေးအောင်ပွဲ" အခမ်းအနားကို ကျင်းပခဲ့တဲ့အခါမှာ နိုင်ငံတော်ယာယီဝန်ကြီးချုပ် သခင်နုက "အောင်စေသတည်း" အစရှိတဲ့ "မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်း" ကို ဖတ်ကြားကြေညာခဲ့ပါတယ်။ အခုဆိုရင် ၇၆ နှစ်ကျော်လို့ ၇၇ နှစ်တောင် ရောက်ပါတော့မယ်။ အဲဒီလို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးရဲ့ နှလုံးသည်းပွတ်သဖွယ် ဖြစ်တဲ့ လွတ်လပ်ရေးနေ့နဲ့အတူ ဖြစ်တည်ခဲ့တဲ့ လွတ်လပ်ရေးကြေညာစာတမ်းရဲ့ လေးနက်မှု၊ အဓိပ္ပာယ်ပြည့်စုံမှုတွေကို ယနေ့လူငယ်၊ လူရွယ်တွေ သိရှိနားလည်ပြီး ရရှိထားပြီးတဲ့ လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်စေလိုတဲ့ စေတနာတရားတွေ ဖြစ်ပေါ်လာစေဖို့ ရည်ရွယ်ပြီး အကျယ်ဖွင့်ဆိုရှင်းလင်းတင်ပြခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ ကြိုးစားအားထုတ်မှုအပေါ် အသိအမှတ်ပြုပြီး ဆုရွေးချယ်ချီးမြှင့်ပေးတဲ့ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့ကို ကျေးဇူးအထူးတင်ရှိပါတယ်။

## ရန်ကင်းမြို့နယ်ရှိ မြို့မဈေးအတွင်း မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်




ရန်ကင်း နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ယနေ့နံနက် ၉ နာရီက ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ရန်ကင်းမြို့မဈေး မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ် ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးဘေးလုံခြုံရေး အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံအဖွဲ့များက ရန်ကင်းမြို့မဈေးအတွင်း မီးသုံးစွဲမှု၊ ကုန်ပစ္စည်းများ စနစ်တကျထားရှိမှု၊ မီးသတ်ယာဉ် ဝင်/ထွက်နိုင်မှု၊ ရေရရှိရေးနှင့် ရှေးဦးမီးငြိမ်းသတ်ရေး အသင့်ဆောင်ရွက်ထားရှိမှုတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **လှလှထွေး**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၆

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၇၇၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်(RCEP)က ကမ္ဘောဒီးယားနိုင်ငံအား အရှေ့တောင်အာရှဒေသဈေးကွက်သို့ ဝင်ရောက်နိုင်ရန် အခွင့်အရေးပေးအပ်

**ဖနောင်ပင် နိုဝင်ဘာ ၂၆**

ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်(RCEP) သည် ကမ္ဘောဒီးယားနိုင်ငံအား လူဦးရေ ၂ ဒသမ ၃ ဘီလီယံရှိသည့် အရှေ့တောင်အာရှဒေသတွင်းဈေးကွက်အတွင်းသို့ ဝင်ရောက်နိုင်ရန် အခွင့်အရေးပေးအပ်ခဲ့ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က နိုဝင်ဘာ ၂၆ ရက်တွင် ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းသဘောတူညီချက်အရ ဒေသတွင်း ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ စားသုံးသူ ၁၇ သန်းရှိသည့် ပြည်တွင်းဈေးကွက်ကိုသာမကဘဲ ဒေသတွင်း ဈေးကွက်တန်ဖိုးဘီလီယံနှင့်ချီသည့် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံဆောင်ရွက်နိုင်ကြောင်း ဖနောင်ပင်၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ တရုတ်စီးပွားရေးနှင့် နည်းပညာထိပ်သီးဆွေးနွေးပွဲတွင် ၎င်းက ထပ်လောင်းပြောကြားသည်။

မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ခြင်းသက်သက်သာမကဘဲ အရှေ့တောင်အာရှဒေသ၏ အနာဂတ်ကိုပါ မြှင့်တင်ရန် အခွင့်အရေးပေးအပ်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယင်းထိပ်သီးဆွေးနွေးပွဲသည် နိုင်ငံတကာ ထိပ်သီးဆွေးနွေးပွဲဖြစ်ပြီး ကမ္ဘာ့စီးပွားရေးတွင် ဦးဆောင်နေသည့် တရုတ်နိုင်ငံအား ကမ္ဘာ့နိုင်ငံများနှင့် စီးပွားရေးအရ ချိတ်ဆက်ရန် စင်္ကြံတစ်ခုအဖြစ် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အဆင့်မြင့် ဆွေးနွေးပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့သည်။



ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်(RCEP) သည် အရှေ့တောင်အာရှနိုင်ငံများအသင်းဝင် နိုင်ငံများအကြား လုံခြုံရေး၊ သာယာဝပြောရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်လာစေရေးအတွက် အစွမ်းထက်မြက်သည့် ယန္တရားအဖြစ် ရပ်တည်နေကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဘက်စုံကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ဝန်ကြီး ဆော့ဒ်ဆီဖာနာက ပြောကြားသည်။ ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်(RCEP) သည် ဒေသတွင်း ထောက်ပံ့ရေးကွင်းဆက်များကို မြှင့်တင်ပေးပြီး အာဆီယံ၏ ဒေသတွင်း လုပ်ငန်းမူဘောင်များတွင် သမာသမတ်ရှိနေမှုကို အားဖြည့်ပေးခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အရှေ့တောင်အာရှဒေသတွင်း၌ တည်ငြိမ်မှုရရှိစေရေးအတွက် ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်(RCEP)ပါ သဘောတူညီချက်များကို အစွမ်းကုန် အကောင်အထည်ဖော် ဆောင်ရွက်ရန် RCEP အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းကြောင်းနှင့် ယင်းသဘောတူညီချက်သည် ဒေသတွင်းတည်ငြိမ်ရေးအတွက် စွမ်းအင်တစ်ခုဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံတို့ဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဖွဲ့စည်းခဲ့ပြီး မိတ်ဖက်ကုန်သွယ်ဖက်နိုင်ငံများမှာ သြစတြေးလျ၊ တရုတ်၊ ဂျပန်၊ နယူးဇီလန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

---



# ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ရန် လာအိုအစိုးရ ဆောင်ရွက်မည်

**ဗီယင်ကျန်း နိုဝင်ဘာ ၂၆**

လာအိုအစိုးရသည် ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ရန်နှင့် သွင်းကုန်လျှော့ချရန် သိသာထင်ရှားသောခြေလှမ်းများကို လုပ်ဆောင်နေပြီး စက်မှုလုပ်ငန်းများ အားကောင်းစေရန်၊ လာအိုနိုင်ငံမှ ထုတ်ကုန်များ အသုံးပြုမှုနှင့် တင်ပို့ရောင်းချမှုမြှင့်တင်ရန် ဆောင်ရွက်နေကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

**ပံ့ပိုးဆောင်ရွက်**

အစိုးရကဆောင်ရွက်သည့် အဓိကအစီအမံများတွင် ကဏ္ဍအသီးသီးရှိ စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊ သွင်းကုန်အစားထိုးပစ္စည်းများထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို ဦးစားပေးပံ့ပိုးဆောင်ရွက်ခြင်းနှင့် ပြည်တွင်းကုန်ပစ္စည်းထုတ်လုပ်မှုအတွက် အဆင်ပြေသော ပတ်ဝန်းကျင်တစ်ခုဖန်တီးရန် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းတို့ ပါဝင်သည်။

လာအိုစက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများမြှင့်တင်ရန်၊ လုပ်ထုံးလုပ်နည်းများ ချောမွေ့စေရန်နှင့် စီးပွားရေးလုပ်ငန်းများအတွက် ပံ့ပိုးကူညီမှုများပေးအပ်ရန် ကြိုးပမ်းမည်ဖြစ်သည်။

လာအိုအစိုးရသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် စီးပွားရေးဆိုင်ရာ ပတ်ဝန်းကျင်ကို မြှင့်တင်ရန် ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေးစရိတ်စကများကို လျှော့ချရန်၊ စီးပွားရေးနှင့် ဘဏ္ဍာရေး အခြေအနေများ တည်ငြိမ်စေရေးနှင့် အဓိကစက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် မူဝါဒများချမှတ်ခြင်း၊ ဥပဒေများနှင့် စည်းမျဉ်းများကို ပြန်လည်ပြင်ဆင်ခြင်းများအပါအဝင် လိုအပ်သည့်လုပ်ငန်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

---

# ရုရှားနိုင်ငံ၌ တားမြစ်ထားသည့် သတင်းအချက်အလက်များကို ၎င်း၏စာမျက်နှာမှဖယ်ရှားရန် ငြင်းဆန်ခဲ့သည့် တယ်လီဂရမ်အား ဒဏ်ရိုက်

**မော်စကို နိုဝင်ဘာ ၂၆**

လူမှုမီဒီယာတစ်ခုဖြစ်သည့် တယ်လီဂရမ်သည် ရုရှားနိုင်ငံတွင် တားမြစ်ထားသည့် သတင်းအချက်အလက်များကို ၎င်း၏ စာမျက်နှာမှ ဖယ်ရှားရန် ငြင်းဆန်ခဲ့သည့်အတွက် ရုရှားတရားရုံးတစ်ရုံးက တယ်လီဂရမ်အား ဒဏ်ငွေ ရူဘယ် ခုနစ်သန်းဒဏ်ရိုက်ခဲ့ကြောင်း အဆိုပါတရားရုံးသတင်းထုတ်ပြန်ရေးအဖွဲ့က နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

**တားမြစ်ရန်ပျက်ကွက်**

ရုရှားနိုင်ငံ၏ ဥပဒေအရ တားမြစ်ရန်လိုအပ်သည့် သတင်းအချက်အလက်များကို တားမြစ်ရန် ပျက်ကွက်သည့်အတွက် လူမှုမီဒီယာဖြစ်သည့် တယ်လီဂရမ်တွင် အပြစ်ရှိကြောင်း တရားရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မည်သည့်သတင်းများ ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း တရားရုံးက ပြောကြားခြင်းမရှိချေ။ ပြီးခဲ့သည့်လအတွင်းကလည်း တယ်လီဂရမ်အား အလားတူအမှုဖြင့် ဒဏ်ငွေ ရူဘယ် လေးသန်း ဒဏ်ရိုက်ခဲ့သည်။



ကမ္ဘာတစ်ဝန်း၌ လက်ရှိအချိန်တွင် တယ်လီဂရမ် သုံးစွဲသူ သန်း ၉၀၀ နီးပါးရှိသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

---

# နယူးဇီလန်နိုင်ငံ၌ အွန်လိုင်းအသုံးပြုသူကလေးများ ထိခိုက်မှုများကြုံတွေ့နေရကြောင်း ပညာရှင်များပြောကြား



**ဝယ်လင်တန် နိုဝင်ဘာ ၂၆**

နယူးဇီလန်နိုင်ငံရှိ အသက်ရှစ်နှစ်အရွယ်ကလေးများ၏ လေးပုံတစ်ပုံကျော်သည် အွန်လိုင်းတွင် အနိုင်ကျင့်မှုနှင့် မသင့်လျော်သည့် ထုတ်လွှင့်မှုများ ကြည့်ရှုခံစားနေရမှုကို တွေ့ကြုံခဲ့ရကြောင်းနှင့် ၎င်းတို့အတွက် အွန်လိုင်းမှ တစ်ဆင့် ရရှိလာသည့် ဆိုးကျိုးများအဖြစ် လူနေမှုဘဝတွင် ထိခိုက်မှုများ ဖြစ်ပွားနေကြောင်း နိုဝင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်သည့် လေ့လာမှုတစ်ခုတွင် ဖော်ပြခဲ့သည်။

နယူးဇီလန်နိုင်ငံမှ အသက်ရှစ်နှစ်အရွယ်ကလေးငယ် ၅၀၀၀ နီးပါးကို စစ်တမ်းကောက်ယူမှုတွင် ၎င်းတို့၏ လူမှုမီဒီယာဆိုင်ရာ စိတ်ခံစားမှု၊ အပြုအမူနှင့် မီဒီယာများသို့ ဝင်ရောက်ကြည့်ရှုမှုတို့ကို အသေးစိတ်လေ့လာခဲ့သည်။

အွန်လိုင်းတွင် ထိခိုက်မှုများ ကြုံတွေ့နေရခြင်းသည် စိတ်ကျရောဂါ လက္ခဏာများနှင့် ဆက်စပ်နေပြီး ကလေးများအား မိမိကိုယ်ကို တန်ဖိုးထားမှုနည်းပါးစေသည်ဟု ကန်တာဘူရီတက္ကသိုလ်မှ သုတေသီများက ဆိုသည်။

အွန်လိုင်းသုံးစွဲမှုအချိန် တိုးပွားလာနေသောကြောင့် ကလေးများတွင် မသင့်လျော်သော အကြောင်းအရာများ တွေ့ကြုံရခြင်းအပါအဝင် ဆိုက်ဘာအနိုင်ကျင့်ခြင်းနှင့် စိတ်အနှောင့်အယှက်ဖြစ်စေသည့် အတွေ့အကြုံများမှ တစ်ဆင့် စိတ်ကျရောဂါ ဖြစ်ပွားစေနိုင်ကြောင်း ကန်တာဘူရီတက္ကသိုလ်မှ ပညာရှင်တစ်ဦးက ပြောကြားသည်။

ကလေးများ၏ အွန်လိုင်းအသုံးပြုမှုကို ထိန်းချုပ်ခြင်းထက် ပူးပေါင်းလုပ်ဆောင်သည့် နည်းလမ်းများကို မိဘများက ဆောင်ရွက်ရန် ပညာရှင်များက အကြံပြုထားသည်။

**စည်းမျဉ်းများချမှတ်ဆောင်ရွက်**

ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် ကလေးများ အွန်လိုင်းအသုံးပြုမှုနှင့်ပတ်သက်၍ စည်းမျဉ်းများ ချမှတ်ဆောင်ရွက်နေပြီး အွန်လိုင်းမှ ကလေးများအား ခြိမ်းခြောက်လာနိုင်သည့် အန္တရာယ်များကို တားဆီးရန် ပညာရှင်များက ဆောင်ရွက်နေရာ နိုင်ငံအသီးသီးက ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာနေကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ရန်ကုန်တိုင်းဒေသကြီးတွင် ဖုန်းဖြင့်ဆက်သွယ်ကာ အယောင်ဆောင်ပြောဆို၍ ငွေကြေးများအကြိမ်ကြိမ်လိမ်လည်ရယူခဲ့သူ တရားခံအမျိုးသားငါးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီးတွင် ဖုန်းဖြင့်ဆက်သွယ်ကာ အယောင်ဆောင်ပြောဆို၍ ငွေကြေးများ အကြိမ်ကြိမ်လိမ်လည်ရယူခဲ့သူ တရားခံအမျိုးသားငါးဦးအား သက်သေခံပစ္စည်းများနှင့်အတူ နိုဝင်ဘာ ၁၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လူမှုကွန်ရက်စာမျက်နှာများတွင် ဖုန်းဖြင့်ဆက်သွယ်၍ ငွေကြေးလိမ်လည်တောင်းခံမှုများ ဖြစ်ပွားနေကြောင်း ဖော်ပြပါရှိမှုများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မိမိ၏အမာခံ သတင်းပေးများ၊ ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များ၊ နည်းပညာဆိုင်ရာ အထောက်အကူပြုပစ္စည်းများမှရရှိသော အချက်အလက်များကိုအခြေခံကာ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းတွင် အမြန်လမ်းမကြီး(Zero)မိုင် တိုးဂိတ်၌ မကွေးတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးသို့ ပြေးဆွဲနေသည့် “နန်းထိုက်တော်ဝင်” ခရီးသည်တင်ယာဉ်ပေါ်မှ ဖုန်းဖြင့်ဆက်သွယ်၍ ငွေကြေးလိမ်လည်မှုကျူးလွန်သူများဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျောက်စံကျေးရွာနေ သက်ပိုင်(ခ)သက်ခိုင်(ခ)ဇော်သက်ပိုင် ၂၃ နှစ်(ဘ)ဦးအေးမင်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (တောင်) ရပ်ကွက်နေ စိုးရာဇာဟိန်း(ခ) အောင်ထိုက်(ခ) လင်းမြတ်စံ(ခ)ကိုလင်း ၃၆ နှစ် (ဘ)ဦးတင်ဦးတို့နှစ်ဦးနှင့် တရားခံများဖြစ်ကြသည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(တောင်)ရပ်ကွက်နေ ဘိုဘိုထွန်း ၂၀ နှစ်(ဘ)ဦးစိုးထွဋ်၊ အောင်ဇာနည်ဖြိုး ၂၀ နှစ် (ဘ)ဦးမြင့်ဇော်၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၁၆) ရပ်ကွက်နေ စိုးသီဟ(ခ) ဖြိုးသီဟဇော် ၃၂ နှစ် (ဘ)ဦးစိုးထွန်းတို့ငါးဦးအား လက်ကိုင်ဖုန်းမျိုးစုံခြောက်လုံး၊ နှင်းမောင်မောင်လွင် [၁၂/ထတပ(နိုင်)၁၄၃၀၆၆]၊ အောင်ထိုက် [၁၄/မမက (နိုင်)၃၄၄၆၁၈]၊ ဘိုဘိုထွန်း [၇/နတလ(နိုင်)၁၆၉၇၉၈]၊ အောင်ဇာနည်ဖြိုး [၁၂/ထတပ(နိုင်) ၁၆၈၅၇၈] နှင့် စိုးသီဟ [၁၂/သလန(နိုင်)၁၀၇၃၄၅] နံပါတ်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားငါးခု၊ KBZ Bank MPU ကတ်တစ်ခု၊ AYA Bank MPU ကတ်တစ်ခု၊ YOMA Bank MPU ကတ်တစ်ခု၊ ငွေ ကျပ်၂၈၀၀၀၀၊ စိန်လက်စွပ်တစ်ကွင်း၊ ရွှေဖြင့်ပြုလုပ်ထားသည့် ပီရှူးလက်ပတ်တစ်ခုတို့နှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။



(ဝဲ မှ ယာ) တရားခံ သက်ပိုင်(ခ)သက်ခိုင်(ခ)ဇော်သက်ပိုင်၊ စိုးရာဇာဟိန်း(ခ)အောင်ထိုက်(ခ) လင်းမြတ်စံ(ခ)ကိုလင်း၊ ဘိုဘိုထွန်း၊ အောင်ဇာနည်ဖြိုး၊ စိုးသီဟ(ခ)ဖြိုးသီဟဇော်တို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိတရားခံ သက်ပိုင်(ခ)သက်ခိုင်(ခ) ဇော်သက်ပိုင်၏ ထွက်ဆိုချက်အရ ၎င်းသည် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် (၁)ထိပ်ရှိ အဆောင်တွင် ငှားရမ်းနေထိုင်ခဲ့ပြီး အောင်မင်္ဂလာအဝေးပြေးကားဝင်း၌ ခရီးသည်ကြိုသည့်အလုပ်ကို လုပ်ကိုင်ခဲ့ကြောင်း၊ ထိုသို့လုပ်ကိုင်နေစဉ် ခင်မင်ရင်းနှီးသူ ဦးဟိန်းခန့်နှင့် ပူးပေါင်း၍ နတ်ကနားစီးအလုပ် လုပ်ကိုင်နေစဉ် အဆောင်မှ Jasmine Palace Hotel သို့ ပြောင်းရွှေ့ကာ စိုးရာဇာဟိန်း(ခ)အောင်ထိုက်(ခ)လင်းမြတ်စံ(ခ) ကိုလင်း၊ ဘိုဘိုထွန်း၊ အောင်ဇာနည်ဖြိုး၊ စိုးသီဟ(ခ) ဖြိုးသီဟဇော်တို့နှင့်အတူနေထိုင်ပြီး ကောက်ယူရရှိထားသည့် အောင်ထိုက်နှင့် နှင်းမောင်မောင်လွင် အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်များအား ပြုပြင်အသုံးပြု၍ KBZ Pay နှင့် Wave Pay အကောင့်များ ဖွင့်လှစ်ကာဖုန်းအမှတ် ၀၉ – ၅ နှင့်စသည့် ဖုန်းနံပါတ်များအား ဆက်သွယ်၍ ငွေကြေးလိမ်လည်တောင်းခံမှုများပြုလုပ်ခဲ့ကြောင်း။

လိမ်လည်မှုများအနေဖြင့် ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ၎င်း၏လက်ကိုင်ဖုန်းအမှတ် ၀၉-၄၄၇၈၃၆၉၇၈ ဖြင့် လိုက်လံဆက်သွယ်၍ တစ်ဖက်ဖုန်းလက်ခံဖြေကြားသူ၏ သူငယ်ချင်းအဖြစ် အယောင်ဆောင်ပြီး ၎င်းမှာ ကားတိုက်ခံရ၍ ဆေးရုံရောက်နေကြောင်း၊ အရေးပေါ်ခွဲစိတ်ခန်းဝင်ရမည်ဖြစ်၍ ငွေလိုနေသဖြင့် ငွေလွှဲပေးရန်စသည်ဖြင့် ယုံကြည်အောင်လိမ်လည်ပြောဆိုကာ ရရှိသည့်ငွေကျပ် ခုနစ်သိန်းအားလည်းကောင်း။

စက်တင်ဘာလအတွင်း အမည်မမှတ်မိအဖြစ် အယောင်ဆောင်၍ ငွေကျပ် သိန်း ၅၀၊ ဦးတင်အောင်အဖြစ် အယောင်ဆောင်၍ ငွေကျပ် သိန်း ၅၀၊ ဦးမိုးရွှေအဖြစ်အယောင်ဆောင်၍ ငွေကျပ် သိန်း ၅၀ နှင့် အမည်မမှတ်မိအဖြစ် အယောင်ဆောင်၍ ငွေကျပ် ခုနစ်သိန်းအားလည်းကောင်း၊ အောက်တိုဘာလအတွင်း အမည်မမှတ်မိအဖြစ် အယောင်ဆောင်၍ ပထမအကြိမ်ငွေကျပ် သိန်း ၃၀၊ ဒုတိယအကြိမ်ငွေကျပ် သိန်း၂၀ တို့အားလည်းကောင်း၊ နိုဝင်ဘာလအတွင်း ဦးသောင်းဌေးအဖြစ် အယောင်ဆောင်၍ ငွေကျပ် ၇၇ သိန်းနှင့် အမည်မမှတ်မိအဖြစ် အယောင်ဆောင်၍ ငွေကျပ် ၂၅ သိန်းတို့အားလည်းကောင်း စုစုပေါင်းကိုးကြိမ် ရရှိငွေကျပ် ၃၁၆ သိန်းအား မိတ်ဆွေသူငယ်ချင်းအဖြစ် ယုံကြည်အောင်လိမ်လည်ပြောဆို၍ ၎င်းတို့အသုံးပြုလျက်ရှိသည့် အောင်ထိုက်နှင့် စိုးသူဝင်းအမည်ဖြင့် ဖွင့်လှစ်ထားသည့် KBZ Pay၊ နှင်းမောင်မောင်လွင် အမည်ဖြင့် ဖွင့်လှစ်ထားသည့် Wave Pay အကောင့်များသို့ လွှဲပြောင်းလက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက်စစ်ဆေးချက်များအရ ဖုန်းဖြင့်ဆက်သွယ်ကာ အယောင်ဆောင်ပြောဆို၍ ငွေကြေးလိမ်လည်မှုများအား သက်ပိုင်(ခ)သက်ခိုင်(ခ)ဇော်သက်ပိုင်က ဦးဆောင်၍ မိတ်ဆွေသူငယ်ချင်းအဖြစ် ယုံကြည်အောင် အယောင်ဆောင်ပြောဆိုလိမ်လည်ခဲ့ခြင်းဖြစ်ပြီး စိုးရာဇာဟိန်း(ခ)အောင်ထိုက်(ခ)လင်းမြတ်စံ(ခ)ကိုလင်း၊ ဘိုဘိုထွန်း၊ အောင်ဇာနည်ဖြိုးနှင့်စိုးသီဟ(ခ)ဖြိုးသီဟဇော်တို့လေးဦးက အယောင်ဆောင်ဆက်သွယ်၍ လိမ်လည်ရမည့် ဖုန်းနံပါတ်များအား ရှာဖွေစုဆောင်းပေးခြင်း၊ အယောင်ဆောင်ဆက်သွယ်၍ရရှိလာသည့် ငွေကြေးများအား လက်ခံထုတ်ယူရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြခြင်းနှင့် လက်ခံရရှိသည့်ငွေကြေးများအား ၎င်းတို့ငါးဦးက ခွဲဝေသုံးစွဲခဲ့ကြခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်တွင် ဖုန်းဖြင့်ဆက်သွယ်၍ အယောင်ဆောင်ပြောဆိုကာ ငွေကြေးများအကြိမ်ကြိမ်လိမ်လည်ရယူခဲ့သူ သက်ပိုင်(ခ)သက်ခိုင်(ခ)ဇော်သက်ပိုင်ပါ တရားခံငါးဦးအား စမ်းချောင်းမြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈/၄၇၁/၄၁၉/၁၁၄ ဖြင့် အမှုရေးဖွင့်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် ဆိုင်ကယ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၆

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင် အောင်လံမြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၇၀၃၅၃၆)ကိုလည်းကောင်း၊ နိုဝင်ဘာ၂၅ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးနှင့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၇၈၃၅၃၆ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇာသပြင်ပူးပေါင်း စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၃ မျိုး၊ လူသုံးကုန်ပစ္စည်း ကိုးမျိုး၊ ဆိုင်ကယ်အပိုပစ္စည်း ရှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၈၆၁၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Vanette နှစ်စီးနှင့် Toyota Dyna တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၆၁၃၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan Wingroad ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၉၁၈ တန်၊ သစ်မာ သုည ဒသမ ၇၀၃ တန်၊ အခြားသစ် သုည ဒသမ ၃၁၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၀၁၈၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၆၉၀၁၈၀ ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၂ ရက် နှင့် ၂၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၇၈၆၇၁၆) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက် ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပွဲတော်အတွင်း ပြိုင်ပွဲတွေအလိုက် အားကစားနည်းစုံလင်စွာပါဝင်ပြီး ကိုယ်စားပြုအားကစားသမားတွေက အားသွန်ခွန်စိုက်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် လာရောက်ကြည့်ရှုကြဖို့ ဖိတ်ခေါ်ပါတယ်

ဒေါ်ခိုင်မြတ်သူ (အုပ်ချုပ်သူ၊ ဝူရှူးအားကစားအသင်း၊ ရခိုင်ပြည်နယ်)


မောင်ကြည်စင်လင်း


မဖြိုးရတနာထွန်း


ဦးအောင်သူ


ဦးဇော်ဝင်းထွန်း



မောင်ဂျိုဆာဆီ


ဒေါ်ခိုင်မြတ်သူ

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအ ဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်နှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်ပြီး ဝန်ကြီးဌာနအဆင့်တွင် အားကစားနည်းခြောက်မျိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် အားကစားနည်း ၂၃ မျိုးနှင့် မသန်စွမ်းအားကစားနည်း လေးမျိုးဖြင့် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့မှ အဖွဲ့ခေါင်းဆောင်များ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများသည် နိုဝင်ဘာ ၂၅ ရက်မှစတင်၍ နေပြည်တော်သို့ ရောက်ရှိနေကြပြီး ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လေ့ကျင့်ရေးအားကစားကွင်းများ၊ အားကစားခန်းမများနှင့် အခြေခံပညာကျောင်းများ၌ တက်ကြွလှုပ်ရှားသည့် အားမာန်များ၊ မလျှော့သောဇွဲလုံ့လ၊ စွဲမြဲသောဝီရိယတို့ဖြင့် လေ့ကျင့်ကြိုးပမ်းလျက်ရှိကြပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့်အပေါ် ၎င်းတို့၏ စကားသံများကို ဖော်ပြလိုက်ပါသည်-

**မောင်ကြည်စင်လင်း**

**(တိုက်ကွမ်ဒိုအားကစားသမား၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်)**

ကျွန်တော့်အနေနဲ့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ တိုက်ကွမ်ဒို အားကစားပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပြီး နေပြည်တော်ကိုယ်စားပြု တိုက်ကွမ်ဒိုအားကစားအဖွဲ့မှာ အုပ်ချုပ်သူ နည်းပြ အားကစားသမားစုစုပေါင်း ၁၅ ဦးနဲ့ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီနှစ်ကျင်းပခဲ့တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် တိုက်ကွမ်ဒိုပြိုင်ပွဲမှာလည်း ငွေတံဆိပ်ဆု ရရှိခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့ကို ၁၀ လပိုင်းကတည်းက စခန်းသွင်းလေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ နှစ်လတာ လေ့ကျင့်ခဲ့မှုနဲ့အတူ အရင်ပြိုင်ပွဲအတွေ့အကြုံတွေနဲ့ပါပေါင်းစပ်ပြီး ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်တဲ့အတွက် ရွှေတံဆိပ်ဆုရရှိမယ်လို့ မျှော်မှန်းထားပါတယ်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိသလို အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်ကြမယ့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေနဲ့ တွေ့ဆုံခွင့်ရရှိမှာဖြစ်တဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။

**မဖြိုးရတနာထွန်း**

**(ခရစ်ကက်ကစားသမား၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်)**

နိုင်ငံတော်အဆင့်ကျင်းပတဲ့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ အမျိုးသားနဲ့အမျိုးသမီးအသင်း အားကစားသမား စုစုပေါင်း ၃၀ နဲ့ ယှဉ်ပြိုင်သွားမှာပါ။ တိုင်းဒေသကြီးနဲ့ပြည်နယ် ခရစ်ကက်ပြိုင်ပွဲမှာလည်း ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပေမယ့်လည်း ငွေတံဆိပ်ဆုနဲ့သာ ကျေနပ်ခဲ့ရပါတယ်။ အခုကျင်းပမယ့် ပြိုင်ပွဲမှာတော့ လေ့ကျင့်ချိန်နှစ်လကျော်ရရှိခဲ့တဲ့အတွက် ကျွန်မတို့အဖွဲ့အနေနဲ့ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ဆုရရှိဖို့အထိ ရည်မှန်းထားပါတယ်။ ရွှေတံဆိပ်ရရှိမယ်လို့လည်း တစ်သင်းလုံး ယုံကြည်ထားပါတယ်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ကျင်းပပေးတဲ့အတွက် ဒီပွဲတော်ကနေတစ်ဆင့် အားကစားကို စိတ်ပါဝင်စားတဲ့လူငယ်တွေအနေနဲ့ (၃၃)ကြိမ်မြောက်ကျင်းပမယ့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမှာဖြစ်သလို အခြားအခွင့်လမ်းကောင်းများစွာလည်း ရရှိမှာဖြစ်ပါတယ်။

**ဦးအောင်သူ**

**(ဒုတိယအဖွဲ့ခေါင်းဆောင်၊ ကချင်ပြည်နယ်)**

ကချင်ပြည်နယ်အနေနဲ့ ခရစ်ကက်နဲ့ ဗိုဗီနမ်အားကစားနည်းကလွဲရင် ကျန်တဲ့အားကစားနည်း ၂၁ နည်းကို အုပ်ချုပ်၊ နည်းပြ၊ အားကစားသမားစုစုပေါင်း ၃၈၈ ဦးနဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ရေကူးအားကစားနည်းကနေ ရွှေတံဆိပ် ငါးခု၊ ပြေးခုန်ပစ်အားကစားနည်းကနေ ရွှေတံဆိပ် ငါးခု မျှော်မှန်းထားပါတယ်။ ဒီလို ဆုတံဆိပ်တွေရရှိနိုင်အောင်အတွက် ပွဲတော်မှာပါဝင်ယှဉ်ပြိုင်ကြမယ့် အားကစားနည်းအလိုက် အားကစားသမားတွေကို စနစ်တကျ စခန်းသွင်းလေ့ကျင့်ပေးခဲ့ပါတယ်။ အခုလို နိုင်ငံတော်အဆင့်ပွဲတော်ကြီးမှာ အားကစားသမားတွေအနေနဲ့ ပြည်နယ်ကိုကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိတာဟာ ဂုဏ်ယူစရာဖြစ်ပါတယ်။ အမျိုးသားအားကစားပွဲတော်မှာ ကချင်ပြည်နယ်ကိုယ်စားပြုအသင်းများအနေနဲ့ ပြည်နယ်ချစ်စိတ်ကို အခြေခံပြီး အကောင်းဆုံးကြိုးစားယှဉ်ပြိုင်နိုင်ဖို့ ကြိုးစားပြင်ဆင်ဆောင်ရွက်နေပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူတွေက လိုအပ်တာတွေကို အချိန်နဲ့တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ အရင်နှစ် တိုင်းဒေသကြီးနဲ့ ပြည်နယ်အားကစားပြိုင်ပွဲတွေမှာလည်း ကျွန်တော်တို့ ကချင်ပြည်နယ်အနေနဲ့ အဆင့် (၂) ရရှိခဲ့ပါတယ်။

**ဦးဇော်ဝင်းထွန်း**

**(နည်းပြ၊ အမျိုးသမီးဘော်လီဘောအသင်း၊ ကချင်ပြည်နယ်)**

ကျွန်တော်တို့ ကချင်ပြည်နယ်ကိုယ်စားပြု ဘော်လီဘောအသင်းအနေနဲ့ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်မှာ အမျိုးသားအမျိုးသမီး ကစားသမားစုစုပေါင်း ၂၀ နဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ လေ့ကျင့်မှုအနေနဲ့ အားကစားနဲ့ကာယပညာဦးစီးဌာနနဲ့ ပြည်နယ်ဘော်လီဘောဆပ်ကော်မတီစီစဉ်ပေးမှုနဲ့အတူ လေ့ကျင့်ချိန် တစ်လရခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ အမျိုးသမီးဘော်လီဘောအသင်းကို အဓိကထားလာရောက်ယှဉ်ပြိုင်တာဖြစ်တဲ့အတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်ဘော်လီဘောပြိုင်ပွဲပြီးကတည်းက အမျိုးသမီးအသင်းကို တစ်နှစ်လုံးလေ့ကျင့်ပေးခဲ့ပါတယ်။ ဒါကြောင့် အမျိုးသမီးဘော်လီဘောအသင်းအနေနဲ့ ဒီပြိုင်ပွဲမှာ ရလဒ်ကောင်းတစ်ခုခုရမယ်လို့ မျှော်လင့်ပါတယ်။ အခုလို ပွဲတော်ကြီးကျင်းပပေးတဲ့အတွက် တိုင်းရင်းသားအားလုံးတွေ့ဆုံခွင့်ရပြီး ချစ်ကြည်ရင်းနှီးမှုတွေ ပိုမိုရရှိကြမယ်လို့ ထင်ပါတယ်။ အားကစားသမားဟောင်းကြီးတွေနဲ့လည်း ပြန်လည်တွေ့ဆုံခွင့်ရလို့ ဝမ်းသာပီတိဖြစ်ရတယ်။ ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့ဘဝတစ်လျှောက်မှာ မြန်မာ့အားကစားကို တိုးတက်စေချင်တယ်။ ဒါကြောင့် ဒီလိုပွဲတော်တွေကို သတ်မှတ်နှစ်အလိုက်ကျင်းပပြီး မျိုးဆက်သစ်အားကစားသမားကောင်းတွေ မွေးထုတ်ပေးစေချင်ပါတယ်။

**မောင်ဂျိုဆာဆီ**

**(ပြေးခုန်ပစ်အားကစားသမား၊ ကချင်ပြည်နယ်)**

ကျွန်တော်က ကချင်ပြည်နယ် ပြေးခုန်ပစ်အကယ်ဒမီကနေ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်မှာ မီတာ ၅၀၀၀ နဲ့ ၁၀၀၀၀ ပြေးခုန်ပစ် အားကစားပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ ကချင်ပြည်နယ်ကိုယ်စားပြုအနေနဲ့ ကစားသမားအယောက် ၂၀ ပါဝင်ပါတယ်။ ကစားသမားတွေကို ဩဂုတ်လကနေစပြီး နည်းပြတွေရဲ့ စနစ်တကျသင်ကြားပေးမှုနဲ့အတူ စတင်ပြီး စခန်းသွင်းလေ့ကျင့်ခဲ့ ပါတယ်။ စခန်းသွင်းလေ့ကျင့်တဲ့ကာလမှာလည်း အားကစားသမားတွေ လိုအပ်မှုမရှိအောင် ဘက်ပေါင်းစုံကနေ ထောက်ပံ့ပေးတဲ့အတွက် ပြည်နယ်ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူအားလုံးကို အားကစားသမားတွေကိုယ်စား ကျေးဇူးတင်ပါတယ်။ ရွှေတံဆိပ်ဆုရရှိပြီး ကချင်ပြည်နယ်ရဲ့ဂုဏ်ကို ဆောင်ချင်တဲ့အတွက် ပြိုင်ပွဲမှာ အကောင်းဆုံးပါဝင်ယှဉ်ပြိုင်သွားမှာပါ။ အခုလို နိုင်ငံတော်အဆင့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်မှာ အကယ်ဒမီကစားသမားတစ်ယောက်အနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် အတွေ့အကြုံကောင်းတွေရမယ်လို့ ယုံကြည်မိပါတယ်။

**ဒေါ်ခိုင်မြတ်သူ**

**(အုပ်ချုပ်သူ၊ ဝူရှူးအားကစားအသင်း၊ ရခိုင်ပြည်နယ်)**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ရခိုင်ပြည်နယ်ကိုယ်စားပြု ဝူရှူးအားကစားအဖွဲ့အနေနဲ့ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမား စုစုပေါင်း ၁၃ ဦးနဲ့ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ စခန်းသွင်းလေ့ကျင့်ချိန်က နှစ်လကျော်ပြီဖြစ်တဲ့အတွက် အားကစားသမားတွေအနေနဲ့ ပါဝင်ယှဉ်ပြိုင်ကြဖို့ ယုံကြည်ချက်ပြည့်ပြည့်ဝဝရှိကြပြီး ဆုတွေရရှိဖို့လည်း မျှော်မှန်းထားပါတယ်။ အတိုက်၊ အလှပြပြိုင်ပွဲတွေမှာ ဝိတ်တန်းအလိုက် အမျိုးသားအသင်းအနေနဲ့ ပြိုင်ပွဲအားလုံးကို ပါဝင်ယှဉ်ပြိုင်သွားမှာပါ။ အမျိုးသမီးအသင်းကတော့ ပြိုင်ပွဲအချို့ကိုပဲ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အလှပြပြိုင်ပွဲ ၅၆ ကီလိုတန်းနဲ့ ၇၀ ကီလိုတန်းမှာ ရွှေတံဆိပ်ဆုရရှိဖို့ အဓိကမျှော်မှန်းထားပါတယ်။ အခုလို နိုင်ငံတော်အဆင့်ကျင်းပတဲ့ အမျိုးသားအားကစားပွဲတော်မှာ ရခိုင်ပြည်နယ်ကို ကိုယ်စားပြုပြီး အားကစားနည်းတစ်ခုရဲ့ အုပ်ချုပ်သူအနေနဲ့ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ပွဲတော်အတွင်း ပြိုင်ပွဲတွေအလိုက် အားကစားနည်းစုံလင်စွာပါဝင်ပြီး ကိုယ်စားပြုအားကစားသမားတွေကလည်း အားသွန်ခွန်စိုက်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် လာရောက်ကြည့်ရှုကြဖို့လည်း ဖိတ်ခေါ်ပါတယ်။

**တွေ့ဆုံမေးမြန်း- ဟိန်းမင်းစိုး/ ကျော်စွာဝင်း**
**ဓာတ်ပုံ- ဂျိုင်းလော**

# မအူပင်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်များပြသ

**မအူပင် နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(မအူပင်)တို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေး အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်)ခန်းမ၌ ပြုလုပ်သည်။

ထိုသို့အသိပညာပေးဟောပြောရာတွင် မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေးက မူးယစ်ဆေးဝါး၏ အန္တရာယ်နှင့်ဆိုးကျိုးများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သိကောင်းစရာ အကြောင်းအရာများနှင့်ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားရေးအတွက် ကျောင်းစာအပြင် ပြင်ပစာပေ စာအုပ်စာစောင်များကိုလည်း လေ့လာဖတ်ရှုကြရေးကို ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ






**မုံရွာ နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနများနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာ ၂၆ ရက် ညနေပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ စည်ပင်သာယာရေးအသင်းနှင့် လူမှုရေးရာအသင်းတို့ ယှဉ်ပြိုင်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘောလုံးပြိုင်ပွဲ ပထမပိုင်းပြီးချိန်တွင် မုံရွာမြို့ပေါ်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများက Fitness Dance အကတို့ဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအေးကျော် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကြည့်ရှုစစ်ဆေး






**နေပြည်တော် နိုဝင်ဘာ ၂၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်နှင့်အတူ နိုဝင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျိုင်းတောင်းမြို့အနီးရှိ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ကျိုင်းတောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ထောက်ပံ့ပေး**

ဦးစွာ ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိ စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ စီမံကိန်း ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးသည်။

ထို့နောက် စီမံကိန်းဧရိယာအတွင်းရှိ ရေထိန်းတံခါးပြွန်လုပ်ငန်း၊ ပင်မတမံလုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ်လုပ်ငန်း၊ ပင်မရေပိုက်လွှဲလုပ်ငန်း၊ ဖိအားမြင့်သံမဏိပိုက်လိုင်း လုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ လုပ်ငန်း၊ စက်ရုံရေထုတ်မြောင်း လုပ်ငန်းနှင့် ဆွဒ်ယာဒ်လုပ်ငန်းများ အပါအဝင် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျိုင်းတောင်းမြို့၏ အရှေ့တောင်ဘက် ၁၈ မိုင်ခန့်အကွာ နန့်တိန်ချောင်းပေါ်တွင် တည်ဆောက်ထားရှိသော ကျိုင်းတောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိစစ်ဆေးရာ စက်ရုံမှူးက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ရေလွှဲဆည်အမှတ်(၁)နှင့် အမှတ်(၂) အကြား ကွန်ကရစ်ရေကာနံရံ ပြန်လည် ဆောက်လုပ်ခြင်းအတွက် ၁၀ ပေ ဘေလီတံတားနှစ်စင်း ဆောက်လုပ်ပြီးစီး၍ ကျောက်ကြီး/မြေသားတမံဖို့ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ရေလွှဲဆည်အောက်ဘက် ရေတိုက်စားသည့်နေရာကို ပြန်လည်ပြုပြင်ခြင်းနှင့် စက်ရုံရေဝင်မြောင်းမှ နုန်းများဖယ်ရှားခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်၊ စက်ရုံအတွင်း ရေဝင်ရောက်ခဲ့သည့် ဆွဒ်ယာဒ်ကေဘယ်မြောင်း၊ ကေဘယ်အဝင်အထွက်နေရာများမှတစ်ဆင့် ရေများထပ်မံမဝင်ရောက်စေရေးနှင့် စက်ရုံမြေအောက်ထပ်များ အတွက် Ventilation Fan အထိုင်မြှင့်တင်သွားရန်နှင့် ဓာတ်အားပေးစက်ရုံ ပျက်စီးမှုများကို အမြန်ဆုံးပြင်ဆင်ရန် မှာကြားပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သက်ကြီးအားကစားကလောင်ရှင်ကြီးများအား ကန်တော့ငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၂၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်တို့က မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်မှ ကန်တော့ခံ ဝါရင့်အားကစားကလောင်ရှင်ကြီးများအား ဂါရဝပြုကန်တော့ငွေ ပေးအပ်ပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အနော်ရထာလမ်းရှိ အားကစားကလောင်ရှင် ဦးထွန်းထွန်း(ထွန်းထွန်းဝိဇ္ဇာ/ သိပ္ပံ)၏ နေအိမ်ရုံးခန်း၌ ပြုလုပ်သည်။

**လက်ရောက်ပေးအပ်**

ဦးစွာ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ (စာရေးဆရာမြင့်ဆွေမြင့်)က သက်ကြီးဝါရင့်အားကစားကလောင်ရှင် ၁၉ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် သုံးသိန်းစီ နှစ်စဉ်မပျက် ဂါရဝပြုကန်တော့ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အခမ်းအနားတက်ရောက်လာသည့် သက်ကြီးအားကစားကလောင်ရှင်များအား ဂါရဝပြုငွေများကို လက်ရောက်ပေးအပ်ခဲ့သည်။

အလားတူ နိုဝင်ဘာ ၂၄ ရက်က ကျန်းမာရေးမကောင်းသည့် သက်ကြီးအားကစားကလောင်ရှင်ကြီးများအား အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များက ဂါရဝပြုငွေများကို အိမ်တိုင်ရာရောက် ပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့်အားကစားကလောင်ရှင်ကြီးများကိုလည်း ၎င်းတို့နေထိုင်ရာ မြို့များသို့ ငွေလွှဲစနစ်ဖြင့် ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုထက်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် နိုဝင်ဘာ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ၅ စ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၆.၁၁.၂၀၂၄ ရက်မှ ၃.၁.၂၀၂၅ ရက်ထိဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့ ၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

မြန်မာနိုင်ငံ စီးပွားရေးပညာနှစ် (၁၀၀)ပြည့် ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာတည်သရွေ့ တည်တံ့ပါစေ အမိတက္ကသိုလ် အီကိုမြေ

ကြယ်စင်ဖေသင်

ညက ညဉ့်နက်မှ အိပ်ရာဝင်ခဲ့သဖြင့် နံနက်အိပ်ရာထချိန်တွင် ၇ နာရီကျော်နေပြီ။ မျက်နှာသစ်၊ မနက်စာထမင်းစားပြီးချိန်တွင် နာရီကိုကြည့်လိုက်တော့ ၇ နာရီ၄၅ မိနစ်။ အိမ်ပြတင်းပေါက်နားတွင် ရပ်လျက် ကောင်းကင်ကို ကြည့်လိုက်တော့ မိုးတိမ်ညိုညိုမည်းမည်းတွေက အုံ့ဆိုင်းလျက်၊ မိုးစက်မှုန်မှုန်မွှားမွှားလေးတွေ ကျဆင်းလျက်ရှိနေသည်။

မိုးရာသီဥတု မိုးများ ဆက်တိုက်ရွာနေသည့်ရက်များတွင် အိမ်အပြင်မထွက်ဘဲ အိမ်တွင်းအောင်းကာ စာရေးတတ်သည့်ကိုယ်သည် ယနေ့တော့ မဖြစ်မနေ အိမ်ပြင်ထွက်ရမည့်အခြေအနေရှိနေသည်။ သူငယ်ချင်းပါမောက္ခများက တာဝန်ပေး ဖိတ်ကြားထားသည့်အတွက် ဘောဂဗေဒဌာန နှစ် (၁၀၀) ပြည့် အမှတ်တရဟောပြောပွဲတွင် စီးပွားရေးပညာ၊ ဘောဂဗေဒ ဗဟုသုတများ ဟောပြောပေးရန်အလုပ်ပေးခြင်းကြောင့် ဖြစ်သည်။ သွားရမည့်နေရာက တက္ကသိုလ်ဆရာ နည်းပြဘဝ၊ လက်ထောက်ကထိကဘဝတို့ဖြင့် အချိန်ကာလ အတိုင်းအတာတစ်ခုအထိ ကျင်လည်ခွင့်ရခဲ့သော ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေ)။

**မြန်မာ့မြေပေါ်တွင် အနောက်တိုင်းစီးပွားရေးပညာ ရောက်ရှိခဲ့သည်မှာ နှစ် (၁၀၀) ပြည့်ခဲ့**

အချိန်ကာလယန္တရားသည် တရွေ့ရွေ့လည်ပတ်ရင်း လူတို့၏သက်တမ်းကို ပုံမှန်တိုက်စားလျက်ရှိ၏။ အရာရာသည် တဖြည်းဖြည်း သက်တမ်းကြီးမြင့်လျက်၊ အိုမင်းဟောင်းနွမ်း ဆွေးမြည့်ပျက်စီးမှုဆီသို့ ဦးတည်လျက်ရှိနေသည်။ ပညာရည်နို့သောက်စို့ခဲ့ရသော ဘောဂဗေဒဌာနတည်ရှိမှုသည်လည်း ယခု ၂၀၂၄ ခုနှစ်တွင် နှစ်ရာပြည့်ချိန် ရောက်ရှိခဲ့လေပြီ။ မြန်မာ့မြေပေါ်တွင် အနောက်တိုင်းစီးပွားရေးပညာရောက်ရှိခဲ့သည်မှာ နှစ် (၁၀၀) ပြည့်မြောက်ခဲ့ပြီ မဟုတ်ပါလား။ နှစ် (၁၀၀) ပြည့်ကာလရောက်သည့် ယခုအချိန်အခါတွင် ရန်ကုန်တက္ကသိုလ်မှ အစပြုတည်ရှိခဲ့သည့် ဘောဂဗေဒဌာန ခေါ် စီးပွားရေးပညာဌာနသည် နိုင်ငံအနှံ့ စီးပွားရေးတက္ကသိုလ်များတွင်လည်းကောင်း၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များတွင် လည်းကောင်း၊ ဘာသာရပ်ဆက်နွယ်သည့် တက္ကသိုလ်၊ ကောလိပ်များတွင်လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ထူထောင်တည်ရှိနေခဲ့ပြီဖြစ်သည်။ ယခုသွားရောက်ရမည့် စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေ) သည်လည်း စီးပွားရေးပညာရပ်များကို ပိုမိုစိတ်ဝင်စားမှုရှိလာသော မျိုးဆက်သစ်စာသင်သား လူငယ်မောင်မယ်များအတွက် တိုးချဲ့ထူထောင်ထားသည့် ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ နယ်မြေခွဲတစ်ခုဖြစ်၏။

အိမ်တံခါးဝတွင်ရပ်လျက် အတွေးများနေခိုက် ကားဆရာလေးက "ဆရာ သွားမယ်လေ" ဟု ပြောလိုက်တော့မှ သတိပြန်ဝင်လာသည်။ မည်းမှောင်ညိုနေသော အနီးအနား ကောင်းကင်တစ်ဝိုက်တွင် ဟိုဟိုဒီဒီပျံ့ဝဲနေသည့် အတွေးများက ကိုယ့်ဆီပြန်ရောက်လာသည်။ အိမ်မှအထွက်မှာပင် မိုးက သဲကြီးမဲကြီးရွာချ၏။ နံနက်စောစော ကားရှုပ်၊ လူရှုပ် လမ်းမကြီးပေါ်တွင် ဖြည်းဖြည်းလေးလေးရွေ့နေရသော ကားထဲမှနေ၍ အပြင်က သဲသဲမဲမဲရွာချနေသော မိုးစက်များကိုကြည့်ရင်း အတွေးများက အတိတ်သို့ ခရီးနှင်သွားပြန်သည်။ အသက် ၂၀ ဝန်းကျင်အရွယ် ဒုတိယနှစ်ကျောင်းသားဘဝက စီးပွားရေးတက္ကသိုလ်ကြီး မည်သို့မည်ပုံဖြစ်ပေါ်လာသည်ကို သိလိုစိတ်ဖြင့် စာအုပ်စာတမ်းများ သဲကြီးမဲကြီး ရှာဖွေခဲ့ပုံ၊ မိုးရာသီ ဇူလိုင်လ ကျောင်းပိတ်ရက်တစ်ရက်၌ ရန်ကုန်မြို့ထဲရှိ စာအုပ်အဟောင်းတန်းလမ်းထဲရှိ စာအုပ်ဆိုင်တစ်ဆိုင်တွင် အမှတ်တရဖြစ်ခဲ့ရပုံကို ပြန်လည်မြင်ယောင်လာသည်။

+++++++++++++++++++++++++

မိုးရာသီ ဇူလိုင်လ၏ နောက်ဆုံးပတ်ရုံးပိတ်ရက်တစ်ရက်။ ရန်ကုန်မြို့ ပန်းဆိုးတန်း စာအုပ်အဟောင်းတန်းတစ်လျှောက် မိုးတွေ သဲသဲမဲမဲရွာနေချိန် ကိုယ်တစ်ယောက် မိုးရေများစိုရွှဲလျက် နီးစပ်ရာ စာအုပ်အဟောင်းဆိုင်ထဲတွင် မိုးဝင်ခိုမိခဲ့သည်။ တိုက်ဆိုင်လွန်းသောဖြစ်ရပ်တစ်ခုလေလော။ အမိ စီးပွားရေးတက္ကသိုလ်ကြီး သမိုင်းကြောင်းကို စိတ်ဝင်တစားရှိလှ၍ မှတ်တမ်းများ၊ သမိုင်းကြောင်းများ တွေ့လိုတွေ့ငြား အပတ်တိုင်း ရန်ကုန်မြို့ထဲရှိ စာအုပ်ဆိုင်များ၊ စာအုပ်အဟောင်းတန်းများသို့ ကျောင်းပိတ်ရက်တိုင်း လာရောက်ရှာဖွေနေသည်မှာ နှစ်ပတ်၊ သုံးပတ်ခန့်ရှိခဲ့ပြီ။ အစအနပင်မတွေ့ခဲ့။ ယခုတော့ တကယ့်ကို မှတ်မှတ်ရရဖြစ်စေမည့် ဖြစ်ရပ်တစ်ခုနှယ်။ မိုးဝင်ခိုမိသည့်ဆိုင်ထဲတွင် စာပေသမားတို့၏ သဘာဝအတိုင်း ဖြန့်ပြထားသော စာအုပ်တချို့ကို လှန်လှောကြည့်မိချိန်၊ မိုးရေတို့ကြောင့် အေးစက်နေသည့် ကိုယ့်၏လက်ဖဝါးများ ရုတ်ခြည်း နွေးထွေးသွားသကဲ့သို့ ခံစားလိုက်ရသည်။ ကိုယ်၏ မျက်လုံးကိုပင် ကိုယ် မယုံနိုင်သလို မျက်လုံးများကိုပင် ပြန်လည်ပွတ်မိသည်။

အခြားသူများအတွက်တော့ မည်သို့မျှ တအံ့တသြဖြစ်စရာအကြောင်းမရှိနိုင်။ အဖြူရောင်စာရွက်တို့ ဝါဖန့်ဖန့်အရောင်အဖြစ် ပြောင်းလဲလောက်ရအောင် နှစ်အတော်ကြာကြာက ထုတ်ဝေထားသော စာအုပ်လေးတစ်အုပ်ထဲက စာသားများကို ရုတ်တရက် ဖတ်ရှုလိုက်ရချိန်တွင် တမ်းတမ်းတတ ရှာဖွေနေသောသူတစ်ယောက်ကို မထင်မှတ်ထားသည့် အခြေအနေဖြင့် ရုတ်တရက် တွေ့လိုက်ရသကဲ့သို့ အံ့သြဝမ်းသာဖြစ်ခဲ့ရသည်။ ကိုယ်သိရန် အားထုတ်နေသော၊ ကိုယ်ရှာဖွေနေသော၊ ကိုယ်လိုချင်နေသော စာအုပ်လေးတစ်အုပ်သာ။ စာအုပ်ထဲတွင် ကိုယ်တို့စီးပွားရေးပညာရပ်စာသင်သူ၊ စာသင်သား ပညာရှင်ငွေ့လှုံ၊ ခိုနားရာ အမိတက္ကသိုလ်၊ တစ်နည်းဆိုရလျှင် ကိုယ်တို့မသိသေးသောမေမေ့အကြောင်းများကို တွေ့ရ၏။ ထိုစာအုပ်ကို စာအုပ်ရောင်းသူပြောသောဈေးနှုန်းကို မဆစ်တော့ဘဲ ဝမ်းသာအားရစိတ်ဖြင့် ဝယ်ယူခဲ့သည်။

မေမေ၏ရင်ခွင်တွင် ပညာနို့ရည်သောက်စို့နေသော်လည်း မေမေ့အကြောင်း တစ်စွန်းတစ်စမျှ မသိလေရော့သလားဟု အခြားသူများက အပြစ်ဆိုလာလျှင်လည်း ကိုယ်ခံဝံ့ပါသည်။ ကိုယ်သည် မေမေ၏ အထွေးဆုံးသား။ လိုချင်သောအရာမရလျှင်ဖြစ်စေ၊ စိတ်အလိုမကျလျှင်ဖြစ်စေ ဂျီကျပြီး အော်ငိုရမည်ကိုသာသိသော လူမမည်အရွယ်သားငယ်တစ်ယောက် ကဲ့သို့သာ။ သို့သော် မေမေ့အကြောင်း စိတ်ဝင်တစားရှိခဲ့ပါ၏။ ဝယ်ယူခဲ့သော ထိုစာအုပ်လေးကို အိမ်သို့ ရောက်လျှင်ရောက်ချင်း ဖတ်ဖြစ်ခဲ့သည်။ မေမေ မပြောပြဖြစ်သော၊ မပြောပြခဲ့သော၊ မပြောပြသေးသော မေမေ့၏ အတိတ်ဘဝနောက်ကြောင်းများကား လွမ်းမောစရာ၊ တမ်းတစရာကောင်း၏။ ငယ်ရွယ်သူကိုယ်တို့အတွက်မှာမူ လွမ်းမောစရာများထက်ပို၍ပင် စိတ်ကူးယဉ်ကောင်းနေတော့သည်။ မေမေ၏ ဘဝနိဒါန်းအစကာလများ၊ မေမေ့ကို ငယ်စဉ်အခါက ထိန်းကျောင်းပေးခဲ့သူများအကြောင်း၊ မေမေ့ကို ဘဝထူထောင်ခဲ့မှုများနှင့် မေမေ၏ အိမ်နီးချင်းအကြောင်းများကို သိခွင့်ရခဲ့သည်။

> **အချိန်ကာလယန္တရားသည် တရွေ့ရွေ့လည်ပတ်ရင်း လူတို့၏သက်တမ်းကို ပုံမှန်တိုက်စားလျက်ရှိ၏။ အရာရာသည် တဖြည်းဖြည်း သက်တမ်းကြီးမြင့်လျက်၊ အိုမင်းဟောင်းနွမ်း ဆွေးမြည့်ပျက်စီးမှုဆီသို့ ဦးတည်လျက်ရှိနေသည်။ ပညာရည်နို့သောက်စို့ခဲ့ရသော ဘောဂဗေဒဌာနတည်ရှိမှုသည်လည်း ယခု ၂၀၂၄ ခုနှစ်တွင် နှစ်ရာပြည့်ချိန် ရောက်ရှိခဲ့လေပြီ။ မြန်မာ့မြေပေါ်တွင် အနောက်တိုင်းစီးပွားရေးပညာရောက်ရှိခဲ့သည်မှာ နှစ် (၁၀၀) ပြည့်မြောက်ခဲ့ပြီမဟုတ်ပါလား။ နှစ် (၁၀၀) ပြည့်ကာလရောက်သည့် ယခုအချိန်အခါတွင် ရန်ကုန်တက္ကသိုလ်မှ အစပြုတည်ရှိခဲ့သည့် ဘောဂဗေဒဌာန ခေါ် စီးပွားရေးပညာဌာနသည် နိုင်ငံအနှံ့ စီးပွားရေးတက္ကသိုလ်များတွင် လည်းကောင်း၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များတွင် လည်းကောင်း၊ ဘာသာရပ်ဆက်နွယ်သည့် တက္ကသိုလ်၊ ကောလိပ်များတွင် လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ထူထောင်တည်ရှိနေခဲ့ပြီ**

**ပီတိလွှမ်းသော ပျော်စရာနေ့ရက်များ**

မေမေသည် ၁၉၂၄ ခုနှစ်ကတည်းက ရန်ကုန်တက္ကသိုလ်ကြီး၏ ပြုစုထိန်းကျောင်းပေးမှုကို ခံခဲ့ရသည်။ ထိုအချိန်က မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့တို့၏ ကိုလိုနီနယ်မြေဖန်တီး၍ ကျွန်ပြုမှုကိုခံနေရသည့် အချိန်။ ထိုကာလများအတွင်း မေမေသည် သားငယ် သမီးငယ် မျိုးချစ်ကျောင်းသားများ၏ လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် ဆင်နွှဲခဲ့သော လွတ်လပ်ရေးတိုက်ပွဲများကို မျက်မြင်ဒိဋ္ဌကြုံခဲ့၏။ ဗြိတိသျှများထွက်ခွာသွားပြီးနောက် ဂျပန်တို့၏ ရက်စက်သော ဆက်ဆံမှုများကိုလည်း ထိတ်လန့်စွာ တွေ့မြင်ခဲ့ရဖူး၏။ ဇန်နဝါရီလ ၄ ရက်နေ့ကဲ့သို့ ပီတိလွှမ်းသော ပျော်စရာနေ့ရက်များကိုလည်း ဖြတ်သန်းကျော်လွှားခဲ့ဖူးသည်။ ထိုသို့ သတ္တဝါမှန်သမျှ ရှောင်လွှဲ၍မရနိုင်သော လောကဓံတရားများကို အပြုံးမပျက် ကြံ့ကြံ့ခံနေနိုင်သော မေမေ၏စိတ်ဓာတ်သည်ကား သားသမီးကြီးငယ်များအားလုံးအတွက် အတုယူဖွယ်ဖြစ်၏။ တကယ်ကိုပင် ကိုယ်တို့အတွက် နမူနာအတုယူဖွယ်ရာ စံပြမယ်တစ်ဦးပင် ဖြစ်နေတော့သည်ဟုဆိုလျှင် လွန်မည်မထင်။

ထိုစာအုပ်ထဲတွင် မေမေ့အကြောင်း ဤသို့ ဆက်လက်ရေးသားထားသည်ကို ဖတ်ရှုရပြန်သည်။ ထိုအချိန်အခါက တာဝန်ရှိသူတို့သည် မေမေ့ကို ရန်ကုန်မြို့၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ ကေဘာကြီးရော်ဘာခြံဝင်းအတွင်းတွင် မေမေ၏ မွေးချင်းများနှင့်အတူ ထားရှိရန် အစီအစဉ်ရှိခဲ့သည်ဟု သိရသည်။ ဖတ်ရှုနေရင်းမှာပင် မေမေ့အတွက် အလွန်ဂုဏ်ယူနေမိသည်။ မေမေတို့အတွက် ငွေကျပ် ၉၅ သိန်း အကုန်အကျခံမည်။ အမေရိကန်ပြည်ထောင်စုမှ နိုင်ငံတကာတိုးတက်မှုအေဂျင်စီ AID ၏ အကူအညီနှင့် အီတလီနိုင်ငံမှ ဗိသုကာပညာရှင်များက ဒီဇိုင်းပုံစံကို တာဝန်ယူပုံဖော်ပေးမည်ဟု သိရှိရသောအခါတွင်လည်း တင့်တင့်တယ်တယ်နေထိုင်ရမည့် မေမေ၏ သဏ္ဌာန်ကိုစိတ်ကူးယဉ် ပုံဖော်ကြည့်မိသေးသည်။

မေမေ့ရင်ခွင်တွင် လာရောက်ပညာရည်နို့သောက်စို့ကြသည့် သားငယ်သမီးငယ်များအတွက် အုပ်ချုပ်ရေးရုံး၊ စာသင်ဆောင်များ၊ ပဒေသာခန်းမဆောင်၊ အပန်းဖြေရိပ်သာ၊ စားသောက်ရိပ်သာ၊ ပြတိုက်၊ ပိဋကတ်တိုက်တို့ကိုလည်း ပြည့်စုံအောင် ဖြည့်ဆည်းပေးမည်ဟုလည်း သိရပြန်သည်။ ထိုအဆောက်အအုံကြီး၏ အမြင့်ဆုံးအပိုင်းမှာ ခုနစ်ထပ်ဖြစ်၍ မျှော်စင်သဖွယ် ငွားငွားစွင့်စွင့် တည်ရှိမည်ဟု စာသားဖြင့် ပုံဖော်ထားသောဒီဇိုင်းကို စိတ်ကူးယဉ်ကြည့်မိသည်။

စာမျက်နှာ ၂၀ သို့ ❍



ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)ကို တွေ့ရစဉ်။

# ဘုတ်ပြင်းမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ဘုတ်ပြင်း နိုဝင်ဘာ ၂၆

တနင်္သာရီ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ၉ နာရီတွင် ဘုတ်ပြင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်နှင့် တိုင်းဒေသကြီးပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးဝင်းနောင် တို့က ပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် ဒေသတွင်း လူငယ်ရေးရာ အသိပညာပေး လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ လှပသာယာ ပြည်မြန်မာရောင်စုံဓာတ်ပုံများ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲအနေဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မြန်မာသဒ္ဒါသတ်ပုံ အမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ အားကစားအနေဖြင့် ခါးကွင်းလှည့်ကစားနည်း၊ အိတ်စွပ်ပြေးကစားနည်း၊ စာလုံးဆက်ကစားနည်း၊ အာလူးကောက်ကစားနည်း၊ ခွက်နင်းကစားနည်းများနှင့် စာအုပ်များ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါဝင်ယှဉ်ပြိုင်သည့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ခဲ့သည်။

အဆိုပါစာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ အထက-ဘုတ်ပြင်းမှ ကျောင်းသား ကျောင်းသူများ၊ အထက-အောက်လိပ်၊ အထက-တောင်ဒဂုံနှင့် မြင့်မိုရ်ကိုယ်ပိုင်မူလတန်းကျောင်းမှ လေ့လာသူ ၁၀၀ စုစုပေါင်း ၁၂၀၀ ခန့် တက်ရောက်ကြသည်။ ပွဲတော်လာ ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် ဓာတ်ပုံများနှင့် စာအုပ်ပြပွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။ ထို့ပြင် မွန်းလွဲပိုင်းတွင် စာရေးဆရာ အနုကယ်ပညာက မိဘကျေးဇူး အကြောင်းကို ဟောပြောသည်။ ပွဲတော်၌ ပြိုင်ပွဲဝင်များနှင့် ဆုရရှိသူများအား နိုဝင်ဘာ ၂၇ ရက်တွင် ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တပ်ကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

တပ်ကုန်း နိုဝင်ဘာ ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၂၆ ရက်နံနက်ပိုင်းက ဆရာစံရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း စာသင်ဆောင်၌ ကျင်းပသည်။

အဆိုပါလူငယ်စကားဝိုင်းတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ်ဆောင်ရွက်ပြီး ဆရာစံရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်ကိုယ်ကျင့်တရား ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်သော ဦးစီးအရာရှိနှင့် ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားပေးသည်။

အဆိုပါလူငယ်စကားဝိုင်းဆွေးနွေးပွဲအပြီးတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် သုတ ရသစာအုပ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ကလေးများအတွက် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုကြောင်း သိရသည်။

**တင်စိုးလွင်**



# ဆင်ပေါင်ဝဲမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မကြီးစမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ယနေ့ မွန်းလွဲ ၁ နာရီက ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ



ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲအောင်က တောင်ယာမီးရှို့ခြင်းနှင့် တောမီးလောင်ခြင်းတို့ကြောင့် မီးခိုးမြူငွေ့များ ဖြစ်ပေါ်နိုင်သည့် အကြောင်းအရာများ၊ မီးခိုးမြူများကြောင့် လူတို့၏ ကျန်းမာရေးကိုသာမက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်မှု အခြေအနေများ၊ သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးကျော်စံဟိန်းက သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများ၊ သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးချစ်ဇော ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးများကို ဆွေးနွေးဟောပြောကြရာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာနေ ပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊**
**မလိုအပ်သော**
**အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

○ စာမျက်နှာ ၁၉ မှ

သို့သော်မေမေ့၏ခို့ညားသောထိုပုံသဏ္ဍာန်ကို မှန်းဆရုံမျှသာ။ ပုံမပေါ်လာခဲ့။ ယခုလက်ရှိတွင် မေမေသည် ငယ်ရွယ်စဉ်ကတည်းက နေခွင့်ရခဲ့သော ရန်ကုန်တက္ကသိုလ်ကြီး၏ ရင်ခွင်နားမှာပင် ငယ်ပေါင်းအင်းလျားနှင့်အတူ တည်ရှိနေဆဲဖြစ်သည်။

**ဂျပ်ဆင်ထံမှ စကားများ**

ကိုယ်သည် အဓိပတိနှင့် ကြုံကြိုက်တိုင်း မေမေ့အကြောင်းကို မကြာခဏတီးခေါက်ကြည့်မိဖူးသည်။ ဂျပ်ဆင်ထံမှ စကားများကိုလည်း နားစွင့်ခဲ့ဖူး၏။ သူတို့ထံမှ မေမေ၏ ၁၉၆၄ ခုနှစ်မတိုင်မီက အကြောင်းအချို့ကို သိရှိခဲ့ရသည်။ သည်ဘက်နောက်ပိုင်းနှစ်များတွင်မူ မေမေနှင့်ပတ်သက်သည့် အကြောင်းများကို မေမေ၏ သားကြီးသမီးကြီးများဖြစ်ကြသည့် ကိုယ်တို့၏အစ်ကို အစ်မများထံမှ အားတက်ဖွယ်ရာ သတင်းစကားများကို ကြားရသည်။ မေမေ့၏ အနီးကပ်အိမ်နီးချင်းဖြစ်သည့် ဘွဲ့နှင်းသဘင်အဆောက်အအုံကြီးကမူ



ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)မုခ်ဦး။

ယခုထက်တိုင် မေမေနှင့် ရင်းနှီးသော ဆက်ဆံမှုများရှိနေဆဲဖြစ်သည်။ တစ်ခါက ကိုယ်သည် ဘွဲ့နှင်းသဘင်အဆောက်အအုံကြီး၏ရှေ့ရှိ ခြသေ့်ရုပ်ကြီးနှင့်တွဲ၍ ဓာတ်ပုံရိုက်ခဲ့ဖူးသည်။ ဘွဲ့နှင်းသဘင်က ကိုယ့်ကို မေမေ့၏သားတစ်ယောက်မှန်း သိနေလိမ့်မည်ထင်သည်။ သူက မေမေ့၏ဂုဏ်ကိုမြှင့်တင်ခဲ့သော ရှေ့က မေမေ့သားကြီး သမီးကြီး၊ ကိုယ်တို့၏အစ်ကိုကြီး၊ အစ်မကြီးများ၏ တိုးတက်အောင်မြင်မှုများကို ပြန်လည်ဖောက်သည်ချနေသလို၊ ကိုယ့်ကိုလည်း ဂုဏ်ယူသောအပြုံးဖြင့် ဆက်ဆံနေသလို ခံစားရ၏။

ပြက္ခဒိန်များ တစ်ရွက်ချင်းလှန်၊ တစ်ခုချင်းဖြုတ်ကာ အချိန်ကာလခရီးရှည်ကြီးက သူ့သဘောနှင့်သူ ပုံမှန်ဖြတ်သန်းလျက်ရှိနေဆဲ။ ၂၀၂၄ ခုနှစ်သို့ ရောက်ခဲ့ပြီ။ မေမေသည်လည်း အသက်ရာပြည့်ရှိခဲ့လေပြီ။ ပိုမိုတိုးပွားလာသော ဆွေမျိုးသားချင်းဖြင့် သိုက်သိုက်ဝန်းဝန်း ရှိနေခဲ့ပြီ။ ရုပ်ပိုင်းဆိုင်ရာသည် သွေးသားသစ်လောင်းထားသကဲ့သို့ အမြဲနုပျိုလန်းဆန်းနေသကဲ့သို့ပင် စိတ်ပိုင်းဆိုင်ရာသည်လည်း ကာလကြာရှည်စွာ ရယူခဲ့ရသော အတွေ့အကြုံ၊ သင်ခန်းစာများနှင့်အတူ တည်ငြိမ်ရင့်ကျက်စွာဖြင့် လေးနက်သော အတွေးအခေါ်များကို ပိုမိုတွေးခေါ်နိုင်ခဲ့ပြီဖြစ်သည်။

မေမေဟူသော အခက်အလက်၊ အရွက်စိမ်းစိမ်းစိုစို၊ ကျေးငှက်သာရကာ ပေါင်းစုံဖြင့် စည်ပင်ဝပြောနေသည့် စီးပွားရေးပညာသစ်ပင်ကြီးကို အစပျိုးဖြစ်တည်စေခဲ့သော ဘောဂဗေဒဌာနသည်လည်း အချိန်ကာလကြာမြင့်မှုနှင့်အတူ ပိုမိုရင့်ကျက်မှုများ ရရှိလာခဲ့ပြီ။ ဤသို့ဖြင့် စီးပွားရေးပညာနယ်ပယ်သည် မြန်မာမြေပေါ်တွင် ပိုမိုကျယ်ပြန့်စွာထွန်းကား၍ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသော အတွေးအခေါ် အယူအဆသစ်များ၊ အကြံဉာဏ်သစ်များ ပံ့ပိုးပေးနိုင်လိမ့်မည်ဟု မျှော်လင့်လျက်ရှိနေပါသည်။

+++++++++++++++++++++

ရွာသာကြီးရှိ စီးပွားရေးတက္ကသိုလ် အဝင်အဝမုခ်ဦးကို မြင်ရတော့မှ အတွေးများက လွင့်ပျံထွက်သွားသည်။ ဂိတ်ဝတွင် ခွင့်တောင်း၍ကားက ဆက်လက်မောင်းဝင်သွားသည်။ ပင်မဆောင်ကြီးကို သွားရာလမ်းတစ်လျှောက် နုပျိုလန်းဆန်းတက်ကြွနေသော အီကိုကျောင်းသူ ကျောင်းသားလေးများကို တွေ့နေရ၏။ ရွက်ဟောင်းများကြွေပြီးနောက် ရွက်သစ်များ ဆက်လက်ဝေမြဲမဟုတ်ပါလား။

ရန်ကုန်တက္ကသိုလ် ရင်ခွင်ထဲတွင် ဘဝစ၍ ဘွဲ့နှင်းသဘင်အဆောက်အအုံကြီးနှင့် အင်းလျားကန်တို့နှင့် အနီးအနား၊ မလှမ်းမကမ်းတွင် ဘဝဖြစ်တည်ခဲ့သော အမိတက္ကသိုလ် အီကိုမြေသည် အဆက်မပြတ် ဝင်ရောက်ခိုလှုံကာ ပညာရည်နို့သောက်စို့ကြမည့် မျိုးဆက်သစ်သားငယ် သမီးငယ်တို့နှင့်အတူ အမြဲလန်းဆန်းလျက် တက်ကြွနေပေလိမ့်မည်။

အမိတက္ကသိုလ် အီကိုမြေ ကမ္ဘာတည်သရွေ့ တည်တံ့နိုင်ပါစေလေ..။ ။

# စိတ်ကို ဆေးကုနည်း

ပီမိုးနင်း

(၂၀-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

စိတ်အားငယ်တတ်သူ၊ စိတ်ညစ်တတ်သူတို့သည် အိပ်ရာဝင်သောအခါ ၎င်းစိတ်တို့၏ အကျိုးမဲ့ခြင်းအကြောင်းကို ဆင်ခြင်ရာ၏။ စိတ်လက်အေးချမ်းပျော်ရွှင်စရာတို့ကို တွေးရာ၏။ ကြီးပွားချမ်းသာလိုသူတို့သည် ပြည့်ဝစိုပြည်ဝပြောသာယာခြင်း၏ အခြေအနေတို့ကို ထင်မြင်ကာ ထိုအခြေအနေတို့သည် ငါ၏ အခြေအနေတွေဟူ၍ စိတ်ချလက်ချ ယုံကြည်သောစိတ်နှင့် အိပ်ပျော်၍သွားရာ၏။ မကောင်းသောအလေ့အကျင့်တို့ကို ပျက်စေလိုလျှင် ထိုအလေ့အကျင့်တို့၏ အကျိုးမဲ့ခြင်းကိုဆင်ခြင်ပြီး ၎င်းတို့နှင့်ဖီလာဖြစ်သော မြတ်သောအကျင့်၊ ကောင်းသောအခြေအနေတို့ကို ထင်မြင်တွေးကြံရင်း အိပ်ကြရလေသည်။

ကလေးများကိုလည်း ထိုနည်းမျိုးဖြင့် သွန်သင်ဆုံးမနိုင်လေသည်။ စိတ်ကိုကုသခြင်း၌ တန်ခိုးကြီးသောစိတ်ဓာတ်သည် ကျွန်ုပ်တို့ နိုးကြားသည့်အခါ ထင်ရှားစွာမပေါ်လာချေ။ တွေးခေါ်ကြံစည်ခြင်းကိုပြု၍ နိုးကြားသောစိတ်သည် အိပ်ပျော်ရပ်နားခဲ့နေသောအခါများ၌ အိပ်မက်နှင့်ဆိုင်သော အတွင်းစိတ်သည် နိုး၍လာ၏။ ၎င်းစိတ်သည် လွန်စွာတန်ခိုးကြီးသောစိတ်ဖြစ်လေသည်။ အမျိုးမျိုးဖန်ဆင်း၍ ပြနိုင်လေသည်။ ညဥ့်အခါ၌ အထက်ဖော်ပြသော အံ့ဖွယ်သောပြောင်းလဲခြင်းတို့ကို ပြုသောစိတ်သည် ထိုစိတ်ပင်ဖြစ်လေသည်။ ၎င်းစိတ်ကို ကျကျနန အသုံးချစေခိုင်းနိုင်လျှင် လူသည် အလွန်တရာ တန်ခိုးကြီးသောသတ္တဝါတစ်မျိုး ဖြစ်နိုင်လေသည်။

ကလေးတို့၌ ထိုစိတ်သည် လွန်စွာထက်သန်၏။ လိမ္မာသောမိခင်သည် ကလေးနှင့်အတူ အိပ်သည့်အခါ ဒေါသကြီးခြင်း၊ ပျင်းရိခြင်း၊ ဆဲဆိုခြင်း၊ လိမ်လည်ပြောတတ်ခြင်း၊ တစ္ဆေသရဲကိုကြောက်ရွံ့ခြင်း၊ စာကိုကြိုးစား၍မသင်ခြင်း၊ ခိုးဝှက်ခြင်း၊ ရိုက်ပုတ်သတ်ဖြတ်တတ်ခြင်း စသည့်စိတ်တို့ကိုပပျောက်စေရန်၊ ကလေးအိပ်ပျော်၍သွားသည့်အခါတိုင်အောင် ပြော၍ပြလျှင် ကလေး၏စိတ်၌ သိသိသာသာ ပြောင်းလဲခြင်းဖြစ်နိုင်လေသည်။ သို့သော်လည်း ပြောနည်းကို သတိပြုအပ်လေသည်။ "လိမ်တာမကောင်းဘူး၊ ခိုးတာမကောင်းဘူး၊ ငရဲကျတတ်တယ်" စသည်ဖြင့် ပြောပြခြင်းသည် အကျိုးမရှိချေ။ ဘုရားရှိခိုးလျှင် နတ်ပြည်ရောက်မည်ဟု ပြော၍မပြအပ်။ မကောင်းသောအရာကို ပြုလုပ်၍ ဘေးဒုက္ခသင့်ခြင်း၊ ကောင်းသောအမှုကိုပြုသဖြင့် ချမ်းသာခြင်း၊ ဆုလာဘ်ရခြင်း စသည့်အကြောင်းတို့ကို ကလေးများ နားလည်အောင် ပုံကလေးများလုပ်၍ ပြောအပ်လေသည်။ ထိုပုံတို့ကို အိပ်ပျော်၍သွားသောအခါ ကလေး၏အိပ်မက်သောစိတ်သည် မိမိ၏ ကြီးမားသောသတ္တိတန်ခိုးဖြင့် ကလေး၏ ဦးနှောက်ကို တံဆိပ်ခတ်နှိပ်လိမ့်မည်။

သားသမီးကို ကြီးပွားစေလိုသော သူတို့သည် အဆိုပါနည်းမျိုးဖြင့် အမြဲကြိုးစားပြုပြင်ကုသသင့်ကြလေသည်။ ကြီးပွားရေးအတွက် အထူးအရေးကြီးသောအချက်မှာ ကလေး၏စိတ်၌ ကြွယ်ဝချမ်းသာကြီးကျယ်ခမ်းနားခြင်း၏ သဏ္ဌာန်တွေကိုမြင်၍ နေစိမ့်သောငှာ လိမ္မာသဖြင့် သူဌေးကြီးဖြစ်သွားသောပုံ၊ အစွမ်းကောင်းသဖြင့် မင်းသမီးကလေးကိုရသွားသောပုံ၊ ပညာတတ်သဖြင့် သူဌေးကြီးက ငွေတွေပေးပြီး သမီးကိုပေးသောပုံ၊ အိမ်ကြီး၊ တိုက်ကြီး၊ နန်းတော်ကြီးများနှင့် ဝင်းဝင်းထိန်ထိန်နေရသောပုံ စသည်တို့ကို ပြော၍ပေးရလေသည်။ ထိုကဲ့သို့ ပြောပြခြင်းဖြင့် ကလေး၏စိတ်သည် အထက်သို့ ရောက်လျက် သိမ်သိမ်ငယ်ငယ် အောက်ကျနောက်ကျအကြံတို့ကို ကြီးသည့်တိုင်အောင် ဘယ်အခါမျှမကြံဘဲ လူမွဲ၏ သားသမီးပင်ဖြစ်စေကာမူ အထက်တန်းအမြင့်ဆုံးသော အခြေအနေကို မှန်း၍လာလိမ့်မည်။ လူတို့သည် မိမိတို့၏ အဆင့်အတန်းကို မိမိတို့ကိုယ်တိုင် သတ်မှတ်ကြ၏။ ငါ အောက်တန်းသားပဲဟု မှတ်ထင်သူ ၁၀၀ အနက် ၉၀ မှာ အောက်တန်း၌ နေရင်း၊ ငါ အလယ်အလတ်စားလူပဲဟု မှတ်ထင်သူ ၁၀၀ အနက်မှာ ၉၀ မှာ အလယ်အလတ်တွင် နေရလေသည်။

သို့ဖြစ်၍ အိပ်ရာဝင်သည့်အခါ ပျော်၍သွားသော စိတ်၌ စိတ်ပျက်ခြင်း၊ စိတ်ဆိုးခြင်း၊ အားငယ်ခြင်း၊ မွဲခြင်း၊ မုန်းထားမနာလိုခြင်း၊ ဆုံးရှုံးပျက်စီးခြင်း စသည့် စိတ်တို့၏ အရိပ်အယောင်တွေမရှိစေရဘဲ လင်းသောအရောင်၊ ကြည်သောအရောင်၊ အားတက်ခြင်း၊ ရဲရင့်ကျန်းမာသာယာဝပြောခြင်း၊ စိတ်ကောင်းသဘောရှိခြင်း၊ ချစ်ခင်ခြင်း၊ မျှော်လင့်ခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်း၏ အရောင်တို့ဖြင့် အမှောင်ကို ဖျောက်ကြစေသတည်း။

ဒဂုန်မဂ္ဂဇင်း၊ နံပါတ် ၇၄၊ အတွဲ ၇၊
အောက်တိုဘာ၊ ၁၉၂၆။

# ငြီးငွေ့မှုကို ကုစားနည်း

ခင်မောင်ညို (ဘောဂဗေဒ)

(၂၀-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

သူတို့သည် သူတို့လုပ်ချင်သည့်အလုပ်ကို လုပ်ရ၍ အပင်ပန်းပိုခံနိုင်သည်။ ပို၍ပင် ပျော်ရွှင်သည်။ သောကမပွား။ မမောမပန်းကြသဖြင့် ကံကောင်းသည်ဟု ဆိုနိုင်သည်။ ကိုယ်စိတ်ဝင်စားသည့်အလုပ်ကို လုပ်ရလျှင် အလိုလို ခွန်အားများ ပြည့်လာကြသည်။ မြတ်နိုး ချစ်ခင်စရာကောင်းသည့်ချစ်သူနှင့် ၁၀ မိုင်လမ်းလျှောက်ရသည်ထက် ပွစိပွစိလုပ်နေသော အိမ်ထောင်ဖက်နှင့် ၁၀ အိမ်လမ်းလျှောက်ရသည်က ပို၍ပင်ပန်းသည်။

ဒီတော့ ဘာဖြစ်သလဲ။ ဘာလုပ်နိုင်သလဲ။ အိုကလာဟိုးမားပြည်နယ် တူလ်ဆာက လက်ရေးတို စာရေးမတစ်ယောက်၏ လုပ်ပုံကိုပြောပြပါမည်။ သူက ရေနံကုမ္ပဏီတွင် အလုပ်လုပ်သည်။ တစ်လလျှင် ရက်ပေါင်းများစွာ ပျင်းစရာကောင်းသည့်အလုပ်တွေကို သူလုပ်ရသည်။ ပုံစံများဖြည့်ရ၊ ကိန်းဂဏန်းများ၊ အချက်အလက်များ ထည့်ရသည်။ ဘယ်လောက် ပျင်းစရာကောင်းလိုက်သလဲ။ အလွန်ပျင်းစရာကောင်းလှသဖြင့်ပင် "ဒီလောက်တောင် ပျင်းစရာကောင်းလှတဲ့အလုပ်ပျော်စရာဖြစ်အောင် လုပ်ပစ်မယ်"ဟု သူ့ဘာသာသူ ဆုံးဖြတ်လိုက်သည်။ သူ့ကိုယ်သူ ခုခံကာကွယ်သည့် သဘောမျိုးလည်းရောက်သည်။ ထိုသို့မဟုတ်ပါက ပျင်းရိငြီးငွေ့လွန်း၍ သေသွားနိုင်သည်။ နေ့စဉ်နေ့တိုင်း သူ့ဘာသာသူ ပြိုင်ပွဲကျင်းပသည်။ ပြိုင်ပွဲဝင်သူသည်လည်း သူကိုယ်တိုင်ပင်ဖြစ်သည်။ နံနက်ပိုင်း၌ ဖြည့်သွင်းပြီးစီးသည့်ပုံစံများကို လိုက်ရေတွက်သည်။ ထိုစံချိန်ကို ညနေပိုင်းချိုးရန် ကြိုးစားသည်။ နံနက်ပိုင်းနှင့် ညနေပိုင်း ပေါင်းလိုက်သောအခါ တစ်နေ့တာပြီးစီးသမျှကိုရသည်။ နောက်တစ်ရက် ယခင်ရက်ကထက် ပိုပြီးအောင် ကြိုးစားပြန်သည်။ ထိုအခါ အခြားလက်ရေးတို စာရေးမများထက်ပို၍ အလုပ်ပြီးသည်ကို တွေ့လာရသည်။

သူ ဒီလို ဘာ့ကြောင့်လုပ်သလဲ။ ချီးကျူးခံချင်လို့လည်းမဟုတ်၊ ကျေးဇူးတင်ခံချင်လို့လည်းမဟုတ်။ ရာထူးတိုးရန်၊ လစာတိုးရန်လည်း မဟုတ်။ သူ့ကိုယ်သူ မပျင်းရိ မငြီးငွေ့စေရန်၊ ပျင်းရိငြီးငွေ့မှုမှ မောပန်းနွမ်းနယ်ခြင်းမဖြစ်စေရန် ကိုယ့်ကိုယ်ကိုယ်ချစ်၍ လုပ်ဆောင်ခြင်းဖြစ်သည်။ ပျင်းစရာအလုပ်ကို ပျော်စရာဖြစ်အောင် လုပ်လိုက်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် လှုံ့ဆော်ပေးလိုက်သလိုဖြစ်သွားသည်။ အခြား ပြင်ပက လှုံ့ဆော်စရာများမလိုတော့။ ဤနည်းဖြင့် သူ့မှာ ခွန်အားများ ပြည့်လာရသည်။ ဇွဲကောင်းလာရသည်။ ပျော်ပျော်ရွှင်ရွှင် နေနိုင်လာသည်။

ဘာဖြစ်လို့ ဒီအမျိုးသမီးအကြောင်းကို အသေးစိတ်သိနေရသလဲ။ ဒီကိစ္စဟာ အမှန်ပဲလားဟု မေးချင်ပေလိမ့်မည်။ ထိုအမျိုးသမီးသည် နောင်အခါတွင် ကျွန်တော်၏ဇနီးသည်ဖြစ်လာ၍ အသေးစိတ်သိနေခြင်းဖြစ်ပါသည်။ ကျွန်တော့်ကိုမယုံလျှင် ကျွန်တော်၏ ဇနီးသည်ကိုမေးကြည့်ပါ။

သူ တစ်ယောက်တည်းသာမဟုတ်ပါ။ ပျင်းစရာကောင်းသည့်အလုပ်ကိုပျော်စရာကောင်းအောင်လုပ်သည့်အခြားလက်ရေးတိုစာရေးမတစ်ယောက်လည်း ရှိပါသေးသည်။ ဟိုတုန်းကတော့ သူ၏အလုပ်ခွင်ထဲမှာ ဆန့်ကျင်တတ်၊ ပုန်ကန်တတ်သည်။ ယခုတော့ ပွက်လောမည့်တော့ပါ။ သူသည် အီလီနွိုက်ပြည်နယ် အမ်းဟတ်စ်က မစ်ဗယ်လီ-ဂျီ-ဂိုးလ်ဒင်းဖြစ်သည်။ သူ၏စာထဲ၌ ဤသို့ရေးထားသည်။

"ကျွန်မတို့ရုံးမှာက လက်ရေးတိုစာရေးမ လေးယောက်ရှိတယ်။ စာရေးမတစ်ယောက်ရေးပေးရတဲ့ လူတွေက အများကြီးပဲ။ တစ်ခါတလေ ကျွန်မမှာ အလုပ်တွေဝိုင်းဝိုင်းလည်လို့၊ တစ်ခါမှာ ကျွန်မတို့ ဌာနခွဲ လက်ထောက်ဌာနခွဲမှူးက စာရှည်ကြီးတစ်စောင်ကို အစအဆုံး ပြန်ရေးခိုင်းတယ်။ ကျွန်မက ဘယ်ရမလဲ၊ ပြန်ချဲတာပေ့ါ။ သူကလည်း ကျွန်မပြန်ရေးရင်ရေး၊ မရေးရင် ရေးချင်တဲ့သူတွေ အများကြီးရှိတယ် ပေ့ါလေ။ ကျွန်မ ဘာလုပ်ရမှန်းမသိဘူး။ အဲဒီစာကို လက်နှိပ်စက်ရိုက်ရင်းနဲ့ ကျွန်မရဲ့နေရာမှာ လုပ်ချင်တဲ့သူတွေ အများကြီးရှိတယ်ဆိုတာ ကျွန်မ သတိရလိုက်တယ်။ ဒီအလုပ်ကိုလုပ်ဖို့ လခပေးထားတာကိုလည်း သတိရလိုက်တယ်။

အဲဒီလို သတိရလိုက်တော့ ကျွန်မ နေလို့ထိုင်လို့ ကောင်းသွားတယ်။ ကျွန်မ ဘယ်လောက်ပဲ မလုပ်ချင်တဲ့အလုပ်၊ ဘယ်လောက်ပဲ မုန်းတဲ့အလုပ်ဖြစ်ဖြစ် ပျော်ပျော်ကြီးလုပ်မယ်လို့ ကျွန်မဆုံးဖြတ်လိုက်တယ်။ **ပျော်ချင်ယောင်ဆောင်ပြီး ပျော်စရာလိုသဘောထားပြီး လုပ်ရင် အနည်းနဲ့အများတော့ ပျော်စရာဖြစ်လာတာပဲ။ ပျော်ပျော်ရွှင်ရွှင် လုပ်တော့ အရင်ကထက်လည်း အလုပ်တွင်တယ်။** ဒီတော့ အရင်ကလို အချိန်ပိုဆင်းပြီး လုပ်စရာလည်းမလိုတော့ဘူး။ ဒီလို သဘောထား ပြောင်းလိုက်တဲ့အချိန်ကစပြီး ကျွန်မဟာ ဝန်ထမ်းကောင်းတစ်ယောက် ရယ်လို့ နာမည်ကြီးလာတော့တာပဲ။ နောက်ကျတော့ ကျွန်မတို့ အထက်လူကြီးတစ်ယောက်အတွက် သီးခြားအတွင်းရေးမှူးလိုချင်တော့ ကျွန်မကို ခေါ်ခိုင်းတယ်။ ကျွန်မက တာဝန်ပိုပေးရင် မညည်းညူတတ်လို့တဲ့။ စိတ်သဘောထားပြောင်းလိုက်တာနဲ့ ဘယ်လောက်ခရီးရောက်သလဲဆိုတာ ကျွန်မအတွက် ဧရာမရှာဖွေတွေ့ရှိမှုတစ်ခုပဲ။ တကယ့် အထူးအဆန်းတွေကို ဖြစ်စေတော့တာပဲ"

ဒဿနိကဗေဒ ပါမောက္ခကြီးတစ်ဦးက **"ပျော်ချင်ယောင်ဆောင်ပါ။ ... ဘာဖြစ်ယောင်ဆောင်ပါ။ . . ညာဖြစ်ယောင်ဆောင်ပါ "**စသည်ဖြင့် နည်းတွေပေးသည်။

အလုပ်ထဲတွင် စိတ်ဝင်စားချင်ယောင်ဆောင်လျှင် ကြာလာသည့်အခါ နည်းနည်းစိတ်ဝင်စားရာမှ များများစိတ်ဝင်စားလာမည်။ အမောအပန်းများ ပြေစေမည်။ သောကလျော့စေမည်။

နှစ်အတန်ကြာက ဟာလန်-အေ-ဟိုးဝပ်သည် သူ့ဘဝကို လုံးဝပြောင်းလဲဆုံးဖြတ်ချက်တစ်ခုကို ချခဲ့သည်။ သူ့ဘဝတွင် ပျင်းစရာကောင်းသည့်အလုပ်ဟူ၍ မရှိစေရဟုဖြစ်သည်။ အမှန်တွင် ပျင်းစရာကောင်းသည့်အလုပ်များ မရှိလို့မဟုတ်။ ပန်းကန်ဆေးတာ၊ စားပွဲခုံတိုက်တာ၊ သူငယ်ချင်းများ ကစားနေချိန်တွင် နေ့လယ်စာ ရေခဲမုန့်ပန်းကန်ဆေးတာ စသည်ဖြင့် အများကြီးရှိသည်။ သူ့အလုပ်ကို သူအလွန်ရွံမုန်းသော်လည်း အလုပ်မှနုတ်ထွက်ဖို့မဖြစ်နိုင်သဖြင့် ရေခဲမုန့်အကြောင်း လေ့လာမည်ဟု ဆုံးဖြတ်လိုက်သည်။ ရေခဲမုန့်ကို ဘယ်လိုလုပ်ရသလဲ၊ ဘာတွေထည့်ရသလဲ၊ ဘာလို့ တချို့ရေခဲမုန့်တွေဟာ တခြားရေခဲမုန့်တွေထက် ပိုကောင်းရသလဲ။ ရေခဲမုန့်အကြောင်းကို လေ့လာရင်း ဓာတုဗေဒကို စိတ်ဝင်စားလာသည်။

ထိုသို့ဖြင့် အထက်တန်းကျောင်းသားဘဝ၌ ဓာတုဗေဒဘာသာရပ်တွင် ဗိုလ်စွဲလာသည်။ နောက်ဆုံး၌ မက်ဆာချူးဆက်ပြည်နယ် ကောလိပ်တက်ကာ **အစာအာဟာရဆိုင်ရာ ဓာတုဗေဒ**ဘာသာရပ်ကို အထူးပြု၍ ဘွဲ့ယူခဲ့သည်။ တစ်ခါ၌ နယူးယောက် ကိုကိုးဒိုင်က တက္ကသိုလ်ကျောင်းသားများအား ကိုကိုးနှင့် ချောကလက်၏ အသုံးဝင်ပုံအမျိုးမျိုးအကြောင်း စာတမ်းရေးခိုင်းသည်။ အကောင်းဆုံး စာတမ်းကို ဒေါ်လာတစ်ရာပေးသည်။ ထိုဆုကို ဘယ်သူရသည်ထင်ပါသလဲ။ သင်ထင်သည့်အတိုင်းပင် ဟာလန်အေဟိုးဝပ် ရသွားခဲ့သည်။

ကျောင်းပြီးလျှင် အလုပ်ရဖို့ခက်ကြောင်း သူသဘောပေါက်သွားသောအခါ သူ့အိမ်၏မြေအောက်ခန်းထဲ၌ ကိုယ်ပိုင်ဓာတ်ခွဲခန်းတစ်ခု ဖွင့်သည်။ ဖွင့်လို့မှမကြာသေး။ နွားနို့ထဲတွင်ပါရှိသည့် ဗက်တီးရီးယားပိုးကောင်အရေအတွက်ကို မည်မျှသာရှိရမည်ဟု ကန့်သတ်သည့် ဥပဒေသစ်တစ်ခုထွက်လာသည်။ နွားနို့ကုမ္ပဏီ ၁၄ ခုက အလုပ်လာအပ်ကြရာ သူတစ်ယောက်တည်းမနိုင်သဖြင့် လက်ထောက်နှစ်ယောက်ပင် ခန့်ထားရသေးသည်။ နောင် ၂၅ နှစ် ခန့်ကြာလျှင် သူ ဘယ်လိုလူဖြစ်လာမည်နည်း။ အငြိမ်းစားယူချင်ယူမည်။ သေချင်သေမည်၊ သူတို့၏နေရာကို တက်ကြွနေကြသော လူငယ်များက ဆက်ခံကြလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ဟာလန်အေဟိုးဝပ်သည် သူ့လုပ်ငန်းထဲ၌ ခေါင်းဆောင်တစ်ယောက်ဖြစ်လာလိမ့်မည်။

ထိုအချိန်၌ တစ်ချိန်က သူရေခဲမုန့်ရောင်းခဲ့သော သူ့သူငယ်ချင်းများက အလုပ်လက်မဲ့များဖြစ်၊ လေလွင့်ပျက်စီး၊ အစိုးရကို ကျိန်ဆဲ၊ ကံဆိုးလှချည့်ရဲ့ဟု ညည်းတွားနေကြမည်။ ဟာလန်အေဟိုးဝပ်လည်း ကံမကောင်းခဲ့ပါ။ သူတို့ထက်ပင် ကံဆိုးခဲ့သေးသည်။ တကယ်လို့သာ ပျင်းစရာအလုပ်ကို စိတ်ဝင်စားစရာကောင်းအောင်လုပ်မည်ဟု ဆုံးဖြတ်ချက်မချခဲ့လျှင် ယခုလိုပင် ကံကောင်းစရာအကြောင်း မရှိပေ။

နှစ်အတန်ကြာကလည်း တွင်ခုံဘေး၌ရပ်ကာ ဝက်အူတွေလုပ်ရသည့်အလုပ်ကို အလွန်ငြီးငွေ့သည့် "ဆမ်"ဆိုသော လူငယ်တစ်ယောက် ရှိဖူးသည်။ အလုပ်မှလည်း အလွန်ကိုထွက်ချင်သည်။ အလုပ်ထွက်လျှင် တခြားအလုပ်မရမှာကိုလည်း စိုးရိမ်သည်။ ပျင်းစရာကောင်းသည့်အလုပ်ကို မလွှဲသာမရှောင်သာ လုပ်ရသောအခါ ထိုအလုပ်ကို ပျော်ပျော်ပါးပါးလုပ်မှဖြစ်မည်ဟု သန္နိဋ္ဌာန်ချလိုက်တော့သည်။ **(ဆက်လက်ဖော်ပြပါမည်)**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ကျန်းမာရေးဆပ်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၆

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ကျန်းမာရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ ဒုတိယဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေးအတွက်လုပ်ငန်းအဖွဲ့အလိုက် အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အရေးပေါ်ကိစ္စရပ်များအတွက် ဆက်သွယ်ရေးလမ်းကြောင်းများ သေချာစွာဆောင်ရွက်ရန်၊ လူနာများ လွှဲပြောင်းဆောင်ရွက်နိုင်ရေး လူနာတင်ယာဉ်များ လုံလောက်အောင် စီစဉ်ဆောင်ရွက်ထားရန်၊ ဆေးရုံများ၌ လူနာများ လက်ခံကုသနိုင်ရေး စနစ်တကျ စီစဉ်ဆောင်ရွက်ထားရန်ဖြစ်ကြောင်း၊ အစားအသောက်များ ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရေးအတွက် ချက်ပြုတ်ကျွေးမွေးမည့် အစားအသောက်များကို ပုံမှန်စစ်ဆေးနေကျဆောင်ရွက်မှုများသာမက ပြင်ပအစားအသောက်များ ယူဆောင်စားသောက်ရာတွင် ကျန်းမာရေးနှင့်ညီညွတ်စေရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ကာ ကြိုတင်ဆောင်ရွက်ရန်၊ ကျန်းမာရေးအသိပညာပေးရန်၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြည့်စုံစွာ ဆောင်ရွက်ရန်နှင့် ဖြစ်ပွားမှုရှိပါက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ထားရန် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဆပ်ကော်မတီအတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ရေကောင်းရေသန့်သုံးစွဲရေးနှင့် အစားအစာကြီးကြပ်မှုလုပ်ငန်းအဖွဲ့နှင့် ကူးစက်ရောဂါနှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းအဖွဲ့၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

# ဆီဆိုင်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော



ဆီဆိုင် နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ပင်စုံကျေးရွာအုပ်စု ထီတမောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဆီဆိုင်မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးကြီးဒဲရယ်က လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးဇော်ထွန်းက လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူးက ကျောင်းသားကျောင်းသူများအတွက် အားကစားပစ္စည်း ထောက်ပံ့ပေးအပ်ခြင်းနှင့် အားကစား အသိပညာပေး လက်ကမ်းစာစောင်များကိုဖြန့်ဝေပေးသည်။ အလားတူ မွန်းလွဲ ၁ နာရီတွင် ပင်စုံကျေးရွာအုပ်စု နန်းသြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ အဆိုပါ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---



# သာစည်မြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များ ပြန်လည်ထောက်ပံ့ပေးအပ်

သာစည် နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များ ပြန်လည်ထောက်ပံ့ပေးအပ်ပွဲကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ထောက်ပံ့ပေးအပ်

ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်အဆင့်တိရစ္ဆာန်ထောက်ပံ့ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာအောင်ထွန်းနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတာဝန်ခံ မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်မိုးကျော်တို့က ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်အဆင့် တိရစ္ဆာန်ထောက်ပံ့ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ကျေးရွာအဆင့် တိရစ္ဆာန်ထောက်ပံ့ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များက ကျေးရွာခုနစ်ရွာမှ ဝက်မွေးမြူသူ ၃၃ ဦးတို့ထံ ဝက်ကောင်ရေ ၅၁ ကောင်ကို လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

# ရပ်စောက်မြို့နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

ရပ်စောက် နိုဝင်ဘာ ၂၆

ရပ်စောက်မြို့နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်ခြင်းနည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရပ်စောက်မြို့နယ် ကျောက်တောကျေးရွာ IT Center ခန်းမ၌ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရှေးရယ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သင်တန်းနည်းပြ ဦးစီးအရာရှိ ဒေါ်သီသီစိုးက တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်ခြင်းနည်းပညာနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများကို ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းတွင် သဘော်သီးယို(အချို၊ ချဉ်စပ်)၊ သရက်ယို၊ ကျောက်ဖရုံ၊ သကြားပွင့်ယို၊ ချဉ်စော်ကားသီးယို၊ ခရမ်းချဉ်သီးယို၊ ခရမ်းချဉ်သီးဆော့စ်၊ မန်ကျည်းဖျော်ရည်၊ မန်ကျည်းဆော့စ်၊ သံပရာဖျော်ရည်၊ မက်မန်းဝိုင်၊ အာလူးကြော်/ အာလူးခြောက်၊ ဂျယ်လီ၊ စာကလေးခွေ၊ ကင်(မ်)ချီ၊ လက်ဖက်နှပ်၊ ဆီးဖျော်ရည်/ဆီးယို စသည့်ဘာသာရပ် ၁၆ မျိုးကို သင်တန်းကာလ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

---

# ရွှေတောင်မြို့မဈေးအတွင်း သား၊ ငါး၊ ဆန်၊ ဆီ အရောင်းဆိုင်များ ကွင်းဆင်းကြည့်ရှုစစ်ဆေး



ရွှေတောင် နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအတွက် ယနေ့နံနက်ပိုင်းက ရွှေတောင်မြို့မဈေးအတွင်း သား၊ ငါး၊ ဆန်၊ ဆီ အရောင်းဆိုင်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

## ကွင်းဆင်းစစ်ဆေး

အဆိုပါ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာသို့ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ( မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကော်မတီဥက္ကဋ္ဌ) ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများက သား၊ ငါးရောင်းချရာတွင် ပစ္စည်းမှန်၊ အလေးချိန်မှန်စွာဖြင့် ရောင်းချပေးနိုင်ရေး၊ ဆန်အပါအဝင် အခြေခံစားကုန်များ ပြတ်လပ်မှုမရှိစေရေး၊ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးနှင့် ဈေးနှုန်းများ တည်ငြိမ်စေရေး၊ စားအုန်းဆီများအား နိုင်ငံတော်က သတ်မှတ်ပေးထားသည့် ရည်ညွှန်းဈေးဖြင့် ရောင်းချခြင်းရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)

**ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။**

(၂၅-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

"ဟော့ကောင် . . . နေစမ်းကွာ၊ ဒီမှာ အစီအစဉ်ဆွဲမလို့"

ဒါရိုက်တာ ပေါ်ဦးက ဝင်ဟောက်လိုက်မှ စန်းလွင် ပခုံးနှစ်ဖက်တွန့်လိုက်သည်။ သို့သော် ငြိမ်တော့မနေ။

"အမယ်လေးကွာ . . . မိန်းမခိုးဖို့များ ဒီလောက်အစီအစဉ်ဆွဲနေရတယ်။ ဒီမှာ ငါအလွယ်ဆုံးအကြံပေးမယ်။ ကားတစ်စီးရှာ၊ ကောင်းတာက ဂျစ်ဖြစ်ဖြစ်၊ လင့်ရိုဗာဖြစ်ဖြစ် တစ်ခုခုဖြစ်ရမယ်။ အမြန်မောင်းနိုင်ရမယ်၊ စက်ကောင်းရမယ်"

ပေါ်ဦးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း -

"ကား ဘယ်လိုရှာမလဲ"

အောင်လင်းက လက်ကာပြ၍ လှဲနေသောနေရာမှ ထထိုင်ရင်း-

"နေဦး . . . နေဦး၊ ကားအတွက်မပူနဲ့။ ငါ့သူငယ်ချင်းဆီကရမယ်။ ဒီမှာ အစီအစဉ်ဆွဲပြီးရင် ငါ အေးလွင်ဆီ ဖုန်းဆက်မယ်။ အေးလွင်ရဲ့ကားပဲရရ တစ်စီးစီးကတော့ သေချာတယ်။ တခြားအစီအစဉ်ဆက်"

ကျွန်တော် သူတို့မျက်နှာ၊ သူတို့စကားကြောင့် ရင်ထဲတွင် ကြည်နူးစိတ်နှင့် ကျေးဇူးတင်စိတ်များ လှုပ်ရှားလာသည်။ မျက်လုံးတွင်ပင်မျက်ရည်ကြည်များဝဲလာ၏။ ချစ်သူငယ်ချင်းများကို ကျေးဇူးတင်ပါသည်။

"နောက်အစီအစဉ်က ဘယ်သွားမှာလဲဆိုတာပဲ"

စန်းလွင်၏စကားအဆုံး ကျွန်တော်က ဝင်၍ -

"ငါ့ရွာကို ခေါ်သွားရမလား"

"နိုး . . . နိုး"

ပေါ်ဦးက ခေါင်းသွက်သွက်ခါပြီး ဝင်ကန့်ကွက်သည်။ ကျွန်တော် သူ့ကိုကြည့်လိုက်၏။ သူက ကျွန်တော့်ကိုကြည့်ရင်း-

"မင်းရွာခိုးပြေးရင် ကွိခနဲမိသွားမှာပေါ့ကွ။ ဟိုဘက်ကလည်း အထာကို နောကျေအောင်သိတဲ့လူတွေ။ ညတောင်ကူးမှာ မဟုတ်ဘူး"

အောင်လင်းက ခေါင်းညိတ်၍ သဘောတူကြောင်းပြသည်။

"ဟုတ်တယ်၊ မင်းတို့ရွာကို ခေါ်သွားလို့မဖြစ်ဘူး။ ဒီလိုလုပ်၊ တောင်ကြီးကိုသွားမလား။ ငါပါ လိုက်ခဲ့မယ်။ ငါ့အိမ်မှာနေ၊ ဘယ့်နှယ်လဲ"

"မဖြစ်ဘူးကွ"

စန်းလွင်က ဝင်ကန့်ကွက်ပြန်သည်။ ဆက်၍လည်း -

"ဘာဖြစ်လို့လဲဆိုတော့ ဒီလောက် ခရီးအဝေးကြီးသွားရင် လမ်းမှာတစ်နေရာမဟုတ် တစ်နေရာ မိသွားနိုင်တယ်။ ငါ့အိမ်ခေါ်သွားတာက နီးစပ်တယ်"

ပေါ်ဦးနှင့် ကျွန်တော် အသေအချာ စဉ်းစားသည်။

စန်းလွင်၏ အကြံကမဆိုး။ သူက ညောင်လေးပင်မှာနေသောသူဖြစ်ရာ သိပ်လည်းမဝေး၊ တော်ရုံနှင့်လည်း ထင်စရာမရှိ။

အေး ... . မင်းအိမ်ဆို အဆင်ပြေမယ်။ ဒါပေမဲ့ မင်းအိမ်က လူကြီးတွေနဲ့ ဖြစ်ပါ့မလား။ တော်ကြာ ရိုက်ထုတ်လို့ ခွေးပြေးဝက်ပြေး ပြေးနေရဦးမယ်"

"ဟာ . . . အတွေးအခေါ်က အောက်တန်းကျလိုက်တာ။ ဒီလိုမိဘမျိုး ငါက ကြာရှည်လက်ခံထားမလား။ ငါ့မိဘကွ၊ ငါ့ထက် လူရည်လည်တယ်၊ ငါ့ထက် ခေတ်မီတယ်။ တစ်အိမ်လုံး ပျော်တတ်တယ်။ အဲ . . တစ်ခုပဲရှိတယ်၊ ငါ့နှမတစ်ယောက်ကို ကျန်တဲ့ကောင်တွေထဲက တစ်ကောင်မှမပိုးဘူးလို့ ကတိပေးရမယ်"

သူ့စကားကြောင့် တစ်ခန်းလုံး ရယ်သံများဖုံးသွား၏။ အောင်လင်းက ဝင်ပြီး-

> **ခင်လေးမျက်နှာလေး ကျွန်တော့်ဘက် ခပ်စောင်းစောင်းလှည့်လာသည်။ "ခင်လေးတော့ ပျော်လည်းပျော်တယ်၊ ကြောက်လည်းကြောက်တယ် ကိုကိုရယ်။ ဗေဒင်ကလည်း ကိုကို့ကို ဒုက္ခပေးမယ် ပြောထားတော့" ကျွန်တော် သူ့ပါးစပ်ကို ကျန်သည့်လက်တစ်ဖက်ဖြင့် လှမ်းပိတ်သည်။ သူ့ဗေဒင်မှန်လွန်းလို့ ကိုယ်ဘယ်လောက်ဒုက္ခရောက်မလဲ။ သေသွားမလား။ ဒါကြောင့်တော့ နောက်မဆုတ်နိုင်ဘူး ခင်လေး။ ကိုယ့်အသက်ထက် ခင်လေးကို ပိုချစ်**




"ဟဲ . . . ဟဲ . . . သူကလေးက ငါ့ကိုမြင်ပြီး ကိုအောင်လင်းမှ ကိုအောင်လင်းဆိုရင်တော့ ငါ တာဝန်မယူဘူးနော်"

စန်းလွင်က ဘုကြည့်ကြည့်၍ -

"ဒါတော့ စိတ်ချ၊ ငါ့အမျိုးထဲမှာ သွားခေါ်မှ ရွေးကြိုက်တဲ့လူမျိုး တစ်ယောက်မှမပါဘူး၊ မျိုးသန့်တယ်"

"ဟော့ကောင် . . . တော် . . . တော်"

တစ်ယောက်နှင့်တစ်ယောက် အကွက်ရသမျှ နှိပ်နေလျှင် ပြီးပုံမပေါ်နိုင်သောအရေးကို ကြိုမြင်သည့် ပေါ်ဦးက ဝင်၍-

"တော်ပြီ ဟော့ကောင်တွေ၊ ရှုပ်မနေနဲ့။ ကဲ . . . ထွန်းဝေအစီအစဉ် ဘယ့်နှယ်လဲ။ အောင်လင်းရှာတဲ့ ဂျစ်ကားနဲ့ စန်းလွင်တို့အိမ် ညောင်လေးပင်သွားမယ်။ ပိုစိတ်ချရအောင် မနက်ကတည်းက အင်းစိန်ရုံးဝင်ပြီး လက်မှတ်ထိုးသွားမယ်"

"ဟာ . . . ကောင်းတယ် ပေါ်ဦး"

"ဟိုကောင်တွေကော ဘယ့်နှယ်လဲ၊ သဘောတူလား"

" ဟာ... သိပ်ကောင်းတာပေါ့၊ ဒီအတိုင်းအတည်ပြုလိုက်"

"ဒီမယ် ....သာအောင်ကွာ၊ ပြီးတော့ ငါပါသေး၊ ဒါမှ မကောင်းရင်လည်း ဘာမှမတတ်နိုင်ဘူး"

ပေါ်ဦးက သူ့အငြိမ့်တုန်းက ပြက်လုံးအတိုင်း အားရပါးရဝင်ပြောသည်။ အောင်လင်းကလည်း လက်သီးလက်မောင်းတန်း၍-

"ဘဲရီးဂွတ် . . . သိပ်ကြိုက်သွားပြီ။ ငါ့ကိစ္စကျရင်လည်း အဲဒီလိုလုပ်ပေး"

"အေး. . .လုပ်ပေးမယ်။ ဦးပန်ချာဆီက ကားနဲ့ ကြံတောကို တစ်ခါတည်းခိုးပြေး။ ပိုစိတ်ချရအောင် မီးသင်္ဂြိုဟ်တဲ့စက်မှာ စာရင်းကြိုပေးထားမယ်"

"ဟာကွာ . . . နိမိတ်မရှိ နမာမရှိ ဖွဟဲ့"

စန်းလွင်က ဝင်ချွတ်လိုက်သည့်အတွက် အောင်လင်း ဒေါကန်ပြီး ခေါင်းအုံးဖြင့် ထရိုက်၏။

"ဩော် . . . တစ်ခုရှိသေးတယ်ကွ"

စန်းလွင်က ခေါင်းငုံ့၍ အရိုက်ခံနေရာမှ လက်ကာ၍ထရင်း ကမန်းကတန်း အော်ပြောသည်။ အားလုံးငြိမ်သွားကြ၏။ အောင်လင်းက ခေါင်းအုံးကြီးကိုကိုင်၍ တိုးလိုးတန်းလန်းကြီးရပ်သွားသည်။

"ဘာတုံး"

ပေါ်ဦးက လှမ်းမေးသည်။

"အကြိုမင်္ဂလာပွဲအဖြစ် ဒီည ရှိစုမဲ့စုတွေ အကုန်စု၊ မြေနီကုန်းသွားမယ်။ အဝသောက်မယ်၊ အဝပျော်မယ်။ ဒါ အရေးအကြီးဆုံး အစီအစဉ်ပဲ"

သူ့စကားအဆုံး အောင်လင်းက ခေါင်းအုံးကြီးကို ခုတင်ပေါ်ဘုန်းဆို ပစ်ချပြီး စန်းလွင်ကိုဖက်၍ -

"မင်းသိပ်တော်တယ် စန်းလွင်၊ ဒါကြောင့် မင်းကို အစ်ကိုကြီးက ချစ်ရတာကွ၊ ငှဲ . . . ငှဲ"

ပြောလည်းပြော၊ စန်းလွင် ပါးကိုလည်း ရွှတ်ခနဲ နမ်း၏။ "ဟင်း . . . နော်"

စန်းလွင်က ဒေါပွပွနှင့် သူ့ပါးကို လက်ဖြင့်ပွတ်လိုက်ပြီး

"ဒီပါးက ငါ့အချစ်ဆုံးသူနမ်းဖို့ ပက်ကင်လုပ်ထားတာ။ ခုတော့ စားတော်ပွဲ ခွေးဝင်ဆွဲသွားပြီ"

ကျွန်တော်တို့ အားလုံး ဝိုင်းရယ်လိုက်ကြ၏။

မျှော်လင့်ထားသောစိတ်ဖြင့် ကျွန်တော့်ရင်မှာ အပျော်လေးများ ဆူလောင်နေပေသည်။ ရင်တော့ ခုန်လိုက်မည့်ဖြစ်ခြင်း။

(၃)

စနေနေ့ ...။

ကံ့ကော်တောသို့ဝင်ဝင်ချင်း ခင်လေး တစ်ခါကပြောဖူးသည့် ကံ့ကော်ရွက်ရေကို သွားသတိရလိုက်၏။ သည်အခြေအနေတွင်မှ သူပြောသည့် ကံ့ကော်ရွက်ရေ၏အနက်သည် လွဲပြီဟု ကျွန်တော်တွေးလိုက်သည်။

သူ့ကိုတော့ ဘာမှမပြောဖြစ်။

အရေးတကြီး ပြောစရာစကားများ ရှိနေသေးသည်။

"ကိုကို ဘယ်လိုစီစဉ်ထားလဲ"

ကျွန်တော် ညတုန်းက အစီအစဉ်အတိုင်း ခင်လေးက ကျောင်းကိုခါတိုင်းလာသကဲ့သို့ လာခဲ့ရန်၊ ကျွန်တော်တို့က ကားဖြင့်စောင့်နေမည်။ ညောင်လေးပင်ကို အမြန်ဆုံးရောက်အောင်သွားမည်။ အသွားတွင် အင်းစိန်တရားရုံး၌ ဝင်၍လက်မှတ်ထိုးမည်။

တစ်ပတ်လောက်ကြာလျှင် တစ်နေရာပြောင်း၍ ရန်ကုန်ဆင်ခြေဖုံးတစ်နေရာသို့ရွှေ့မည်။ ကျူရှင်ကလေးများ စာမေးပွဲပြီးသည်နှင့် လောလောဆယ် ရှာပြန်မည်။ အချိန်မီ၍ အဆင်ပြေလျှင် အသုံးလုံးကို နှစ်ယောက်စလုံး လိုက်သွားကြမည်။ အဆင်မပြေလျှင် ပေါ်ဦးရှိရာ မန္တလေးသို့ သွားမည်။ ထို့နောက် ကျောင်းမဖွင့်ခင် ပြန်လာ၍ကျောင်းကို နှစ်ယောက်သား တက်ဖြစ်အောင်တက်မည် စသည်ဖြင့် တောက်လျှောက်အစီအစဉ်ကို ပြောပြလိုက်သည်။

ခင်လေးက ပြုံး၍-

"အင်း . . . ကိုကို့ အစီအစဉ်ကတော့ ချောနေတာပဲ။ ဒီအတိုင်းဖြစ်ပါ့မလားကိုကိုရယ်။ ခင်လေးဖြင့် ကြောက်လိုက်တာ"

ကျွန်တော်က သူ့ပခုံးလေးကို သိုင်းဖက်၍ -

"မကြောက်ပါနဲ့ ခင်လေးရယ်၊ ကိုယ်က ယောကျ်ားပါ။ ဘာပဲဖြစ်ဖြစ် ခင်လေးဟာ ကိုယ့်တစ်မျက်နှာ တစ်ရွာထင်ပြီး လိုက်လာခဲ့တယ်ဆိုတာ ကိုယ်မမေ့ပါဘူး။ ခင်လေး ဘာမှမစိုးရိမ်ပါနဲ့၊ ကိုယ်ဆိုတဲ့ကောင်က ဖြစ်ချင်တာရှိရင် ဖြစ်တဲ့နေရာကနေ ရအောင်လုပ်ယူတတ်တဲ့လူပါ"

ခင်လေးက ကျွန်တော့် ပခုံးပေါ်တွင် သူ့ခေါင်းလေး မှီလိုက်သည်။ ပြီးမှ လေသံတိုးတိုးဖြင့်-

"ခင်လေးတို့ တကယ်ပေါင်းရတော့မှာပေါ့နော်"

ကျွန်တော် သူ့ဆံစလေးများကို လက်ဖြင့်သပ်ရင်း သူ့ကိုညင်သာစွာပြောလိုက်သည်။

"တကယ်ပေါင်းရတော့မှာပေါ့ ခင်လေးရယ်။ ဒီတစ်ခါမှာတော့ ဘယ်သူဖျက်ဖျက် မပျက်တော့ပါဘူး။ ကိုယ်တို့တွေးထားတဲ့ အထဲမှာ ဘာလိုသေးလို့လဲ"

ခင်လေးမျက်နှာလေး ကျွန်တော့်ဘက် ခပ်စောင်းစောင်းလှည့်လာသည်။

"ခင်လေးတော့ ပျော်လည်းပျော်တယ်၊ ကြောက်လည်းကြောက်တယ် ကိုကိုရယ်။ ဗေဒင်ကလည်း ကိုကို့ကို ဒုက္ခပေးမယ် ပြောထားတော့"

ကျွန်တော် သူ့ပါးစပ်ကို ကျန်သည့်လက်တစ်ဖက်ဖြင့် လှမ်းပိတ်သည်။

"သွားစမ်းပါ ခင်လေးရယ်၊ ဒါတွေ အယုံအကြည်မရှိစမ်းပါနဲ့။ အလကား ဥပါဒါန်ကြောင့် ဥပဒ်ရောက်။ ကိုယ်ပြောပြီးပါပကော၊ သူ့ဗေဒင်မှန်လွန်းလို့ ကိုယ်ဘယ်လောက် ဒုက္ခရောက်မလဲ။ သေသွားမလား။ ဒါကြောင့်တော့ နောက်မဆုတ်နိုင်ဘူး ခင်လေး။ ကိုယ့်အသက်ထက် ခင်လေးကို ပိုချစ်တယ်"

သူ့မျက်နှာပေါ်တွင် ကျေနပ်ပြုံးလေး ပေါ်လာသည်။ ပီတိချစ်စဖွယ်အပြုံး။

"တကယ်ပြောတာနော် ကိုကို"

"တကယ်ပြောတာပေါ့ ခင်လေးရယ်၊ ခင်လေးဟာ ကိုယ့်ဘဝ၊ ခင်လေးဟာ ကိုယ့်အသက်ပဲ။ ချစ်တယ်ဆိုတာတွေ အများကြီး မပြောချင်ဘူး အချစ်ရယ်။ ချစ်တယ်ဆိုရင် လုံလောက်ပါတယ်နော် ခင်လေး"

ခင်လေးက မျက်လွှာလေးသိမ်း၍ ခေါင်းညိတ်ပြသည်။

(ဆက်လက်ဖော်ပြပါမည်)

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည် တင်ယာဉ်များ၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့် အထက်အငှားယာဉ်များအား ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များ အားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်း အပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ကျွမ်းကျင်ဝန်ထမ်းအလိုရှိသည်(ရန်ကုန်)

| | | | |
|---|---|---|---|
| ၁။ Sales Manager/ Supervisor | (ကျွမ်းကျင် အရောင်းတာဝန်ခံ) | (ကျား/မ) | ၃ ဦး |
| ၂။ Salesgirl / Salesman | (အရောင်းဝန်ထမ်း) | (ကျား/မ) | ၅ ဦး |
| ၃။ Senior Accountant | (စာရင်းကိုင်တာဝန်ခံ) | (မ) | ၃ ဦး |
| ၄။ Driver (လိုင်စင်အနီ) | (ကျွမ်းကျင်ယာဉ်မောင်း) | (ကျား) | ၅ ဦး |
| ၅။ Service Man | (အထွေထွေဝန်ထမ်း) | (ကျား) | ၁၀ ဦး |

**အမှတ်စဉ် (၁) အတွက်** - အရောင်းတာဝန်ခံရာထူးတွင် အမှန်တကယ်လုပ်ငန်းကျွမ်းကျင်ပြီး အလုပ်အတွေ့အကြုံ အနည်းဆုံး (၁)နှစ်နှင့် အထက်ရှိသူ ဖြစ်ရမည်။

**အမှတ်စဉ် (၂) အတွက်** - သွက်လက်ပြီး သင်ယူတက်မြောက်လိုစိတ်ရှိသူ( အသက် ၁၈-၂၅ နှစ်အတွင်း) ဖြစ်ရမည်။

**အမှတ်စဉ် (၃) အတွက်** - LCCI Level-3 (သို့) B-Com၊ Senior Accountant ရာထူးဖြင့် အလုပ်အတွေ့အကြုံ အနည်းဆုံး(၂)နှစ် အထက်ရှိပြီး အသင်းအဖွဲ့ကို ဦးစီးဦးဆောင်လုပ်ကိုင်နိုင်သူကို ဦးစားပေးမည်။

**အမှတ်စဉ် (၄) အတွက်** - ၁၀ ပေ၊ ၁၄ ပေ CANTER ကားများ အမှန်တကယ် ကျွမ်းကျင်စွာ မောင်းနှင်နိုင်ပြီး ကားမောင်းအတွေ့အကြုံ အနည်းဆုံး (၁) နှစ်အထက်ရှိသူဖြစ်ရမည်။

**အမှတ်စဉ်(၅) အတွက်** - အသက် (၁၈)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ပြီး ပညာအရည်အချင်းအကန့်အသတ်မရှိပါ။ အလုပ်အတွေ့အကြုံ ရှိရန်မလိုပါ။

*** တာယာနှင့်ဘက်ထရီ အဖြုတ်အတပ်ကျွမ်းကျင်ပါက လစာညှိနှိုင်းနိုင်ပါသည်။

**အင်တာဗျူးလိပ်စာ** - ဝင်းချယ်ရီ ကုမ္ပဏီလီမိတက်
အမှတ်(၂၃၅)၊ အလယ်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(ဘတ်စ်ကားမှတ်တိုင်-ဗန်ဒါပင်မှတ်တိုင်၊ ဆေးရုံနှင့် ရွှေဂုံတိုင်လမ်းဆုံဂုံးတံတားကြား၊ အောင်သမာဓိရွှေဆိုင်အနီး)

**လိုအပ်သည့် အချက်အလက်** - CV Form, ဓာတ်ပုံ(၂)ပုံနှင့်အတူ လူကိုယ်တိုင် အင်တာဗျူးလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**အင်တာဗျူးအချိန်** - နေ့စဉ် နံနက် ၉:၃၀နာရီ မှ ၁၂:၀၀နာရီအထိ(၉-၁၂-၂၀၂၄ မှ ၂၀-၁၂-၂၀၂၄ အထိ)

**Email လိပ်စာ** - winattention888@gmail.com သို့လည်း CV Form များကို ကြိုတင်ပေးပို့လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း** - 09-407852288, 09-408900635, 09-420275736, 09-798133515
09-5013241, 09-251224382, 01-558542, 01-542844
(9:00 AM 5:00 PM) ရုံးချိန်အတွင်းသာ ဆက်သွယ်ရန်

## ❐ ASEAN Cup

မိမိနိုင်ငံတွင်သာ လက်ခံကစားမည်ဖြစ်သည်။ အုပ်စု (A) တွင် ပါဝင်သည့်အသင်းများအနက် ထိုင်းအသင်းက ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်း၊ မလေးရှားအသင်းက ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၊ စင်ကာပူအသင်းက အမျိုးသားအားကစားကွင်း၊ ကမ္ဘောဒီးယားအသင်းက ဖနောင်ပင်မြို့ရှိ အိုလံပစ်အားကစားကွင်း၊ တီမောအသင်းက ဗီယက်နမ်နိုင်ငံရှိ Hang Day ကွင်း၊ အုပ်စု (B) တွင် ပါဝင်သည့်အသင်းများအနက် ဗီယက်နမ်အသင်းက ဖူသိုမြို့ရှိ Viet Tri ကွင်း၊ အင်ဒိုနီးရှားအသင်းက ဂျကာတာမြို့ရှိ ဘွန်ကာနိုကွင်း၊ ဖိလစ်ပိုင်အသင်းက မနီလာမြို့ရှိ ရီဇယ်လ်မန်မိုရီရယ်ကွင်း၊ မြန်မာအသင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ လာအိုအသင်းက ဗီယန်ကျင်းမြို့ရှိ အမျိုးသားအားကစားကွင်းတို့တွင် လက်ခံကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲများအနက် အင်ဒိုနီးရှား၊ လာအိုတို့နှင့်ပွဲများကို အိမ်ကွင်းလက်ခံကစားရမည်ဖြစ်ပြီး ဖိလစ်ပိုင်၊ ဗီယက်နမ်အသင်းတို့နှင့်ပွဲများကို အဝေးကွင်း သွားရောက်ကစားရမည်ဖြစ်သည်။ **ကိုညီလေး**



# စလင်းမြို့နယ်၌ ဆောင်းနေကြာစိုက်ဧက ၁၆၆၈ ဧက စိုက်ပျိုးပြီးစီး

**စလင်း နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်းနေကြာစိုက်ပျိုးဧက ၁၆၆၈ ဧက စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စလင်းမြို့နယ်တွင် ဒေသခံတောင်သူများက ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကို ဒေသအလိုက် နှစ်စဉ်တိုးချဲ့ စိုက်ပျိုးနိုင်ကြစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာများပေး၍ အပတ်စဉ် စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာ၌ စည်းရုံးဟောပြော အသိပညာပေးဆောင်ရွက်လုပ်ကိုင်ခဲ့သည်။ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆီထွက်သီးနှံဖြစ်သည့် ဆောင်းနေကြာကို တောင်သူများနှင့်တွဲဖက်၍ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ရာ စိုက်ပျိုးဧက ၁၆၆၈ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

စလင်းမြို့နယ်တွင် ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ မြေပဲ၊ နှမ်းများကို သတ်မှတ်လျာထားချက်များ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးကို ဦးစားပေး၍ စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးလျာထားဧကများ ပြည့်မီနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးလက်နေတောင်သူများအား နေကြာမျိုးစေ့အိတ်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

## ❍ အားကောင်းသောမုန်တိုင်းမှ

အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။


အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**ခန့်မှန်းချက်**

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး၊ နိုဝင်ဘာ ၂၇ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ ထိုမှတစ်ဆင့် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေနှင့် သီရိလင်္ကာနိုင်ငံကမ်းခြေအနီးတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။ **မိုး/ဇလ**

နိုဝင်ဘာ ၂၆ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ်လမ်းကြောင်းပြ မြေပုံ




## ❂ နယူးကာဆယ်မှ

အမှတ်ပေးဇယား အဆင့်(၁၄) နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

နယူးကာဆယ် အသင်းကတော့ ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၄)နေရာက အာဆင်နယ်အသင်းနဲ့ လေးမှတ်အကွာ အမှတ်ပေးဇယား အဆင့်(၁၀)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ သရက်မြိုင်လမ်း၊ အမှတ်(၄၁)ဟု ခေါ်တွင်သော (၁၅.၉)ပေx(၂၈)ပေ အကျယ်အဝန်းရှိ မြေကွက်တစ်ကွက်နှင့်ယင်းမြေပေါ်တွင် လူနေအိမ်တစ်လုံးတို့အား အရပ်ကတိစာချုပ်ဖြင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နုနုလွင် [၁၂/လမန(နိုင်)၀၅၉၉၄၅]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်မင်းအောင်[၈/ပခက(နိုင်)၂၃၀၀၆၃]ကိုင်ဆောင်သူမှ အဆိုပါအိမ်ခြံမြေအား အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးတင်မင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိကေခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၇၂၂)**
**ခ/၁၀၆၊ အောင်သာယာလမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာ(ရှေ့)၊ ရန်ကုန်မြို့။ 09–453389687**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးလှအေး၏ သား ဦးဇော်လတ် [၁၂/ဒလန(နိုင်)၀၃၃၃၆၁]၏ ပြည်တွင်းရေကြောင်းသွား ပထမတန်း စက်ခန်းအုပ်ကျွမ်းကျင်မှုလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–765414066**

## တစ်ဦးတည်းဖြစ်ကြောင်းကြေညာခြင်း

အမှတ်(ဃ/၆၃)၊ ကျွဲဆည်ကန်(၄)လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့နေ ဦးအောင်ပြည့်လျှံစိုး [၉/မဟမ(နိုင်)၀၄၅၅၄၃] ၏ မိခင်ဖြစ်သူ၏အမည် ဒေါ်မိမိစိုးနှင့် ဒေါ်မီမီစိုးမှာ တစ်ဦးတည်းဖြစ်ကြောင်း ကြေညာပါသည်။

**ဒေါ်မိမိစိုး(ခ)ဒေါ်မီမီစိုး**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၇–၁၁–၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၃၁)တွင် ပါရှိသော အထက်တန်းရှေ့နေ ဒေါ်မေဇင်ဦး၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၌ ဖော်ပြထားသည့် ရောင်းချသူ၏အမည်မှာ ဦးအောင်အောင် [၈/မထန(နိုင်)၀၉၈၁၇၁]အစား ဒေါ်မီမီမြင့်ထွန်း[၉/ခမစ(နိုင်)၀၅၁၅၆၆]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မြေငှားဂရန်အတွက် ကန့်ကွက်လွှာခေါ်ယူသည့်ကြော်ငြာစာ (အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ နည်းဥပဒေ ၅၈)

ညောင်လေးပင်မြို့၊ မြို့မ(၅)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ရပ်(၅)၊ ရွာမမြောက်ကျောင်းရပ်၊ ဦးပိုင်အမှတ်(၇၇ᵃ)၊ မြေကွက်အမှတ် (၂၀၁B)၊ ဧရိယာ (၀.၀၆၈၀)ဧကအား ညောင်လေးပင်မြို့၊ မြို့မ(၅)ရပ်ကွက်နေ ဒေါ်အေးအေးမွန် အမည်ဖြင့် ခွဲစိတ်အမည်ပြောင်းသက်တမ်းတိုးမြေငှားဂရန် လျှောက်ထားကြောင်း ညောင်လေးပင်မြို့၊ မြို့မ(၅)ရပ်ကွက်နေသူတို့အား ဤသို့အားဖြင့် အသိပေးအကြောင်းကြားလိုက်သည်–

| | |
|---|---|
| အရှေ့ဘက် | – ရွှေဟသာ်လမ်း |
| အနောက်ဘက် | – အစိုးရမြေလပ် |
| တောင်ဘက် | – ဦးပိုင်အမှတ် (၇၇ᵃ)၊ မြေကွက်အမှတ် (၂၀၁A) |
| မြောက်ဘက် | – လမ်းကြား |

ယခုမြေကွက်ကို လူနေထိုင်ရန်အတွက် အလိုရှိခြင်း ဖြစ်ပါသည်။

ယခုမြေကွက်ကို အပိုင်ဂရန်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူမည်သူမဆိုအား သိစေလိုက်သည်မှာ အပိုင်ဂရန်ပေးခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကန့်ကွက်လွှာများကို ညောင်လေးပင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၅)ရက်နေ့တွင် သို့မဟုတ် ထိုနေ့ မတိုင်မီ ပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့်ရေးသားရမည်။ အထက်ဖော်ပြထားသည့် နေ့၏ နောက်ပိုင်းတွင် ပေးပို့သည့် ကန့်ကွက်လွှာများကို လက်ခံလိမ့်မည်မဟုတ်။ အကယ်၍ (၇–၁၂–၂၀၂၄)ရက်နေ့တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကို ဒေါ်အေးအေးမွန် အမည်ဖြင့် အမည်ပြောင်းခွဲစိတ်သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားခြင်းကို ခွင့်ပြုပေးလိမ့်မည် ဖြစ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ မြေကွက်အမှတ်(၅၃၆/ခ)ဟု ခေါ်တွင်သော အိမ်အမှတ်(၅၃၆/ခ)၊ ကျန်စစ်သားလမ်း၊ မြေအကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ချိုတီမာ [၁၂/တမန(နိုင်)၁၀၅၇၉၄] အမည်ဖြင့်မှတ်သားတည်ရှိပြီး အဆိုပါ မြေအမည်ပေါက်ဖြစ်သူမှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောဟိပိုင်ပိုင်(ခ)သန့်ဇင်[၃/ဘအန(နိုင်)၂၃၈၇၆၇] ကိုင်ဆောင်သူသည် အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို(၂၅–၁၁–၂၀၂၄)ရက်နေ့တွင်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ငွေဆက်လက်ပေးချေသွားပြီး၊ ပိုင်ရေးဆိုင်ခွင့်ကိစ္စများအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောဟိပိုင်ပိုင်(ခ)သန့်ဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးမြတ်မွန် (LL.B), (LL.M) အထက်တန်းရှေ့နေ (စဉ်–၅၅၈၄၂)**
**အမှတ်(၁၂၈)၊ မြယာကုန်းလမ်းတို၊ တောင်ညွှန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၅၆၂၆၄၇၈၆၊ ၀၉–၇၈၆၉၅၆၃၉၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၇စီ၊ မြေကွက်အမှတ်–၂၁၊ အကျယ်အဝန်း (၂၅ ပေ x၄၀ ပေ) ရှိ မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အတိုင်းအတာအားဖြင့် (၁၂½ပေx၄၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၆–ရပ်ကွက်၊ မြခ္ခာညိုလမ်း၊ အမှတ် (၈) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူများဖြစ်သော ဦးစိန်အုပ် (ခ) ဦးစိုးမြင့် [၁၂/ပဇတ (နိုင်) ၀၀၈၀၂၃]၊ ဒေါ်အဲလိဇဘတ် [၁၂/ပဇတ(နိုင်)၀၄၀၈၂၄]၊ ဦးသက်စိုးပိုင် [၁၂/ပဇတ (နိုင်) ၀၀၁၉၅၀] နှင့် ဒေါ်အေးမြတ်မွန် (ခ) ဒေါ်မျိုးသီဂီ [၁၂/ပဇတ (နိုင်) ၀၃၀၉၁၁] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍နစ်နာမှု တစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးမျိုးသူရအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၁၄၈)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၄၄၃၁၁၃၂၁၁**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃–ရပ်ကွက်၊ ယသဝတီ(၁၅)လမ်း၊ အမှတ်–၁၀၂၂ ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၃)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦရှိ အကျယ်အဝန်း (၁၂ပေ x ၅၀ပေ)ခန့်ရှိ ပထမထပ် (အလယ်ခန်း) တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စန်းစန်းဌေး [၁၂/ဥကတ(နိုင်)၁၃၃၀၉၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့် ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန့်ဇော်ဝင်းဦး (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၅၂၇)**
**အမှတ်(C–2A)၊ အခန်းအမှတ်(၁၁၀)၊ Botahtaung Time Square အိမ်ရာ၊ ကုန်သည်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၆၅၁၇၈၀၁၈၊ ၀၉–၂၅၀၀၆၀၃၁၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းမြို့ဟောင်း(၁၂)လမ်း၊အမှတ်–၂၂၃(၅)လွှာတွင် နေထိုင်သူ ဒေါ်ဆုမြတ်နန္ဒာမိုး(ဘ) ဦးလှနန္ဒာလွင်[၁၂/လမန(နိုင်)၁၇၀၅၄၃]ကိုင်ဆောင်သူသည် ခင်ပွန်းဖြစ်သူ ဦးဖုန်းထက်ကျော်နှင့်အရွယ်မရောက်သေးသည့် (၂)နှစ်အရွယ်သမီးငယ်အား ထားခဲ့ပြီး(၁၄–၁၀–၂၀၂၄)ရက်နေ့တွင် အထက်လိပ်စာပါနေအိမ်မှ ၎င်း၏ဆန္ဒအလျောက်ဆင်းသွားသည့်အတွက် ဒေါ်ဆုမြတ်နန္ဒာမိုးနှင့် ပတ်သက်သည့်လူမှုရေး၊ ငွေရေးကြေးရေးနှင့်အခြားမည်သည့်ကိစ္စအဝဝကို ကျွန်ုပ်၏အမှုသည် ဦးဖုန်းထက်ကျော်မှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဖုန်းထက်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေးမူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၈၉၄)**
**အမှတ်(၉/၁၀)၊ အခန်း(၁၀၂/ F)၊ ၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၀၀၈၁၂၅၆၊ ၀၉–၇၉၅၅၆၇၅၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁/၂)ရပ်ကွက်၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(5B)၊ အခန်းအမှတ်(0701)အား မူလအမည်ပေါက် ဒေါ်မြင့်မြင့်အောင် [၁၂/ရကန(နိုင်) ၀၄၉၇၄၄]ထံမှ ဦးအောင်ကောင်းသန့် [၁၂/စခန(နိုင်)၀၇၄၃၁၆]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိန်မြရံချယ်(၃)လမ်း၊ မြေကွက်အမှတ် (၁၁၉၈)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်–(၅၆)၊ မြေကွက်အမှတ်–၁၁၉၈၊ဧရိယာ (၄၀ပေx၆၀ပေ)ရှိ ဦးကြည်လှိုင်(ခ)ဦးကြည်လွင် မြေအမည်ပေါက်(ပါမစ်)၏ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော (၁၀ပေx၆၀ပေ) (၄)ကွက်ရှိရာတွင် ခေါင်းရင်းဘက်အစွန်ဆုံးခြမ်း ဧရိယာ(၁၀ပေx၆၀ပေ)ရှိ မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစိုးပိုင်[၁၂/ဒဂတ (နိုင်)၀၅၃၇၀၃]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကေခိုင်ဦး [၁၂/သလန(နိုင်)၁၃၇၄၃၉]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ကေခိုင်ဦး** | **ဒေါ်သက်သက်အောင် LL.B** |
| **[၁၂/သလန(နိုင်)၁၃၇၄၃၉]** | **အထက်တန်းရှေ့နေ(စဉ်–၂၈၃၅၀)** |
| | **အမှတ်(၁၆၇၉)၊ သာလွှာဝတီအနောက်(၅)လမ်း၊ ၁၀/တောင်၊ (၁၄)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၀၆၆၇၄၅၇** |

## အမည်ပြောင်း

အဖ ဦးခင်မောင်ဝင်း၏ သမီးဖြစ်သူ မခင်ဇာဇာ [၁၂/မဂဒ(နိုင်)၀၉၀၄၀၃] အား မခင်ဇာလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခင်ဇာလင်း**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးညဏ်ထွန်း၏သား ဦးအောင်သက်နိုင် [၁၀/မဒန(နိုင်)၀၃၅၉၆] ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၀၅၈၀၄**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးနေဦး၏သမီး မသူဇာမိုး [၇/မညန(နိုင်)၁၀၆၂၅၈]၏ နိုင်ငံကူးလက်မှတ် (MD-805422) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း–၀၉–၄၂၃၃၄၅၉၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် တိုးဝေဖြိုး [၁၄/နေဖ(နိုင်)၁၂၉၇၁၅] ၏ CDC-86167 စီဒီစီစာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၆၂၈၁၂၂၀**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်နေ အ.မ.က(၅) Grade–4 တွင် ပညာသင်ကြားနေသော မဝေရတီဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင်[၁၂/ဥကတ(နိုင်)၁၈၅၀၄၇]ဖြစ်ပါကြောင်း။

## လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း

မန္တလေးမြို့နေ [၉/ပကခ(နိုင်)၀၃၂၄၈၄]ကိုင်ဆောင်သူ ဦးမင်းခန့်အောင်၏ ဖခင်အမည် ဦးမောင်စိုးနှင့်ဦးအောင်ကျော်စိုး အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း။

## သွေးသည် အသက်

## မြိတ်မြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲ/ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အခမ်းအနား ဖိတ်ကြားလွှာ

မြိတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၆၈)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန်တော့ခံအဘိုးအဘွားများ/ပညာရည်ထူးချွန်ဆုရကျောင်းသူ/ကျောင်းသားများ၊ မြိတ်သူမြိတ်သားများစုံစုံညီညီ ကြွရောက်နိုင်ပါရန်လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်–

| | | |
|---|---|---|
| ကျင်းပမည့်နေ့ | – | ၁၃၈၆ ခုနှစ် (နတ်တော်လဆုတ် ၁၀ ရက် ) ၂၅–၁၂–၂၀၂၄ (ဗုဒ္ဓဟူးနေ့) |
| ကျင်းပမည့်အချိန် | – | နံနက် (၈)နာရီ |
| ကျင်းပမည့်နေရာ | – | ယုဇနဟိုတယ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အသက်(၇၀)နှစ်နှင့် အထက် မြိတ်အသင်းဝင်/မြိတ်သူမြိတ်သား အဘိုးအဘွားများသည် (၁၅–၁၂–၂၀၂၄) နောက်ဆုံးထား၍ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူနှင့်အတူ ရုံးချိန်အတွင်း မြိတ်အသင်းရုံးခန်း၊ အမှတ်(၆၈)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ (ဖုန်း–၀၁–၂၂၄၃၄၀၊ ၀၉–၇၉၅၄၁၁၁၆၈)သို့ အမည်စာရင်း ပေးသွင်းပြီး ကန်တော့ခံကြွရောက်ရန်ဖြစ်ပါသည်။

၁။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် မြိတ်သူ/မြိတ်သားများ၏ သားသမီးများသည် မြိတ်အသင်းမှ ချီးမြှင့်မည့် ပညာရည်ချွန်ဆုကို လျှောက်ထားနိုင်သည်။

၂။ ပညာရည်ချွန်ဆု လျှောက်ထားသူသည် ရမှတ် (၄၈၀)မှတ်နှင့်အထက်ရရှိသူဖြစ်ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲကို နှစ်ချင်းပေါက်အောင်မြင်သူဖြစ်ရပါမည်။

၃။ မြိတ်စာစစ်ဌာနမှ အောင်မြင်သူများသည် မြိတ်မြို့ အဝေးရောက် အမှုဆောင်အဖွဲ့မှ တစ်ဆင့်လည်းကောင်း၊ ရန်ကုန်မြို့နှင့် အခြားစာစစ်ဌာနများမှ အောင်မြင်သူများသည် မြိတ်မြို့နယ်အသင်း (ရန်ကုန်)သို့လည်းကောင်း သတ်မှတ်ပုံစံဖြင့် (၁၅–၁၂–၂၀၂၄) ရက်နေ့နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်– မြိတ်မြို့နယ်အသင်း(ရန်ကုန်)၊ အမှတ်(၆၈)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**
**သီးခြားဖိတ်စာမပို့ပါ။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၃၇၇)၊အလျား(၄၀x၆၀)ပေအကျယ်အဝန်းရှိ ဦးသောင်းစိန် အမည်ပေါက် (စလစ်)မြေနှင့် ၎င်းမြေပေါ်ရှိ သီးပင်စားပင်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားရှိသူ ဦးထွန်းလင်းနိုင် [၉/မထလ(နိုင်)၂၁၇၉၅၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သဇင်ဝင့်[၁၂/ကတန(နိုင်)၁၂၆၅၂၆]က (၂၁–၁၁–၂၀၂၄)ရက်နေ့တွင် ဥပဒေနှင့်အညီ အပြီးသတ်ငွေပေးချေ၍ လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်းနှင့်အထက်ဖော်ပြပါမြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဒေါ်သဇင်ဝင့်၏တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ရောင်းချပေါင်နှံ၊ငှားရမ်း၊ပေးကမ်း၊ လှူဒါန်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းနှင့် အခြားသောကိစ္စရပ်များပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေထက်အောင် ( LL.B , D.B.L )**
**အထက်တန်းရှေ့နေ(စဉ်–၅၃၆၇၁/၂၀)**
**အမှတ်(၁၀၄)၊ ရတနာမဥ္ဇူလမ်း၊ ဆ/ကရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၈၃၉၁၂၅၆၄၊ ၀၉–၉၈၈၆၅၉၁၉၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀/ရွှေပေါက်ကံ၊ ဘုရင့်နောင်(၁)လမ်း၊ မြေကွက်အမှတ်(၅၇၀)ဟု ခေါ်တွင်သော မြေအကျယ်(၄၀x၆၀)ပေရှိ ဒေါ်မြသဇင်[၁၂/မဘန(နိုင်)၀၁၅၃၀၄] အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်ကြီးထဲမှ တရားဝင် မခွဲစိတ်ရသေးသည့် မြေအကျယ်(၂၀ x ၆၀)ပေရှိ [မြေကွက်အမှတ် (၅၇၂) နှင့်ကပ်လျက်အခြမ်း]မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက် ဖြစ်သူထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိထားပိုင်ဆိုင်ကာ တစ်ဆင့်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နှင်းဆီခိုင်[၁၂/ခရန(နိုင်)၁၃၁၈၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေစင်အိ[၈/အလန(နိုင်)၁၅၀၁၇၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအေး (LL.B, D.B.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၀၄၀၆၉၄၊ ၀၉–၇၆၅၀၄၀၆၉၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အောင်သပြေလမ်း၊ မြေကွက်အမှတ်(၄၂–A)၊ အကျယ်အဝန်း(အလျား ၄၅ပေ x အနံ ၆၅ပေ)ရှိ မြေကွက်အား ယခုလက်ရှိရောင်းချသူ ဒေါ်အုန်းမြင့်[၁၂/ပဘတ(နိုင်)၀၀၇၉၆၁]မှ ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် မိမိတစ်ဦးတည်းဝယ်ယူ လက်ရောက်ပိုင်ဆိုင်ထားကြောင်း၊ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အဆိုပါမြေကွက်၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်မာသည့် ပိုင်ဆိုင်မှုမူရင်းအထောက်အထားစာရွက်စာတမ်းများဖြင့် ယနေ့ကြေညာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်မြင့်ထွန်း LL.B,D.B.L, WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၇၉၈) (၃၀–၁၁–၂၀၂၃)**
**အမှတ်(ဂ/၃၁၀)၊ နီလာ(၅)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၆၃၄၁၂၀၀၂၊ ၀၉–၄၀၈၉၃၅၂၀၂**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ အမှတ်(၂၀/ခ) ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် Phoe Yazar Residence, Room Type (၆)ထပ်+Penthouse ၏ စတုတ္ထထပ် (၅)လွှာ၊ အကျယ်အဝန်း(၁၇၆၇ စတုရန်းပေ)ရှိ တိုက်ခန်းနှင့် ကားပါကင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်ထားကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ခိုင် [၈/ မသန(နိုင်)၀၀၃၆၅၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ**
**LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၄၃၁၆၃၄၀၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– FMI–၈၊ မြေကွက်အမှတ်–၅၃၈၊ ဧရိယာ (၀. ၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်–C–၁၊ ပိတောက်ဝါ(၆)လမ်း၊ (၄)ရပ်ကွက်၊ FMI City၊ လှိုင်သာယာမြို့နယ်၊ ဦးချန်စိန်ဝင်း(KLO–၀၀၆၀၈၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးချန်စိန်ဝင်း(KLO–၀၀၆၀၈၀) [၅/ကလထ(နိုင်)၀၀၂၂၈၆](ဖခင်)သည် (၂၀–၉–၂၀၂၄)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်စောကြည်(မိခင်)သည် (၁၅–၆–၂၀၂၁) ရက်နေ့တွင်လည်းကောင်း ကွယ်လွန်သွားပါသဖြင့် ဒေါ်စုစုဝင်း [၅/ကလထ(နိုင်)၀၀၀၉၁၈]၊ ဦးဝေရှင်း [၅/ကလထ(နိုင်)၀၀၀၉၁၉]၊ ဒေါ်သက်သက်ဝင်း[၅/ကလထ(နိုင်)၀၀၁၄၅၆]၊ ဦးဝေရှိန်[၅/ကလထ(နိုင်)၁၀၉၃၇၄] တို့မှ ကွယ်လွန်သူ မိဘနှစ်ပါးတွင် ၎င်းတို့(၄)ဦးသာ မွေးဖွားထွန်းကားကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော သားသမီး မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးမွေးဖွားခြင်းလည်းမရှိကြောင်း၊ ၎င်းတို့သာလျှင် တရားဝင်အမွေဆက်ခံခွင့်ရှိပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် ဦးဇော်မျိုးထိုက် [၈/ပမန(နိုင်)၀၉၅၇၇၉] နှင့် ဒေါ်သန္တာအောင် [၉/ရမသ(နိုင်)၁၅၆၅၆၆] တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းရန် ဆန္ဒလုံးဝမရှိကြတော့သဖြင့် (၂၁–၁၀–၂၀၂၄)ရက်နေ့တွင် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်" ကို မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒအရ အသိသက်သေများရှေ့မှောက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး ဖြစ်ပါသောကြောင့် ကွာရှင်းပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမွန်အောင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၃၇၂)**
**အမှတ်(၁၀/မြေညီ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၉၉၁၁၁၆၄**

## “ကန့်ကွက်လိုက ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၈)လမ်း (အပေါ်ဘလောက်)၊ အမှတ်(၂၂၇)၊ ပထမထပ်(ဝဲ)၊ အကျယ်အဝန်း အလျား ၁၂ ပေခွဲ x အနံ ၆၀ ပေ၊ ရေ/မီး အပြည့်အစုံ တိုက်ခန်း (၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံ ရရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးခင်မောင်အေး (ဘ)ဦးဝါဟုန် [၁၂/ကတတ(နိုင်)၀၀၉၆၇၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ခိုင်[၆/ထဝန(နိုင်)၀၁၉၄၀၁]နှင့် ဒေါ်မာမာလွင်[၆/ထဝန(နိုင်)၀၀၆၆၂၁]တို့က အပြီးအပိုင်ဝယ်ယူရန် (၂၂–၁၁–၂၀၂၄)နေ့တွင် ယင်းတိုက်ခန်း ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ ရောင်းချသူကလည်း ရောင်းချသည့်တိုက်ခန်းကို ၎င်းတို့ကိုယ်တိုင် အမွေရရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုခဲ့ပါသည်။

သို့ပါ၍ အထက်ပါ တိုက်ခန်း ရောင်း/ဝယ်မှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများပြသ၍ ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏ အမှုသည်ထံသို့ဖြစ်စေ ကန့်ကွက်လိုက ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် တစ်စုံတစ်ရာခိုင်မာစွာ ကန့်ကွက်မှုမရှိပါက အရောင်း/အဝယ် ကိစ္စပြီးမြောက်ရေးအတွက် ဆောင်ရွက်ဖွယ်ရှိသည်တို့ကို ဆက်လက်ဆောင်ရွက်၍ တိုက်ခန်းကို ဝယ်ယူသူများက လက်ရောက်ရယူ ပိုင်ဆိုင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးတက်ဝင်းမြိုင်** | **ဒေါ်သီသီလှိုင်** | **ဒေါ်ထွေးဆုပိုင်စိုး** |
| **(စဉ်–၁၉၅၃/၈၀)** | **(စဉ်–၁၄၆၁၈)** | **(စဉ်–၁၆၃၀၈)** |
| **B.A (LAW).,LL.B.** | **LL.B.,D.M.L.** | **LL.B.,LL.M.** |
| **(တရားလွှတ်တော်ရှေ့နေ နှင့် နိုတြီပဗ္ဗလစ်)** | **(တရားလွှတ်တော်ရှေ့နေများ)** | |

| | |
|---|---|
| **ဒေါ်ကျော့ကျော့စံ** | **ဒေါ်ခင်သန္တာကျော်** |
| **LL.B(စဉ်–၅၃၃၅၃)** | **LL.B (စဉ်–၅၃၆၂၆)** |

**(အထက်တန်းရှေ့နေများ)**
**အမှတ်–၁၀/၁၂၊ ပထမထပ်၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၉၅၄၃၃၀၁၈၊ ၀၉–၉၆၆၈၁၁၉၁၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## အလုံခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၀၇

| | |
|---|---|
| ရောဝတီဘဏ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စားဦးလှမင်းထွန်း–မန်နေဂျာ) | နှင့် ၁။ ဒေါ်စိုးကေသွယ်မောင် ၂။ ဦးအောင်စမ်းထွဋ်မောင် |
| **(တရားလို)** | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၃၃)၊ အခန်းအမှတ်(ဘီ)(၅–လွှာ)၊ (Yangon BBQ) နေ (၁)တရားပြိုင် ဒေါ်စိုးကေသွယ်မောင်၊ ၂။တရားပြိုင် ဦးအောင်စမ်းထွဋ်မောင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပိုင်ဆိုင်မှုစာချုပ်စာတမ်းများအပ်နှံ၍ ပေါင်နှံမှု၌ အပေါင်ပစ္စည်းများကို တရားမကျင့်ထုံးဥပဒေအမိန့်–၃၄၊ နည်းဥပဒေ ၃ အရ ထုခွဲရောင်းချပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်။ (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်နေ့ မွန်းမတည့်မီ နံနက် (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဦးဘသောင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**အလုံခရိုင်တရားရုံး**

## (၂၁–၁၁–၂၀၂၄)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၉)တွင် ဒေါ်သီတာစန်း[၁၂/သဃက(နိုင်)၀၀၇၀၄၅]၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ဖြူဖြူဝင်း ကြေညာခဲ့သည့်အပေါ် မှန်ကန်မှုမရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၆ ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ အိမ်အမှတ်– ၅၉၅ နေ ဒေါ်နန်းညွှန့်မေ[၁၃/နခန(နိုင်)၀၀၁၅၂၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း မှန်ကန်မှုမရှိကြောင်း အကြောင်းပြန်ကြားအပ်ပါသည်–

အထက်ဖော်ပြပါအိမ်လိပ်စာရှိ ပေ(၄၀)xပေ(၆၀)မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် (၁)ဒေါ်နန်းညွှန့်မေ(ကွယ်လွန်သူဦးသီဟလင်း၏ဇနီး)၊ (၂)ဒေါ်ဥမ္မာလင်း၊ (၃)ဒေါ်သီတာစန်း(ဦးသူရလင်း၏ဇနီး)၊ (၄)ဦးအောင်ပြည်စိုးသိန်း တို့(၄)ဦးပိုင် အမွေဆိုင်အိမ်ဖြစ်ခဲ့ပါသည်။ ထိုစဉ်က ဖခင်နှင့်အစ်ကိုမှာ တပ်မတော်တာဝန်ထမ်းဆောင်နေ၍ ကျန်မောင်နှမများမှာ ကျောင်းတက်နေချိန်ဖြစ်သည့်အတွက် အိမ်တွင်နေထိုင်သော လူလွတ်ဖြစ်သူ ဦးသူရလင်းအား မိသားစုကိုယ်စား အမည်ခံဂရန်ပြုလုပ်ပေးခဲ့ခြင်းသာဖြစ်သည်။ အဆိုပါမြေပေါ်ရှိ အဆောက်အဦသည် ဒေါ်နန်းညွှန့်မေ၏ခင်ပွန်း ဦးသီဟလင်း၏ တစ်ဦးတည်းပိုင်ငွေကြေးဖြင့် ဆောက်လုပ်ခဲ့ခြင်းကို ဒေါ်သီတာစန်း သိပြီးဖြစ်ပါသည်။

(၁၂–၉–၂၀၂၄)ရက်စွဲပါ “နှစ်ဦးသဘောတူအိမ်နှင့်မြေအရောင်းအဝယ်စရန်ပေးကတိစာချုပ်” နှင့် (၂၂–၉–၂၀၂၄)ရက်နေ့ ချုပ်ဆိုသည့်“နှစ်ဦးသဘောတူ မြေနှင့်အိမ်ထက်ဝက်ခွဲဝေခြင်းသဘောတူ” စာချုပ်များသည် ၎င်းတို့နှစ်ဦး အလိုရှိသော ဆန္ဒသဘောထားများကိုသာ နှစ်ဖက်ရှေ့နေများမှ ညှိနှိုင်းဖော်ပြရေးသားခဲ့ပြီး၊ အသိသက်သေအဖြစ် ကာယကံရှင် နှစ်ဦး၏သား၊ သမီးများရှေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

(၂၂–၉–၂၀၂၄)ရက်စွဲပါ စာချုပ်ပါအချက်များကို လူကြီးမင်း၏အမှုသည်က အကြိမ်ကြိမ်ချိုးဖောက်ခဲ့၍ ဒေါ်နန်းညွှန့်မေ၏ အထက်တန်းရှေ့နေ ဒေါ်အေးမြတ်မိုးမှတစ်ဆင့် သတိပေးအကြောင်းကြားစာ ပေးပို့ခဲ့သည့်အပေါ်တွင်လည်း ဒေါ်သီတာစန်း လက်ခံရယူခဲ့ပြီးဖြစ်ပါသည်။

လူကြီးမင်းကြေညာချက်ပါ စွပ်စွဲပြောဆိုချက်ဖြစ်သည့် ဝိုင်းဝန်းဖိနှိပ်အကျပ်ကိုင်၍ စရန်ငွေပေးကတိစာချုပ်တွင် လက်မှတ်ရေးထိုးခိုင်းခြင်းနှင့် ၎င်းနေထိုင်သော အိမ်အစိတ်အပိုင်းကို အင်အားသုံးခြိမ်းခြောက် ကြိမ်းမောင်း၍ ဖျက်သိမ်းရန်ပြုသည့်အချက်များသည် မမှန်မကန်ကြေညာထားသည့်အတွက် ကျွန်ုပ်အမှုသည်နှင့် မိသားစုအသိုင်းအဝိုင်း ဂုဏ်သိက္ခာများစွာ ထိခိုက်ကျဆင်းရပါသည်။

လူကြီးမင်းသည် (၂၂–၉–၂၀၂၄)ရက်နေ့စာချုပ်ကို တောင်းယူ၍သေချာစစ်ဆေးအတည်ပြုခဲ့ခြင်းမရှိသော လူကြီးမင်း၏ သတင်းစာကြေညာကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းညွှန့်မေနှင့်မိသားစု၏ ဂုဏ်သိက္ခာများစွာ ထိခိုက်ကျဆင်းရပါသည်။ စာချုပ်ပါအချက်များ လိုက်နာမှုမရှိသည်မှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းညွှန့်မေ မဟုတ်ဘဲ လူကြီးမင်း၏အမှုသည် ဒေါ်သီတာစန်းသာဖြစ်ပါသောကြောင့် (၂၂–၉–၂၀၂၄)စာချုပ်သည် မည်သည့်အကြောင်းနှင့်မျှ ဖျက်သိမ်းခွင့်မပြုကြောင်း ဆက်လက်စွဲမြဲအတည်ပြုပါကြောင်း အသိပေးပြောကြားအပ်ပါသည်။ လူကြီးမင်းတို့၏ မမှန်မကန်ကြေညာချက်အား အမြန်ဆုံးရုပ်သိမ်းရန်နှင့် ဒေါ်နန်းညွှန့်မေ ပိုင်အထက်ဖော်ပြပါ အိမ်နှင့်မြေ၏ ခြေရင်းခြမ်း ပေ(၂၀)xပေ(၆၀) အတွင်းသို့ ကျူးကျော်ဝင်ရောက်သူများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း ဒေါ်သီတာစန်းနှင့် အများသိစေရန် ရှင်းလင်းပြန်ကြားပါသည်။

**ဒေါ်နန်းညွှန့်မေ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးမြတ်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၃၂၀၉၄)**
**အမှတ်–၅၆၀၊ မာဃ–၁၀လမ်း၊ ၁၂–ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၀၆၅၈၀၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၅၊ မြေကွက်အမှတ်–၅၁၁၊ မြေကွက်တည်နေရာအမှတ်(၅၁၁)၊ မနော်ဟရီလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ငွေလှိုင် [၁၂/ကမရ(နိုင်)၀၃၅၈၇၃] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ငွေလှိုင် [၁၂/ကမရ(နိုင်)၀၃၅၈၇၃] အား(တရားပြိုင်)ထားကာ ဦးဝင်းလွင်ဦးမှ (တရားလို)ပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားမရုံး၌ တရားမကြီးမှုအမှတ်(၂၉/၂၀၂၀)အရ ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၀–၇–၂၀၂၀)ရက်စွဲပါ စီရင်ချက် ဒီကရီနှင့် တရားမဇာရီမှုအမှတ်(၄၂/၂၀၂၀)တို့အရ တရားရုံးကိုယ်စား တရားရုံးဘီလစ် ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန(နိုင်)၀၀၃၄၁၉]မှ ဂရန်၊ နိုင်/ကတ် တရားရုံးအမိန့်များ၊ ဘီလစ်ခန့်စာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ဌာနဝင်စာအမှတ် (၁၁၁၂၂/၁၆–၁၁–၂၀၂၂)ဖြင့် ဦးရဲမြတ်မင်း၊ ဦးကျော်ညီထွန်းတို့မှ ကန့်ကွက်စာတင်သွင်းထားခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရန်အတွက် အကြောင်းကြားခဲ့ရာ တရားနိုင် ဦးဝင်းလွင်ဦးနှင့် ညှိနှိုင်းပြေလည်မှုရရှိခဲ့ပြီးဖြစ်၍ (၈–၁၁–၂၀၂၂)ရက်စွဲပါ ကန့်ကွက်စာအား ပြန်လည်ရုပ်သိမ်းပါကြောင်း ဌာနဝင်စာ(၁၂၉၄၈/၇–၁၀–၂၀၂၄)ဖြင့် ရှင်းလင်းတင်ပြလာပါသဖြင့် ဘီလစ် ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၅၂)၊ အလယ်ရွာကွင်း၊ ဦးပိုင်အမှတ် (၆၄/၆)၊ ဧရိယာ (၀.၀၅) ဧကရှိ ဒေါ်သက်မော်ဦး အမည်ပေါက် ခြံမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ရောင်းချ လွှဲပြောင်းခွင့်ရှိသူ ဦးဝင်းမြင့် [၁၂/တမန(နိုင်) ၀၁၄၀၅၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်စန္ဒာဦး** | **ဒေါ်ယဉ်လဲ့မိုး** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် – ၁၆၇၃၁)** | **(စဉ် – ၁၈၅၃၂)** |

**အမှတ် (၈၂၀)၊ အေးသစ္စာရပ်ကွက်၊ အောင်ချမ်းသာ၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၄၂၀၇၃၂၇၆၂ ၊ ၀၉–၄၂၁၁၅၄၉၅၁**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ နွယ်နီလမ်း၊ မြေကွက်အမှတ်(၁၃၀၉/ခ)၊ အလျား(၂၀)ပေxအနံ(၆၀)ပေရှိ ဦးအေးလွင် အမည်ပေါက် မြေချပါမစ်(မူရင်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဒေါ်မိမြိုင် [၉/ညဥန(နိုင်)၂၂၇၉၁၅] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် (စရန်ငွေ)တစ်စိတ်တစ်ဒေသကို ပေးချေထားရှိပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးငြိမ်းသူ(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၃၂၃၉)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း–၀၉–၉၆၆၈၇၄၈၆၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်–၃၄၄–၃၄၆၊ ပထမထပ်အခန်းအမှတ်–၁၂၊ (၁၂ ၁/၂ ပေx၆၀ပေ) အကျယ်အဝန်းရှိသော တိုက်ခန်းကို လက်ရှိတရားဝင်ပိုင်ဆိုင်လွှဲပြောင်း/ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ရှိန်[၁၂/လမတ(နိုင်)၀၂၂၀၀၈]ထံမှ ကျွန်ုပ် ဦးမိုးကျော်အောင်[၁၂/ကတတ(နိုင်)၀၂၂၃၆၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမိုးကျော်အောင်**
**[၁၂/ကတတ(နိုင်)၀၂၂၃၆၁]**
**ဖုန်း–၀၉–၇၆၅၁၅၂၅၂၄၊ ၀၉–၅၁၁၇၀၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ မြတ်လေးလမ်း၊ အကွက်အမှတ်(၂၇)၊ ကျိုက်ဖောမိတောင်ကွက်၊ ဦးပိုင်အမှတ်–က/၂၅၊ ဧရိယာ(၀. ၀၆၅)ဧကအကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးသက်ဝေ (ဘ)ဦးချစ်ဆိုင် [၁၄/ဒဒရ(နိုင်) ၀၀၃၅၂၂] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းနွယ် [၈/မဘန(နိုင်)၁၀၅၆၆၄] က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သီရိဦး (LL.B) (LL.M)** | **ဒေါ်ဝေဝေဖြိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၂၃၀)** | **အထက်တန်းရှေ့နေ(စဉ်–၅၀၈၀၂)** |

**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း–၀၉–၄၂၀၁၉၇၈၆၊ ၀၉–၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃၃/၁၀)ရပ်ကွက်၊ သာစည်လမ်း၊ အမှတ်(၃၆၁/ခ)ဟုခေါ်တွင်သော မြေအကျယ်ပေ အလျား ၂၀ပေxအနံ၆၀ပေရှိ မြေတစ်ကွက်နှင့် ထိုမြေကွက်တွင် ဆောက်လုပ်ထားသော လုံးချင်းအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ဆက်စပ် စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်သင်းကြည်[၈/တတက(နိုင်)၀၀၂၆၅၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေအချို့ပေးထားပါသည်။ ဤအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်လွင်(ကိုယ်စား) ဒေါ်အေးကျင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသာမြင့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၁၀၁၉၁)**
**ဖုန်း–၀၉–၄၅၀၄၂၈၁၅၈၊ ၀၉–၆၆၁၈၂၃၉၆၇**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ နှင်းဆီမြိုင်(၆)လမ်း၊ မြေကွက်အမှတ်(၁၄၁)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေရှိ မြေချပါမစ်အမည်ပေါက်ပိုင်ရှင် ဦးမြင့်ဆွေ[၁၂/တမန(နိုင်)၀၁၃၀၄၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးထွန်းလှိုင်[၁၁/စတန(နိုင်)၀၁၁၉၈၁]က ဝယ်ယူလက်ရှိထားပိုင်ဆိုင်ခဲ့ပြီးနောက် (၁–၄–၂၀၂၄) ရက်နေ့တွင် မြေချပါမစ်(မူရင်း)မှာ ပျောက်ဆုံးသွားပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အဆိုပါမြေကွက်အား ယနေ့အချိန်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်း မရှိပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၆၊ မြေကွက်အမှတ် – ၅၂၁ (ခ)၊ ဦးလှဝင်းအမည်ပေါက် နှစ် (၆၀) ဂရန်မြေ၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၄)လမ်း၊ အိမ်အမှတ်– ၅၂၁(ခ)ဟုခေါ်တွင်သော အာရ်စီနှစ်ထပ်တိုက်အိမ်နှင့်ပတ်သက်၍**

**အများသိစေရန်ကြေညာခြင်း**

အထက်ခေါင်းစဉ်ပါ မြေနှင့်အိမ်ကို ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်မျိုးမြင့်ခိုင် [၁၂/စခန (နိုင်) ၀၀၃၇၆၇]နှင့် ဒေါ်သုနန္ဒီစိုး [၁၂/ကမရ (နိုင်) ဝ၆၁၁၈၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ဤသတင်းစာကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးခင်မောင်ဦး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ ( စဉ် –၉၇၂၉)**
**ဝေဠုဝန်လမ်း၊ ကုန်းတလပေါင်းကျေးရွာ ၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၄၉–လမ်း၊ အမှတ်(၁၂၂/၁၂၄)၊ ၆–လွှာ(A)၊ (တိုက်ကို မျက်နှာမူလျှင် ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂ပေခွဲx ၆၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်ဘ [၁၁/စတန(နိုင်) ၀၀၂၁၅၈]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စန္ဒာမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၅၂၈)**
**အမှတ်(၁၅)၊ ဦးဝိစ္ဆာလမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။**
**ဖုန်း– ၀၉–၇၈၇၂၀၀၆၀၄၊ ၀၉–၉၆၆၂၈၅၉၃၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၄ (ရွှေသံလွင်)၊ မြေကွက်အမှတ်– ၄၅၊ ဧရိယာ (၂.၉၁၇) ဧက၊ မြေကွက်တည်နေရာ အမှတ် (၄၅)၊ မေခလမ်း၊ အပြင်ပဒံကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဒေါ်မြင့်မြင့် [၁၃/သပန (နိုင်) ၀၅၆၇၅] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့် [၁၃/သပန(နိုင်)၀၅၆၇၅] ကိုယ်တိုင်မှ နှစ်(၆၀) ဂရန်မူရင်းသည် ၎င်း၏ လက်ဝယ်တွင် သိမ်းဆည်းထားရာမှ သိမ်းဆည်းလွန်ပြီး ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါ ဂရန်မူရင်းအား အခြားသူသို့ရောင်းချ ပေါင်နှံပေးကမ်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၁ နှင့် ၅)**
**ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံးတော်၌**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၆၄**

| | | |
|---|---|---|
| မန်နေဂျာ | နှင့် | ၁။ ဦးရဲနိုင် |
| မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၃) | | ၂။ ဒေါ်ဝင်းသီတာ |
| ရန်ကုန်မြို့ | | |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅) ရပ်ကွက်၊ ပုလဲရတနာလမ်း၊ အမှတ်(၂၃၃)နေ (၁)တရားပြိုင် ဦးရဲနိုင်နှင့် (၂)တရားပြိုင် ဒေါ်ဝင်းသီတာ(အတူနေသူများ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၃)၊ ရန်ကုန်မြို့က “မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)၊ ရန်ကုန်မြို့မှ ရရန်ရှိသော MEB MSME Loan (CGI) အရင်းအတိုး နောက်ကျကြေးချေးငွေကျပ် (၁၃၆၄၉၇၀၀.၀၄) (ကျပ်တစ်ရာသုံးဆယ့်ခြောက်သိန်း လေးသောင်းကိုးထောင့်ခုနစ်ရာနှင့် လေးပြားတိတိ)အတွက် ရလိုမှု”နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၁ နာရီအချိန်တွင် အထက်က အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲဟန်ဇော်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၅) ရပ်ကွက်၊ ရတနာ(၂)လမ်း၊ အမှတ်(၁၀၁၈/ခ)ဟု ခေါ်တွင်သော (အလျား ၁၀ပေx အနံ ၆၀ပေ)ရှိ စလစ်မြေကွက်နှင့် ယင်းအိမ်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုလက်ရှိပိုင်ဆိုင်ထားသူဖြစ်သော ဦးကျော်ဇင်ဝင်း [၁၂/စခန(နိုင်) ၀၄၉၄၀၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်ကျင်ရွှေ [၃/ဘအန(နိုင်) ၀၂၁၂၈၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ မည်သူမဆို (၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးစုကြည် (LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၈၆)**
**ဖုန်း– ၀၉–၄၃၁၇၁၆၅၉**

**အများသိစေရန်ကြေညာချက်**

၁။ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်းသွယ်၊ အမှတ် (၉၇/ည)၊ မြေကွက်အမှတ်(၈၈E/၁.ခ)နှင့် (၈၇B/ခ) (၂)ကွက်ပေါင်းမြေကွက်ပေါ်တွင် (၃)ထပ်တိုက် (Hip Roof)(Lift ပါ)(မိသားစုနေအိမ်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနမှ ထုတ်ပေးထားသည့် ဦးလူဖေဝင်း အမည်ပေါက် မြေတိုင်းရပ်ကွက်အမှတ်(၃၆.D)၊မြေကွက်အမှတ်(၈၈E/၁)နှင့် မြေတိုင်းရပ်ကွက်အမှတ်(၃၆.E)၊ မြေကွက်အမှတ်(၈၇.B) တို့၏ နယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံ(D-Map)များ၊ မြေကွက်အမှတ်(၈၈E/၁.ခ)နှင့် (၈၇B/ခ)တို့အတွက် ခွဲစိတ်တိုင်းတာသည့် မြေပုံများတင်ပြ၍ ဦးလူဖေဝင်းထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်ကြေညာစာချုပ်ဖြင့် ပိုင်ဆိုင်ထားသူများဖြစ်သည့် ဒေါ်တင်တင်ဝင်း (ခ)ဒေါ်တင်တင်အေး၊ ဒေါ်စိန်စိန်လင်း(ခ)ဒေါ်စန်းမြ၊ ဦးစိန်သင်း(ခ)ဦးစိန်မြ၊ ဦးသော်ဇင်ဦး၊ မခိုင်ဆုစံ တို့ထံမှ မြေကွက်အမှတ်(၈၈E/၁)၏ တစ်စိတ်တစ်ပိုင်းနှင့် မြေကွက်အမှတ်(၈၇.B)၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် (၈၈E/၁.ခ)နှင့် (၈၇B/ခ)တို့အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူထားသည့် ဝေါင်ချိန်ဟိုင်(ခ)ဝေါင်တာဝိုင်(ခ)ဦးအောင်ဝင်း(၁၂/လသန(ဧည့်)၀၀၁၂၂၉)မှ တင်ပြလျှောက်ထားလာခြင်းဖြစ်ပါသည်။

၂။ အပိုဒ်(၁)ပါ ဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာ(၃)လမ်းနေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးမျိုးမြင့် (၁၂/ဒလန(နိုင်)၀၁၈ရ၀၃) နှင့် ဒေါ်ကျင်မြင့် (၁၂/ဒလန(နိုင်)၀၀၂၁၀၅)ကိုင်ဆောင်သူတို့၏သားဖြစ်သူ ဦးမြင့်လွင်(၁၂/ဒလန(နိုင်)၀၀၀၂ရ၃)သည် မိဘများ၏ပြောဆိုဆုံးမမှုအားနားမထောင်ဘဲ မိဘများအားအကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်စန်းစန်းမော် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၆၄၈ရ/၉ရ)
အမှတ်–၅၀၊ပ–ထပ်၊အခန်း (D-2)၊ ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၉၃၈၈၄

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၅)လမ်း၊ မြေကွက်အမှတ်(၂၇၀) ပေါ်တွင်ဆောက်လုပ်ထားသော RC တိုက်အမျိုးအစား၊ မြေညီအပါ (၆)ထပ်တိုက်၏ စတုတ္ထထပ် (၅)လွှာဟုခေါ်တွင်သော (အလျား ၁၂.၅ပေ x အနံ ၅၀ပေ) အကျယ်အဝန်းရှိ (ခြေရင်းခြမ်း) နေအိမ်တိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါ နေအိမ်တိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ **ဦးဇော်မျိုးထိုက် [၁၂/မရက(နိုင်) ၁၁၉၃၃၇]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်နှင်းနုအောင်**
**[၁/မညန(နိုင်)၁၄၀၆၁၉]**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရည်မွန်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် – ၅၀၆၁၂)**
**အမှတ်(၃၈၈)၊ ပျဉ်းမမြိုင်လမ်း၊ (က)ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၄၈၂၈၈၃၁၈၊ ၀၉–၉၇၉၄၇၀၄၄၈**

**ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့ နယ်၊ အမှတ်(၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်းတွင် တည်ရှိသော အမှတ်(၂၁၀/၂၁၂) ဟုခေါ်တွင်သော ပထမထပ်(ယာဘက်ခြမ်း) (အလျား ၂၅ပေx အနံ ၆၀ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများ၊ ဆောင်ရွက်ခြင်းမပြုရန်အတွက် အများသိစေရန် အသိပေးကြေညာခြင်း**

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းငွေ[၁၂/ကတတ(နိုင်) ၀၀၆၆၈၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာပါသည်–

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကွယ်လွန်သူများဖြစ်ကြသော ဖခင် ဦးသောင်းငွေနှင့် မိခင် ဒေါ်မြမြဦးတို့မှ တရားဝင်ဝယ်ယူထားရှိပြီး ပိုင်ဆိုင်သောတိုက်ခန်းဖြစ်ပါသည်။

ဦးသောင်းငွေနှင့် ဒေါ်မြမြဦးတို့တွင် သားကြီးဖြစ်သူကျွန်ုပ်တို့မိတ်ဆွေ ဦးထွန်းထွန်းငွေနှင့် သမီးဖြစ်သူ ဒေါ်စုစုငွေတို့ (၂)ဦးသာထွန်းကားခဲ့ပြီး အခြားအမွေစားအမွေခံ သားသမီး တစ်ဦးတစ်ယောက်မျှမရှိပါသဖြင့် အဆိုပါတိုက်ခန်းသည် (၂)ဦးပိုင်အမွေဆိုင်တိုက်ခန်းဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးထွန်းထွန်းငွေ၏ သဘောတူညီမှု၊ ခွင့်ပြုမှုများမရရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း စသည့်ကိစ္စရပ်များကို ဆောင်ရွက်ခြင်းမပြုရန်အတွက် လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးကြည်လင်းထွဋ်** | **ဦးသန်းစိုးထွန်း** | **ဒေါ်နီလာခိုင်** |
| **LL.B,D.B.L,D.M.L,D.I.L** | **LL.B,D.B.L,WIPO,D.L.P(Swit)** | **LL.B,D.B.L,WIPO,D.L.P(Swit)** |
| **(စဉ်–၁၂၂၀၂)** | **(စဉ်–၈၁၇၀)** | **(စဉ်–၁၂၄၃၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်– ၆၂(ပထမထပ်)၊ အခန်း(၁၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-5173968**

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၄၁/တ/၁၅ ရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ်–(၁၆၁၀/ခ)ဟုခေါ်တွင်သော အိမ်ခြံမြေ ပေ (၂၀x၆၀)နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ မြဂိုးရပ်ကွက်တွင် နေထိုင်သော မနီလာရွှေ မှတ်ပုံတင်အမှတ် [၁၂/တတန(နိုင်) ၂၂၂၁၄၉] ကိုင်ဆောင်သူ ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၄၁/တ/ ၁၅–ရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ်–၁၆၁၀(ခ) ဟုခေါ်တွင်သော အိမ်ခြံမြေ ပေ(၂၀x၆၀)နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဦးဇော်မင်း (A/RGN– ၀၁၉၅၇၀)ထံမှ အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်၍ ယခုတွင် လက်ရောက်ရရှိပိုင်ဆိုင်ထားသူ ဦးဇော်ဌေး [၉/ညဥန(နိုင်) ၂၁၆၄၈၁]ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ဈေးနှုန်းညှိနှိုင်းပြောဆိုပြီးနောက် အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်စာချုပ်အား (၆–၁၂–၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ပြုလုပ်ချုပ်ဆိုကြမည်ဖြစ်ပါသည်။ ထိုသို့ ဝယ်ယူသူ ကျွန်ုပ်မိတ်ဆွေနှင့် ရောင်းချသူ ဦးဇော်ဌေးတို့ အရောင်းအဝယ်ပြုလုပ်ကြမည့် အထက်လိပ်စာပါ အိမ်ခြံမြေနှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါက ထိုအိမ်ခြံမြေ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းများမရှိပါက အိမ်ခြံမြေတန်ဖိုးငွေကျပ်ကို တစ်လုံးတစ်ခဲတည်းပေးချေ၍ အိမ်ခြံမြေ အပြီးသတ် အရောင်းအဝယ်ကို လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးခင်ဇော်ထွန်း (LL.B.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၆၉၉)**
**အမှတ်–၆၁၁(က)၊ ရတနာသီရိလမ်း၊ ၈၂/ ၃၃/ ၁၀–ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ ဖုန်း– ၀၉–၄၂၀၀၂၉၈၇၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ငွေသန်းဝင်းရွာ၊ ငွေသန်းဝင်း(၆)လမ်း၊ အမှတ်–၇၇၊ အကျယ်အဝန်း ရှေ့မျက်နှာစာ အလျား(၁၃)ပေ၊ ဘေး(၂)ဖက်၊ အနံ (၈၇)ပေ၊ နောက်ဘက် အလျား (၉)ပေရှိ မြေကွက်ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ **ဒေါ်ရတနာသီရိခိုင် [၁၂/ဗဟန (နိုင်)၁၀၃၂၅၉]**က အရှုပ်အရှင်း အပေါင်အနှံ ကင်းရှင်းကြောင်း၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ကျွန်ုပ်၏ မိတ်ဆွေထံ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ယုံကြည်လက်ခံသဘောတူညီသည့်အတွက် ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်စပ်လျဉ်း၍ ပိုင် ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စန္ဒာဌေး(LL.B)** | **ဦးအောင်ကျော်ဦး(LL.B, D.B.L, D.I.L)** |
| **(စဉ်–၂၄၈၄၉)** | **(စဉ်–၅၅၇၄၂)** |

**အထက်တန်းရှေ့နေများ**
**အမှတ်–၅၀၊ ဘဏ်လမ်း၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၇၆၄၃၁၂၁၉၄၊ ၀၉–၉၇၀၉၆၇၄၅၄**

## အများသိစေရန် တားမြစ်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် (၂၁/ဘီ)၊ ၅–လွှာ၊ ကန်ထရိုက်တိုက် အဆောက်အဦ၏ မြေညီထပ်တိုက်ခန်းသည် မြေပိုင်ရှင် (၃)ဦးအနက် ဦးထွန်းလှိုင်၏ ဇနီး ဒေါ်တင်တင်မြင့် [၇/ကပက(နိုင်)၁၀၃၀၇၄]က ပိုင်ဆိုင်ပြီး ဒေါ်တင်တင်ဝင်း [၁၂/မရက(နိုင်) ၁၁၄၇၂၆]အား စာချုပ်များဖြင့် လွှဲအပ်ထားရာ ဒေါ်တင်တင်မြင့်၏ သဘောတူခွင့်ပြုချက်မရဘဲ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းစသည်တို့ကိုပြုလုပ်ခွင့်မရှိပါကြောင်း တားမြစ်ကြေညာအပ်ပါသည်။ လုပ်ဆောင်ပါက လုပ်ဆောင်သူများ၏ တာဝန်သာဖြစ်ပါသည်။ ကန့်ကွက်လိုပါက သတင်းစာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်တင်တင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **စစ်ကိုင်း– ဦးငွေသန်း (LL.B)** | **ဦးမျိုးမျိုး (LL.B, D.B.L )** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၂၇၇၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၄၀၈)** |
| **ဖုန်း– ၀၉–၄၂၁၀၇၆၅၉၂** | **ဖုန်း– ၀၉–၄၄၅၉၈၁၂၉၃၃** |

**အမှတ် (၁၉၇)၊ ထွန်းရွှေဝါလမ်း၊ (၁၁/၁)ရပ်ကွက်၊ (ရွှေပေါက်ကံ)**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၈၀/E)နေ ဦးတင့်ဖြိုး [၁၂/ဗဟန(နိုင်)၀၉၀၅၇၉]နှင့် (ဒေါ်ရင်စော) [၁၂/ဗဟန(နိုင်)၀၉၀၅၈၀]တို့၏ သားသမီး(၄)ဦးအနက် အကြီးဆုံးသားဖြစ်သူ ဦးကျော်စွာဖြိုး [၁၂/ကမရ(နိုင်)၀၅၀၁၈၆]သည် မိသားစုအရေးကိစ္စအား ဖခင်၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ဦးကျော်စွာဖြိုးနှင့် ပတ်သက်ဆက်နွှယ်သော စီးပွားရေး အရှုပ်အရှင်း၊ ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း ဦးကျော်စွာဖြိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)**
**ဦးတင့်ဖြိုး**
**[၁၂/ဗဟန(နိုင်)၀၉၀၅၇၉]**

## သမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဘ) ဦးယူနွတ်စ်(ခ)ဦးမြအောင်၊ (မိ) ဒေါ်မြစိန်တို့၏ သမီးငယ် မအိအိအောင် [၁၂/မဂတ(နိုင်)၀၈၂၂၉၅]သည် မိဘများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၂၃–၁၁–၂၀၂၄(စနေနေ့)မှစ၍ သမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးယူနွတ်စ်(ခ)ဦးမြအောင် [၁၂/မဂတ(နိုင်)၀၇၈၇၆၇]**
**ဒေါ်မြစိန် [၁၂/မဂတ(နိုင်)၀၅၆၂၂၀]**

## ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတား၊ လမ်း ဒါယကာကြီး

## ဦးမိုးဇော်

**MD, Moe Myinmoe Company Limited**

**Golden Bakery International Limited**

**Lin Min Thu Company Limited**

## အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၂)၊ မေခလမ်း၊ မရမ်းကုန်းမြို့နယ်နေ (ဦးမိုးကျော်–ဒေါ်ခင်ဆွေရီ)တို့၏သား၊ (ဦးနေဝင်း–ဒေါ်ခင်မေသန်း)တို့၏ သားသမက်၊ ဒေါက်တာ ကြေးမုံဝင်း ၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်အင်ကြင်းဇော်–Joseph Gelfand၊ ဦးမြင်းမိုရ်ဇော်တို့၏ ချစ်လှစွာသော ဖခင်၊ မိုးသိဒ္ဓိ၊ Nila Gelfand–Zaw တို့၏ အဘိုး၊ (ဒေါ်ကေသွယ်)၊ ဦးမြင့်စိုးနိုင်–(ဒေါ်မေသက်နွယ်)၊ (ဦးဝင်းဦး)–ဒေါ်ခိုင်စုဝင်း၊ ဦးမိုးညွန့်–ဒေါ်ကုမာရီ၊ (ဦးဘုန်းဇော်)–ဒေါ်နီနီကျော်စိန်၊ ဒေါ်သန်းနွယ်အေး၊ ဦးသန့်–ဒေါ်ခင်ဥမ္မာကျော်၊ ဦးဝင်းမိုး–ဒေါ်ခင်စုဝေတို့၏ မောင်/အစ်ကို ဦးမိုးဇော်သည် ၂၄–၁၁–၂၀၂၄(တနင်္ဂနွေနေ့) နံနက် ၃:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၆–၁၁–၂၀၂၄(အင်္ဂါနေ့)တွင် UAE နိုင်ငံ Abu Dhabi မြို့၌ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကြည်း/၄၃၉၂ ဗိုလ်မှူး ကျော်စွာလင်း(ငြိမ်း)

## အသက်(၃၉)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကြာအင်းကျေးရွာနေ ဦးလှဝင်းခိုင်–ဒေါ်အေးအေးမာ တို့၏ သားကြီး၊ ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နေ (ဦးစံထူး)–ဒေါ်ရွှေစင်လတ် တို့၏ သားသမက်၊ မော်လမြိုင်မြို့၊ ရိုးဂိုးကျေးရွာ၊ ရိုးဂိုးဘုရားလမ်းဝနေ မသဲစုစုစံ၏ခင်ပွန်း၊ မနန်းသက်ထင်၊ မနန်းလင်းလက်သာတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၃–၁၁–၂၀၂၄ ရက် ညနေ ၅:၃၅ နာရီ တွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပြီးဖြစ်၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉–၁၁–၂၀၂၄ (သောကြာနေ့) နံနက် ၁၀:၃၀ နာရီတွင် အထက်ပါနေအိမ်သို့ ဘုရားအမှူးပြုသောသံဃာတော်အရှင်သူမြတ်တို့အား ရက်လည်ဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသောကြောင့် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအားလုံး လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ကင်တီ(ခ)တိန်ကင်တေ

### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်း၊ ၂၂၇–နေ (ဦးဘိုးလှ–ဒေါ်ယု)၏ သမီး၊ (ချွာလျန်ဟွား–ဒေါ်လင်အာလန်)တို့၏ ချွေးမ၊ ဦးပွေတစ်(ခ)ဦးမောင်ဝင်း၏ ချစ်လှစွာသော ဇနီး၊ ဦးကျော်မင်းတင့်၊ ဒေါ်ယုယုလွင်–ဦးမြင့်ထွန်းထူး၊ ဒေါ်အေးသူဇာ၊ ဒေါ်ရီရီဝင်း–ဦးမြင့်သိန်းစိုးတို့၏ မွေးမိခင်၊ မောင်ဘုန်းသီဟထက်၊ မအိမ့်ချိုးစျာန်တို့၏ အဘွားသည် ၂၅–၁၁–၂၀၂၄ရက် နံနက် ၁၁:၅၈ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၂၇–၁၁–၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀:၁၅ နာရီတွင် ထွက်ခွာမည်ဖြစ်ပါသည်။) [ကွယ်လွန်သူအားရည်စူး၍ ၁–၁၂–၂၀၂၄(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင်ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၂)၊ မြေကွက်အမှတ်(၃၉)၊ မြေကွက်တည်နေရာအမှတ်(၃၉)၊ သုဒဿန(၁)လမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်နုစိန် [၁၂/သဃက(နိုင်)၀၂၁၈၄၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်နုစိန်သည် (၁၆–၇–၁၉၉၉)ရက်နေ့တွင်လည်းကောင်း၊ (ဖခင်)ဦးခင်မောင်ရင်သည် (၁၇–၁၀–၂၀၀၅)ရက်နေ့တွင် လည်းကောင်း သား/သမီး(၆)ဦးရှိသည့်အနက် (သား) ဦးကျော်တင့်သည် (၁၅–၈–၁၉၉၀) ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ကျန်သား/သမီးများဖြစ်ကြသော ဦးကျော်မြင့် [၁၂/သဃက(နိုင်)၀၂၁၄၆၈]၊ ဒေါ်ခင်မိကျော် [၁၂/သဃက(နိုင်)၀၂၀၈၉၉]၊ ဒေါ်ရင်မိကျော် [၁၂/သဃက(နိုင်)၀၂၀၈၉၈]၊ ဒေါ်သင်းမိကျော် [၁၂/သဃက(နိုင်) ၀၂၁၈၄၄]နှင့် ဦးကျော်မျိုးအောင်[၁၂/သဃက(နိုင်) ၀၂၀၃၇၀]တို့မှ တရားဝင် သား/သမီးများဖြစ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံမည့်သူ မရှိကြောင်း ကျမ်းကျိန်လွှာအမှတ်–၄၁၈၈/၁၄–၁၀–၂၀၂၄၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း၊ ဦးကျော်တင့်(ကွယ်လွန်)၏ သေစာရင်းမိတ္တူမှန် ထုတ်ပေးခြင်းမပြုနိုင်ကြောင်း၊ တိုင်းကျန်းမာရေး ဦးစီးဌာန၏ အကြောင်းကြားစာ၊ ရပ်ကွက်/မြို့နယ် ထောက်ခံစာတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဟာဂျီ ဦးတင်ရွှေ(ခ)ဟာဂျီ ကမားလ်ရှား

**(ပိုလိုဆေးတိုက်နှင့် ပိုလိုတည်းခိုရိပ်သာ)**

**ဦးသျှောင်နာယကကြီး**

**မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်(မ.အ.ဖ)ဌာနချုပ်**

**မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ် (ငြိမ်း)**

### အသက်(၉၀)နှစ်

ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၂၄၀)နေ (ဟာဂျီမ ဒေါ်ခင်မာကြည်)၏ ခင်ပွန်းဖြစ်သူ ဟာဂျီ ဦးတင်ရွှေ(ခ)ဟာဂျီကမားလ်ရှား (ဦးသျှောင်နာယကကြီး မ–အ–ဖ ဌာနချုပ်)သည် ၂၂–၁၁–၂၀၂၄ ရက်တွင် အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်**

**(မ–အ–ဖ)ဌာနချုပ်**

---

### "အများသိစေရန် ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်အမှတ်–၁၊ မြေတိုင်းရပ်ကွက်အမှတ်–၁၊ အနော်မာနောက်(၇)လမ်း၊ မြေကွက်အမှတ်–(၃၀၆–ခ)၊ ဧရိယာ အလျား(၂၀)ပေxအနံ(၆၀)ပေရှိ အမည်ပေါက်ဒေါ်စိန်စိန် ပိုင်ဆိုင်သော နှစ်(၆၀)မြေငှားဂရန် ထဲမှ (လမ်းဘက်မှ မျက်နှာမူလျှင် ညာဘက်ခြမ်းရှိ)ဧရိယာ အလျား(၁၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်ခွဲ အဆောက်အဦအပါအဝင် ရေမီးစုံပါဝင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား** ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးအောင်ဇော်ဦး[၁၂/သကတ(နိုင်)၂၂၁၈၉၀]**သည် (၂၅–၁၁–၂၀၂၄)ရက်နေ့မှစ၍ ဥပဒေနှင့်အညီ အပြီးအပိုင်ဝယ်ယူကာ လက်ရှိထား ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ မည်သူတစ်ဦးတစ်ယောက်မှ ဦးအောင်ဇော်ဦး၏ သဘောတူခွင့်ပြုခြင်းမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ တစ်နည်းနည်းဖြင့် အကျိုးခံစားခြင်းများကို ဥပဒေနှင့်အညီမဟုတ်ဘဲ ပြုမူဆောင်ရွက်လာပါက ကျွန်ုပ်၏မိတ်ဆွေ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မှ တည်ဆဲဥပဒေအရ တရားစွဲဆိုသွားမည်ကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဇော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ရည်မွန်ဇော်(LL.B)**

**အထက်တန်းရှေ့နေ( စဉ်–၅၅၇၈၂)**

**အမှတ်–၅၉၊ ဒုတိယထပ်၊ ငမိုးရိပ်(၁၀)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း–၀၉–၉၄၀၈၁၈၀၀၀**

---

### ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ လုပ်သားလမ်းသွယ်၊ ခြံအမှတ်(၁၅)၊ အကျယ်အဝန်း (၁၅x၆၀)ပေဟုခေါ်တွင်သည့် မြေကွက်နေအိမ် အဆောက်အအုံ အရောင်းဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ မြေကွက်နေအိမ်အဆောက်အအုံ၏ တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသူ **ဒေါ်ပန်းအိဖြူ [၉/ခအဇ(နိုင်)၀၃၈၅၉၅]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် မြေကွက် နေအိမ် အဆောက်အအုံ တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက် အဆောက်အအုံအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက်ကျော်လွန်ပါက မြေကွက် နေအိမ်အဆောက်အအုံ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အပိုင်ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ဘော် (စဉ်– ၄၀၃၅)**

**LL.B, DBL, DML, DIL, DLP**

**ဒေါ်အေးအေးစိုး (စဉ်– ၅၈၂၇)**

**B.Sc, Hon (IC), HGP, R.L, D.B.L.**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း (LL.B) (စဉ်– ၅၀၅၂၂)**

**အထက်တန်းရှေ့နေ**

**အမှတ် (၂၇)၊ ၁၂၁–လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**Tel: 294766 HP: 09–501 7044**

---

### "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသသဝတီလမ်း၊ အမှတ်(၄၀၆) ဟုခေါ်တွင်သော (၃)ခန်းတွဲ (၅)ထပ်တိုက်ရှိ စတုတ္ထထပ်(၅–လွှာ)(ခြေရင်းခြမ်း)၊ အကျယ်အဝန်း (၁၂. ၅ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်သီဟအေး [၉/လဝန(နိုင်)၀၂၃၀၆၉ ]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်လင်းကို [၁၂/ရကန(နိုင်) ၀၈၀၁၅၃]က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ်ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သက်သက်လှိုင် (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၆၀၆)**

**အမှတ်–(၂၈၂)၊ မင်းခေါင်–၁လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဖုန်း–၀၉–၄၂၁၁၃၁၉၀၂**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်–၈၈၉၊ မြေကွက်တည်နေရာအမှတ်(၈၈၉)၊ သီလလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်မာမာဟန်(J/RGN–023106)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဒေါ်မာမာဟန်[၁၂/ဥကတ(နိုင်)၀၄၃၀၅၁] ကိုယ်တိုင်မှ ရေစိုချိုကိုက်ပျက်စီးဂရန်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ(၉၇၂/၂၀၂၄/၂၀–၆–၂၀၂၄)၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ obj၊ ဝန်ဆောင်ခတို့တင်ပြ၍ ရေစိုချိုကိုက်ပျက်စီးဂရန်မူရင်းတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### သွေးသည် အသက်

---

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်(၉၁)ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော (၂)ခန်းတွဲ (၆ ထပ်တိုက်) အဆောက်အဦ၏ (၄ လွှာ/B)ဟုခေါ်တွင်သည့် တတိယထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ½'x၅၀')ရှိ တိုက်ခန်း(၁)ခန်း၊ ယင်းတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်လျှန်ချူးငီး [၅/ကလထ(နိုင်)၁၀၇၉၀၇] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခိုင်ဇာလွင်**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၀၈)**

**အမှတ်–၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၄၃၁၄၄၆၆၇**

---

### မူးယစ်ကိုပစ်

### ပန်းတိုင်သစ်

### စိတ်သစ်

### လူသစ်

### ဘဝသစ်

---



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

# ASEAN Cup ပြိုင်ပွဲလက်ခံကျင်းပမည့်ကွင်းများ အတည်ပြုထုတ်ပြန်



မြန်မာအသင်း အိမ်ကွင်းလက်ခံကစားမည့် သုဝဏ္ဏကွင်းကို တွေ့ရစဉ်။

ရန်ကုန် နိုဝင်ဘာ ၂၆

အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ၂၀၂၄ ASEAN Cup ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ လက်ခံကျင်းပမည့်ကွင်းများကို အတည်ပြုထုတ်ပြန်လိုက်ပြီဖြစ်သည်။

ယင်းပြိုင်ပွဲကို ဒီဇင်ဘာ ၈ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ငါးသင်းနှစ်အုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် လက်ရှိချန်ပီယံ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ တီမော၊ အုပ်စု (B) တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မြန်မာနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲဝင်အသင်းများအနက် တီမောအသင်းသာ အိမ်ကွင်းပွဲများကို ဗီယက်နမ်နိုင်ငံရှိ Hang Day ကွင်း၌ လက်ခံကစားမည်ဖြစ်ပြီး ကျန်ကိုးသင်းမှာမူ စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❐


**ယနေ့ ဖတ်စရာ**

**မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ငွေကျပ် ၁၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၃၂ ကီလိုကျော်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၁ သိန်းကျော် သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**အင်းတော်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးနေသည်ဟု သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၆




## အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် နိုဝင်ဘာ ၂၆

**အားကောင်းသောမုန်တိုင်းငယ်အခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၇၇၀ ခန့်၊ စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❍

## နယူးကာဆယ်အသင်းရဲ့ အိမ်ကွင်း၌ ဝက်စ်ဟမ်းအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၁၂)ရဲ့ နောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၆ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ နယူးကာဆယ်အသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်မှာ ဝက်စ်ဟမ်းအသင်းက နယူးကာဆယ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။



နယူးကာဆယ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ဝက်စ်ဟမ်းအသင်းက ပထမပိုင်းပွဲကစားချိန် ၁၀ မိနစ်မှာ သောမက်ဆူဆက်ရဲ့သွင်းဂိုး၊ ဒုတိယပိုင်းပွဲကစားချိန် ၅၃ မိနစ်မှာ ဘစ်ဆာကာရဲ့ သွင်းဂိုးတွေရရှိခဲ့လို့ အိမ်ရှင် နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဝက်စ်ဟမ်းအသင်းအတွက် ဦးဆောင်ဂိုးစတင်သွင်းယူပေးနိုင်ခဲ့တဲ့ မက်ဆူဆက်ဟာ ယခု ဘောလုံးရာသီမှာ ဝက်စ်ဟမ်းအသင်းနဲ့အတူ တတိယမြောက်သွင်းဂိုး သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဝက်စ်ဟမ်းအသင်းအနေနဲ့ နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၁၂ ပွဲမှာ လေးပွဲမြောက်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပြီး ရမှတ် ၁၅ မှတ်နဲ့ စာမျက်နှာ ၂၄ ကော်လံ ၆ သို့ ❂